ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကိုရှောင်ကြဉ်**

ပြစ်မှားလိုသောစိတ်ဖြင့် ပြုခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံ အကုသိုလ်မကောင်းမှုတို့သည် ဘယ်သောအခါမှ မပျောက်ပျက်သွားကုန်။ လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့သာ အစဉ်လိုက်သကဲ့သို့ ဆင်းရဲသည် ထိုသူနောက်သို့ အစဉ်လိုက်၏။ ထို့ကြောင့် မကောင်းမှု မှန်သမျှကို ဝေးစွာရှောင်ကြဉ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁)

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ 24, Friday June 2016 (၈၆၀၂)



## အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၈

# ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဟု ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြား

**ဗန်ကောက် ဇွန် ၂၃**

မိမိတို့ နိုင်ငံသူ နိုင်ငံသားများအားလုံး ထိုင်းနိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**



ထိုင်းနိုင်ငံ မဟာချိုင်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# ကြံဆဖော်ဆောင်ရမည့် ခြေလှမ်းသစ်များ

ကိုလိုနီခေတ် ကိုလိုနီနိုင်ငံတစ်နိုင်ငံ၏ ကိုလိုနီလက္ခဏာရပ်များကို ပိုင်းခြားဖော်ပြရာ၌ ပြည်ပနိုင်ငံများသို့ ကုန်ကြမ်းများသာတင်ပို့နိုင်ခြင်း၊ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ လုံလောက်သောအင်အားမရှိ၍ စက်မှုထုတ်ကုန်မှန်သမျှ ပြည်ပမှတင်သွင်းရခြင်း၊ တစ်ဖက်သတ်မှီခိုရသော အနေအထားရှိခြင်း စသည်တို့ကို ရည်ညွှန်းဖော်ပြသည်ကိုတွေ့ရပါသည်။ တိုင်းပြည်၏ လက်ရှိအနေအထားကို သုံးသပ်ပါက ဤလက္ခဏာရပ်များမှ လုံးလုံးလျားလျား မလွတ်ကင်းသေးသည်ကို တွေ့ရှိရပါသည်။ တိုင်းပြည်က တင်ပို့နိုင်သော စက်မှုထုတ်ကုန်ဟူ၍ မည်မည်ရရမရှိသေးသည်မှာလည်း ပကတိလက်တွေ့အနေအထားဖြစ်ပါသည်။ တိုင်းပြည်၏ လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော ပြည်တွင်းစစ်နှင့် ၁၉၆၂ ခုနှစ်မှစတင်သော အလွဲလွဲအချော်ချော် စီးပွားရေးစီမံခန့်ခွဲမှုတို့သည် တိုင်းပြည်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ဖန်တီးခဲ့ပါသည်။ ကုန်လွန်ခဲ့သော တိုင်းပြည်၏ သမိုင်းအပေါ် ကြေကွဲဝမ်းနည်းနေရုံမျှဖြင့် တိုင်းပြည်၏ အနာဂတ်ကို မဖန်တီးနိုင်သည်ကို နှလုံးသွင်းရန်လည်း လိုအပ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားသွားသကဲ့သို့ သူများနိုင်ငံတစ်လှမ်းလှမ်းပါက ကိုယ့်နိုင်ငံအနေဖြင့် ဆယ်လှမ်းလှမ်းနိုင်ရန်သာ လိုအပ်ပါသည်။

လိုအပ်ချက်အနန္တတို့ဝိုင်းရံထားသလိုဖြစ်နေသော တိုင်းပြည်၏ လက်ရှိအနေအထားမှဖောက်ထွက်ရန် ပုံသေနည်းကျမဟုတ်သော တီထွင်ကြံဆထားသည့် အကြံဉာဏ်တို့ လိုအပ်ပါသည်။ တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်က တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်၌ ကမ်းရိုးတန်းဒေသအချို့တွင် အရင်းရှင်စနစ်ကို အကန့်အသတ်ဖြင့် ခွင့်ပြုခဲ့ပါသည်။ ဤနည်းဖြင့် တရုတ်နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာပါသည်။ သို့သော် ခြောက်ပြစ်ကင်းသဲလဲစင် ဖွံ့ဖြိုးတိုးတက်မှုမဟုတ်သည်မှာ ထင်ရှားပါသည်။ တရုတ်နိုင်ငံသည် ဤဖွံ့ဖြိုးတိုးတက်မှုပုံစံနှင့်အတူ ယှဉ်တွဲမွေးဖွားလာသော ပြဿနာရပ်များအား ဖြေရှင်းနိုင်ရန် ယနေ့အချိန်အထိ ကြိုးပမ်းနေရဆဲဖြစ်ပါသည်။ တင်ပြလိုသည်မှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ခြောက်ပြစ်ကင်းသဲလဲစင် အနေအထားမျိုးမရှိသည်ကို ချင့်ချိန်နှလုံးသွင်းရန်ဖြစ်ပါသည်။ တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ ဖြစ်စေ၊ နိုင်ငံစီးပွားရေး၏ကျောရိုးဟုပြောလေ့ရှိသည့် အသေးစားအလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ဖြစ်စေ ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေ၊ အတတ်ပညာနှင့် စီမံခန့်ခွဲမှုစျေးကွက်တို့ လိုအပ်သည်ကို ပညာရှင်တို့က ထောက်ပြပြီးဖြစ်ပါသည်။ တိုင်းပြည်အနေဖြင့် ဤလိုအပ်နေသောကိစ္စရပ်များ ဖြည့်ဆည်းပေးရန် မည်သို့စီစဉ်ဆောင်ရွက်ရမည်ကို ကြံဆဖော်ဆောင်ရမည် ဖြစ်ပါသည်။

ဥပမာအနေဖြင့် ချေးငွေကိစ္စကို သုံးသပ်ပါက ဗဟိုဘဏ်၏ အင်္ဂါရပ်များ ပြည့်စုံခိုင်မာမှုမရှိမီ နိုင်ငံခြားဘဏ်များအား ပြည်တွင်းဘဏ်များနှင့်တန်းတူ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ချေးငွေထုတ်ပေးခွင့်မပေးသင့်ဟူသော အစဉ်အလာယုံကြည်ချက်ရှိပါသည်။ ဤနေရာ၌ မေးရမည်မှာ ထိုသို့ဆိုပါက ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေလိုအပ်ချက်များအား မည်သို့မည်ပုံ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် စီမံပေးမည်ဟူသော မေးခွန်းဖြစ်ပါသည်။ တိုင်းပြည်၏ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များ၊ နိုင်ငံခြားဘဏ်များနှင့် ပြည်တွင်းဘဏ်များလေးလေးနက်နက်ညှိနှိုင်းတိုင်ပင်ပါက လက်တွေ့ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ရပ် ပေါ်ထွက်လာမည်ဟု ယုံကြည်ပါသည်။

ဗြိတိန်-ဥရောပသမဂ္ဂခွဲရေး၊ တွဲရေးကိစ္စရပ်၌ တချို့သော ဗြိတိန်ပြည်သူများက ဗြိတိန်နိုင်ငံအတွင်း ရွှေ့ပြောင်းအခြေချလုပ်ကိုင်သော ပြည်ပလုပ်သားများအပေါ် ဗြိတိန်နိုင်ငံက ပေးရသော လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ မကျေမလည်ဖြစ်ကြပါသည်။ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် နိုင်ငံရွှေ့ပြောင်း ပြည်ပလုပ်သားများ ဗြိတိန်နိုင်ငံအတွင်းရောက်ပြီး လေးနှစ်အတွင်း လူမှုဖူလုံရေးခံစားခွင့်မရှိစေရဟူသောအချက်ဖြင့် ဗြိတိန်လူထု၏ စိုးရိမ်ပူပန်မှုကို လျှော့ချသကဲ့သို့ လေးနှစ်သက်တမ်းအလွန် နိုင်ငံရွှေ့ပြောင်းလုပ်သားများအား နေထိုင်သက်တမ်းနှင့်အတူ လူမှုဖူလုံရေးခံစားခွင့်များ တိုးမြှင့်ပေးမည်ဟူသော အာမခံချက်ဖြင့် ဥရောပသမဂ္ဂ၏ လိုက်လျောမှုကို ရယူခဲ့ပါသည်။

တင်ပြလိုသည်မှာ သက်ဆိုင်ရာတာဝန်ရှိသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ၊ လေးလေးနက်နက်တိုင်ပင်ညှိနှိုင်းပါက မည်သည့်ပြဿနာမဆို ဖြေရှင်းနိုင်သော နည်းလမ်းများရှိသည်ဟူသော အချက်ဖြစ်ပါသည်။ တီထွင်ကြံဆသော နည်းလမ်းတို့ဖြင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။



# မြန်မာနိုင်ငံပြည်သူ့ဝန်ထမ်းအကယ်ဒမီတည်ထောင်ရေး အကြံပြုအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံပြည်သူ့ဝန်ထမ်းအကယ်ဒမီတည်ထောင်ရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို Hanns Seidel Foundation နှင့်ပူးပေါင်း၍ နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ**(အောက်ပုံ)** ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် ဂျာမနီနိုင်ငံအခြေစိုက် Hanns Seidel Foundation ဌာနေကိုယ်စားလှယ် Mr. Archim Munz တို့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားတွင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဒေါက်တာဦးပွားနှင့် ဦးစောဗယ်လင်တိုင်း၊ Hanns Seidel Foundation ၊ UNDP နှင့် EU (GOPA) တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်း ကိုယ်စားလှယ် ၄၀ နှင့် ပြည်တွင်း ပြည်ပပညာရှင်များ တက်ရောက်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ၌ ဖွင့်လှစ်မည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီသင်တန်းများနှင့် ပတ်သက်၍ ရည်မှန်းချက်၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များအကြား အပြန်အလှန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဖွင့်လှစ်မည့် ဘွဲ့လွန်ဒီပလိုမာများနှင့် မဟာဘွဲ့အတွက် သင်ရိုးညွှန်းတမ်းများ ပြုစုရေးဆွဲရေးအတွက် နည်းပညာနှင့် လိုအပ်သောအတတ်ပညာများ အကောင်အထည်ဖော်ရေး နည်းလမ်းများကို ဆွေးနွေးသွားမည်ဟု သိရသည်။

စီမံခန့်ခွဲရေးပညာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဥပဒေရေးရာ၊ အင်္ဂလိပ်စာနှင့် ICT နည်းပညာများကို သင်ရိုးညွှန်းတမ်းသစ်တွင် သင်ကြားရန် လျာထားပြီး နိုင်ငံခြားပညာရှင်တချို့က နေပြည်တော်တွင်လည်း ဖွင့်လှစ်နိုင်ရန် အကြံပြုထားကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဝင်းက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများသည် ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ အုပ်စုလိုက် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

## ပြည်တွင်းရေးရာ

# နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံသို့ရောက်ရှိ

**ဗန်ကောက် ဇွန် ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရန် ဇွန် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာ ဆွမ်ကစ်ဒ်ဂျတူ စရီပီတက်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးဝင်းမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ ပီစနုဆူဗန်နာဂျာတာနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြ သည်။**(ယာပုံ)**



ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် မြန်မာသံရုံးသို့ရောက်ရှိပြီး မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းများ နှင့်တွေ့ဆုံကာ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း၊ နေရာတစ်ခုရခြင်းသည် တာဝန် တစ်ခုရခြင်းဖြစ်ကြောင်း၊ သံရုံးဝန်ထမ်းများအား လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အခွင့်အာဏာများ ပေးပြီးဖြစ်သည့်အတွက် အားလုံးတာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပေးထားသည့် အခွင့်အာဏာသည် ကိုယ့်တာဝန် ကိုယ်ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် ပေးထားသည့်အခွင့်အရေးသာဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာသံအမတ်ကြီးမှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ပြီး မြန်မာသံရုံးအဆောက်အအုံသစ်အား ကြည့်ရှု စစ်ဆေးသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံသို့ တရားဝင်ခရီး ထွက်ခွာ

**ရန်ကုန် ဇွန် ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြား ချက်အရ ထိုင်းနိုင်ငံသို့ တရားဝင် ခရီးသွားရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွား သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။**(ယာပုံ)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ခရီးစဉ် အတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်း နိုင်ငံခြားရေးဝန်ကြီး၊ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၊ ထိုင်းတက္ကသိုလ် အသီးသီးမှ ကျောင်းသား ကျောင်းသူ များ၊ Assumption University ရှိ မြန်မာဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသွားမည် ဟု သိရသည်။ **(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

ဧရာတီအသင်း၊ အောင်ဆန်းကွင်း၌ Southern အသင်းနှင့် ဇွဲကပင်အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ပွဲစဉ် ၁၄ အပြီးတွင် ရတနာပုံအသင်းက ၃၈ မှတ်ဖြင့် ထိပ်ဆုံးတွင် ပြတ်ပြတ်သားသား ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရန်ကုန်၊ မကွေး၊ ဟံသာဝတီ၊ ဇေယျာရွှေမြေနှင့် ဧရာဝတီအသင်းတို့က ၂၂ မှတ်စီ ရှမ်းယူနိုက်တက်အသင်းက ၂၁ မှတ်၊ ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်း တို့က ၁၈ မှတ်စီ၊ ရခိုင်အသင်းက ၁၁မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ငါးမှတ်တို့ရရှိထားသည်။

ယခုရာသီတွင် MNL အမှတ်ပေးပြိုင်ပွဲ၌ ချန်ပီယံအသင်းမှာ စောစီးစွာ ထွက်ပေါ်ဖွယ်ရှိပြီး ၁၆ မှတ်အသာဖြင့် ဦးဆောင်နေသည့် ရတနာပုံအသင်း မှာလက်ကျန် ရှစ်ပွဲတွင် သုံးပွဲအနိုင်ရရုံဖြင့် ချန်ပီယံဖြစ်တော့မည်ဖြစ်သည်။ ထို့ပြင်ရတနာပုံအသင်းသည် ယခုရာသီတွင် ရှုံးပွဲမရှိ ကစားထားနိုင်ပြီး ရှုံးပွဲ မရှိ စံချိန်ကိုရယူနိုင်ခြင်း ရှိမရှိစောင့်ကြည့်ရမည်ဖြစ်သည်။ နည်းပြအပြောင်း အလဲလုပ်ထားသည့် ရန်ကုန်အသင်းမှာ ဧရာဝတီအသင်းနှင့် ပွဲကျပ်ကစား ရမည်ဖြစ်ပြီး ဒုတိယအကျော့တွင် သုံးပွဲဆက်တိုက်အနိုင်ရထားသည့် ရှမ်း ယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့ တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာ ကောင်းနေသည်။ ဦးမျိုးမင်းထွန်း၏ ပထမဆုံးကိုင်တွယ်မည့်ပွဲတွင် ရန်ကုန် အသင်း၏ အိမ်ကွင်းရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့် ရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

❒

**✱ ရှေ့ဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၎င်း၏ထိုင်းနိုင်ငံခရီးစဉ်အစတွင် မဟာချိုင်မြို့သို့ သွားရောက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ လက်မှတ် (Certificate of Identity) C of I ရရှိရန် ကြိုးစားဆောင်ရွက် လျက်ရှိကြောင်း၊ နောင်တွင်လည်း နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရန် အစီအစဉ်များရှိကြောင်း၊ ထိုင်းနိုင်ငံသို့ လာရောက်ရခြင်းမှာ နှစ်နိုင်ငံအကြား နားလည်မှုပိုရရှိစေရန်နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရန်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရန် နိုင်ငံသူ နိုင်ငံသားများအကြားနှင့် အစိုးရအချင်းချင်းအကြား တွင် နားလည်မှု၊ ချစ်ကြည်မှုရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကာယကံရှင်များ၏ အသံကို နားထောင်ပြီး ဘာလုပ်ပေးသင့်သည်၊ ဘာလုပ်နိုင်သည်ကို ဆုံးဖြတ်ရမည် ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ မိမိတို့နိုင်ငံသူ နိုင်ငံသားများ လုံလုံခြုံခြုံဖြင့် မိမိလုပ်ငန်းခွင်အတွင်း အလုပ်လုပ်နိုင်ရန်ဖြစ်ကြောင်း၊ ပြဿနာသည် အရေး မကြီးဘဲ ဖြေရှင်းပုံဖြေရှင်းနည်းကသာ အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အဆင်ပြေစေချင်သကဲ့သို့ အိမ်ရှင်နိုင်ငံအတွက်လည်း အဆင်ပြေစေလိုကြောင်း၊ သို့မှသာ မိမိတို့၏ဒေသသည် ရေရှည်တွင် အေးချမ်း သာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အားလုံးအတူတူ ဖွံ့ဖြိုး တိုးတက်အောင် လက်တွဲဆောင်ရွက်နေကြသည့် နိုင်ငံများဟု မြင်မှသာ တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှသည် နိုင်ငံလတ်၊ နိုင်ငံငယ် များ စုပေါင်းထားသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ညီညွတ်မှု၊ နားလည်မှုရှိရန် လွန်စွာအရေးကြီးကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုင်းအစိုးရ၏ အလုပ်သမား အခွင့်အရေးဥပဒေများကို လေးစားလိုက်နာကြရန်နှင့် သိရှိနားလည် အောင် ကြိုးစားရန်၊ အချင်းချင်းရိုင်းပင်းကူညီကြရန်၊ တာဝန်သိသူဖြစ်ရန် နှင့် စည်းစည်းလုံးလုံး နေထိုင်သွားကြရန်လည်း ရွှေ့ပြောင်းအလုပ်သမားများကို မှာကြားခဲ့သည်။

ထို့အတူ မြန်မာသံရုံးမှ တာဝန်ရှိသူများကိုလည်း မြန်မာရွှေ့ပြောင်း အလုပ်သမား အများစုလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံများသို့ ပုံမှန်လှည့်လည် ကြည့်ရှု၍ ပြဿနာများ ဖြေရှင်းပေးရန် မှာကြားသည်။

ထို့နောက် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများက လုပ်အားခ တန်းတူညီမျှရရှိရေးနှင့် သက်သေခံအထောက်အထားများ ပြုလုပ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြသည်။

ယင်းတင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိ နိုင်ငံသားများ၏ ပြဿနာသည် မိမိတို့အစိုးရအပေါ်တွင် တာဝန်ရှိကြောင်း၊ ပစ်ပယ်ထားခြင်း၊ မသိသလိုနေခြင်း ပြုလုပ်မည်မဟုတ်ကြောင်း၊ တတ်နိုင်သမျှ တရားဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား တစ်သောင်းကျော် လာရောက်ခဲ့ကြသော်လည်း အလုပ်သမား ၅၀၀ ခန့်သာ တွေ့ဆုံခွင့် ရရှိခဲ့ကြသည်။

ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်၍ အလုပ်လုပ်ကိုင်နေသည့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားဦးရေ နှစ်သန်းခန့်ရှိပြီး အထောက်အထားမဲ့ မြန်မာ အလုပ်သမားများစွာရှိနေကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မည်ဆိုပါက ယင်းနိုင်ငံ၏ဩဇာကျဆင်းနိုင်ဟု တရုတ်သတင်းစာဝေဖန်

**လန်ဒန် ဇွန် ၂၃**

အကယ်၍ ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်ရန် ဗြိတိန်ပြည်သူများက ဆုံးဖြတ်မည်ဆိုပါက ဗြိတိန်နိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဩဇာသက်ရောက်မှု ထိခိုက်လာနိုင်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းသတင်းစာတစ်စောင်က ဇွန် ၂၃ ရက်တွင် ရေးသားဖော်ပြသည်။

ဗြိတိန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လွန်ခဲ့သည့်နှစ်အနည်းငယ်ကာလမှစ၍ ပိုမိုနွေးထွေးလာနေကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးအရ ရွှေခေတ်သို့ရောက်ရှိနေပြီး စီးပွားရေးကဏ္ဍအသီးသီး၌ ဆက်ဆံမှုပိုမိုကောင်းမွန်လာကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

ဥရောပသမဂ္ဂအတွင်း ဗြိတိန်ဆက်လက်ရှိနေခြင်းဖြင့် ဈေးကွက်အရ အာမခံချက်များရှိခြင်း၊ တည်ငြိမ်မှုရှိသော အလုပ်သမားဈေးကွက်ကို ထားရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ဗြိတိန်နိုင်ငံရရှိနိုင်ကြောင်း သတင်းစာက ရေးသားသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်မည်လောသို့မဟုတ် ယင်းအဖွဲ့အစည်းအတွင်း ဆက်လက်ရှိမည်လောဟူ၍ မဲဆန္ဒရှင်များက ရွေးချယ်ဆုံးဖြတ်နိုင်ရန် လူထုဆန္ဒခံယူပွဲကို ဇွန် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါလူထုဆန္ဒခံယူပွဲ၌ ၄၆ ဒသမ ၅ သန်းအထိဖြစ်သော စံချိန်တင်ဦးရေအထိ ပြည်သူများမဲပေးခွင့်ရရှိမည်ဖြစ်သည်။

သက်တမ်းနှစ်ပေါင်း ၆၀ ရှိ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ရန် သင့်၊ မသင့် ရွေးချယ်ဆုံးဖြတ်ခြင်းသည် အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်သော ယင်းအဖွဲ့အစည်း၏ အနာဂတ်ကို ပုံဖော်ပေးမည်ဖြစ်သည်။ **ရိုက်တာ။**






# အင်ဒိုနီးရှား သမ္မတ ဂျိုကို ဝီဒိုဒို နာတူနာကျွန်းစုသို့ စစ်သင်္ဘောဖြင့် သွားရောက်

**ဂျကာတာ ဇွန် ၂၃**

နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို အထင်အရှားပြသရန် ရည်ရွယ်လျက် အင်ဒိုနီးရှား သမ္မတဂျိုကိုဝီဒိုဒိုသည် စစ်သင်္ဘောတစ်စင်းဖြင့် လိုက်ပါကာ နာတူနာကျွန်းစုသို့ ဇွန် ၂၃ ရက်တွင် သွားရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ နာတူနာကျွန်းစုသို့ သမ္မတဝီဒိုဒို သွားရောက်ခြင်းသည် ယင်းကျွန်းစု နယ်မြေအား နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ပြသခြင်းဖြစ်သည်။ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ယင်းကျွန်းစုအနီးရှိ ရေပြင်ကို ပိုင်ဆိုင်သည်ဟု အပြိုင်အဆိုင်ပြောဆိုနေကြသည်ဟု တရုတ်နိုင်ငံက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီးနောက် သမ္မတဝီဒိုဒိုက စစ်သင်္ဘောတစ်စင်းဖြင့် ယင်းကျွန်းစုရှိရာသို့ သွားရောက်ခြင်းဖြစ်သည်။

သမ္မတ ဝီဒိုဒိုနှင့်အတူ အင်ဒိုနီးရှား လုံခြုံရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ အတူလိုက်ပါခဲ့ကြပြီး ပင်လယ်ရေကြောင်း ပိုင်နက်နယ်မြေကိစ္စနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ ရပ်တည်ချက်ကို အထင်အရှားပြသခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

သမ္မတ ဝီဒိုဒိုသည် စစ်သင်္ဘောပေါ်တွင် ဝန်ကြီးအဖွဲ့အစည်းအဝေးတစ်ရပ်ကို ကျင်းပရန် စီစဉ်ထားကြောင်း သမ္မတရုံးက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဝေးလံသီခေါင်သောဒေသရှိ နာတူနာကျွန်းစု အနီးတစ်ဝိုက် ရေပြင်သည် အင်ဒိုနီးရှားနိုင်ငံ၏ ပိုင်နက်အတွင်း ပါဝင်သည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီက ဇွန် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

**ရိုက်တာ။**

# အမေရိကန်၏ မူဝါဒပြောင်းမှသာ မြောက်ကိုရီးယား နျူကလီးယား တိုက်ဖျက်ရေးဆွေးနွေးမည်

**ပြုံယမ်း ဇွန် ၂၃**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားတိုက်ဖျက်ရေး လုပ်ငန်းစဉ်ကို ဆွေးနွေးနေမည့် ကာလပတ်လုံး ခြောက်ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုကို မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စိတ်ပါဝင်စားမှုရှိမည် မဟုတ်ကြောင်း မြောက်ကိုရီးယားအဆင့်မြင့် အရာရှိတစ်ဦးက ဇွန် ၂၃ ရက်တွင် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ မြောက်အမေရိကဆိုင်ရာ ဒုတိယအကြီးအကဲ ချိုဆိုဟူးက ပေကျင်းမြို့ရှိ မြောက်ကိုရီးယားသံရုံးအရှေ့တွင် မီဒီယာများအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။




မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည် အောင်မြင်စွာ လွှတ်တင်ပြီးသည့်နောက် တစ်ရက်အကြာတွင် ထုတ်ပြန်ကြေညာခဲ့သော မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာ၏ သတင်းထုတ်ပြန်ချက်ကို ကိုးကားပြီး ချိုဆိုဟူးက ပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယား လက်နက်အများအပြားကို စမ်းသပ်ထုတ်လုပ်လျက်ရှိသည့်အပြင် ယင်းလက်နက်များကိုလည်း နိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချရန် ရည်ရွယ်ထားကြောင်း ချိုဆိုဟူးက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို အမေရိကန်နိုင်ငံ၏ ပြုံယမ်းအပေါ် ချမှတ်ထားသည့် မူဝါဒများပြောင်းလဲသည့် နောက်ပိုင်းမှသာလျှင် ဆက်လက်ဆွေးနွေး လုပ်ဆောင်မည်ဖြစ်ကြောင်း ချိုဆိုဟူးက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# တရုတ်နိုင်ငံ ကျန်းစုခရိုင်တွင် လေဆင်နှာမောင်းတိုက်ခတ် လူ ၅၁ ဦးသေဆုံး

**ပေကျင်း ဇွန် ၂၃**

တရုတ်နိုင်ငံ ကျန်းစုခရိုင်တွင် အားပြင်းသော လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ လူပေါင်း ၅၁ ဦးသေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက ယနေ့ထုတ်ပြန်ကြေညာသည်။

အဆိုပါ လေဆင်နှာမောင်းသည် ရန်ကျန်းမြို့အနီးကို ဗဟိုပြုတိုက်ခတ်ခဲ့ပြီး အဆောက်အအုံများစွာ ပြိုကျပျက်စီးခဲ့ရသည်။ လမ်းမများပေါ်တွင် အပျက်အစီးများက ပိတ်ဆို့ထားသည်။

တရုတ်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင်လည်း မိုးရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ နေရာအနှံ့အပြားဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ။**



# နှစ်နိုင်ငံအကြား ရထားလမ်းချိတ်ဆက်ရန် ထိုင်းနှင့် ကမ္ဘောဒီးယား သဘောတူညီ

**ဖနောင်ပင် ဇွန် ၂၃**

နှစ်နိုင်ငံမြို့တော်များအကြား ရထားလမ်းချိတ်ဆက်မှုကို ယခုနှစ်ကုန်ထက် နောက်မကျဘဲပြုလုပ်မည်ဟု ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တာဝန်ရှိသူများက သန္နိဋ္ဌာန်ချမှတ်လိုက်ကြကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရက်ဆော့ခွန်းသည် ထိုင်းနိုင်ငံခရီးစဉ်အပြီးတွင် အဆိုပါကြေညာချက်ကို ဇွန် ၂၁ ရက်က ထုတ်ပြန်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာအား သွားရောက်တွေ့ဆုံခဲ့သည်။

ထိုင်းနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် ရထားလမ်းဆက်သွယ်မှုတို့ တိုးမြှင့်ဆောင်ရွက်ရေးအတွက် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အကုန်ပိုင်းတွင် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်နှင့်ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်အကြား ရထားလမ်းဆက်သွယ်မှုပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**

■

# ပြန်လည်ဆုံတွေ့ချင်ပါသေးသည့် တိုင်းရင်းသားအဖွဲ့များ၏ လေ့လာရေးခရီးစဉ်

မေး၊ ရေး – ဟန်နီဝင်း၊ အောင်နိုင်(သတင်းစဉ်)
ဓာတ်ပုံ – ကိုကိုစိုးညွန့်(သတင်းစဉ်)


မလင်းထွေးဦး


ကိုဝင်းကြည်


မခင်နှင်းနွယ်


မောင်ဇော်မျိုး


မခင်ခင်စိုး


ဒေါ်အေးအေးစိုး


မပြည့်ဖြိုးစံ


နန်းခင်သီတာဦး

တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာသကဲ့သို့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖလှယ်ခွင့်ရသည့် လေ့လာရေးခရီးစဉ်တစ်ခုဖြစ်သည်ဟု နေပြည်တော်နှင့် အနီးတစ်ဝိုက် လေ့လာရေးရောက်ရှိနေသည့် ကရင်၊ ပလောင်၊ ခနု တိုင်းရင်းသားအဖွဲ့များက မှတ်ချက်ပြုကြသည်။ ထိုသို့ ကရင်၊ ပလောင်၊ ခနုတိုင်းရင်းသားအဖွဲ့များ၏ လေ့လာရေးခရီးစဉ်အပေါ် မှတ်ချက်ပြုသံများကို စုစည်းဖော်ပြအပ်ပါသည်-

**မလင်းထွေးဦး(ပလောင်တိုင်းရင်းသူ) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊**

ကျွန်မအတွက် ပထမဆုံး လေ့လာရေးခရီးစဉ်ပါ။ ကျွန်မတို့ နမ့်ဆန်မြို့က ဖွံ့ဖြိုးဆဲမြို့လေးပါ။ တည်ငြိမ်မှုလည်း မရှိသေးပါဘူး။ ပဋိပက္ခတွေရှိနေသေးတယ်။ ဒီမှာ အေးအေးချမ်းချမ်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကိုတွေ့ရတော့ ကျွန်မတို့ တောင်ပေါ်ဒေသနဲ့ ကွာခြားမှုတွေတွေ့ရတယ်။ ကျွန်မတို့ဆီမှာ၊ ကျွန်မတို့ဒေသတွေမှာ ဘာတွေလိုအပ်ချက်တွေရှိတယ်ဆိုတာကို သိရတယ်။ ဒီကနေ အများကြီးလေ့လာခဲ့ရတယ်။

ကိုယ့်ဒေသကို ငြိမ်းချမ်းစေချင်တယ်။ သာယာစေချင်တယ်။ ပြီးတော့ စစ်ဘေးရှောင်နေရတဲ့ ဒေသခံတွေအတွက် ငြိမ်းချမ်းမှုကို လိုချင်တယ်။ ကျွန်မတို့ဒေသမှာ မငြိမ်းချမ်းတော့ ကလေးတွေ စာမသင်ရဘူး။ အစားအစာက ချို့တဲ့တယ်။ ရေကအစ အဆင်မပြေဘူး။

ကျွန်မတို့ဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား အားလုံးပေါင်းမှ တစ်ခုတည်း၊ တစ်စုတည်းပါ။ ဥပမာ ဗမာနဲ့ ဘယ်သူနဲ့ မတည့်ဘူး။ ကရင်နဲ့ ဘယ်သူနဲ့၊ ပလောင်နဲ့ ဘယ်သူနဲ့ မတည့်ဘူးတွေရှိပေမယ့် တိုင်းရင်းသားတွေပါပဲ။ အားလုံးပေါင်းမှ တစ်စုတည်းဖြစ်တဲ့အတွက် ညီညီညွတ်ညွတ်လက်တွဲပြီး ကျွန်မတို့နိုင်ငံကြီးကို ပြောင်းလဲနိုင်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကိုလည်း မျှော်လင့်ပါတယ်။

**ကိုဝင်းကြည် (တောင်သူ)၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်**

ဒီလေ့လာရေးခရီးမှာ ကျွန်တော်တို့ ကရင်ပြည်နယ်ဘက်ကနေ တိုင်းရင်းသား ၂၅ ယောက်ပါတယ်။ ခနု တိုင်းရင်းသား ၂၅ ဦး၊ ပလောင်တိုင်းရင်းသား ၂၅ ဦး စုစုပေါင်း ၇၅ ဦး လိုက်ပါလာကြပါတယ်။ နေပြည်တော်ကို လာရောက်လေ့လာရတဲ့အထဲမှာ လွှတ်တော်တွေ၊ ဝန်ကြီးရုံးတွေကို လေ့လာတွေ့ရှိခဲ့ရသလို ဥပ္ပါတသန္တိစေတီတော်နဲ့ မဟာသကျရံသီ ရုပ်ပွားတော်မြတ်ကို ဖူးမြော်ခဲ့ရတဲ့အတွက်လည်း ဝမ်းမြောက်ပါတယ်။

**မခင်နှင်းနွယ် (အထက်တန်းကျောင်းသူ) နမ့်ဆန်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်မြောက်ပိုင်း**

အခုလို နိုင်ငံတော်က တာဝန်ရှိသူတွေကဖိတ်ကြားလို့ နေပြည်တော်ကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အလွန်ကို ဝမ်းသာပါတယ်။ အခုလို ဖိတ်ခေါ်တဲ့အတွက် မရောက်ဖူးတဲ့ နေရာတွေကို ရောက်ခဲ့ရတယ်။ ပြီးတော့ မဖူးဘူးသေးတဲ့ ဘုရားတွေ၊ စေတီတွေကိုလည်း ဖူးမြော်ခွင့်ရခဲ့တယ်။ ဒီအတွက် အလွန်ဝမ်းသာတယ်။ တီဗွီမှာပဲမြင်ဖူးပြီး အပြင်မှာ မရောက်ဖူးသေးတဲ့ မဟာသကျရံသီ၊ ရေပန်းဥယျာဉ် စတဲ့နေရာအမျိုးမျိုးကို ရောက်ခဲ့ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ နောက်ဆိုလည်း ဒီလိုမျိုး ဖိတ်ခေါ်ပါလို့ တောင်းဆိုချင်ပါတယ်။ နောက်ထပ်ပိုပြီး နမ့်ဆန်မြို့မှာ ရှိတဲ့သူတွေကိုလည်း ဖိတ်ခေါ်ပါလို့ တောင်းဆိုချင်ပါတယ်။ သမီးတို့ ဒေသက လက်ဖက်လုပ်ငန်းလုပ်ကိုင်ကြတဲ့ဒေသဖြစ်ပါတယ်။ အခုလို မရောက်ဖူးသေးတဲ့ နေရာကို ရောက်ဖူးအောင် ဖိတ်ခေါ်တဲ့အတွက် ရော စပါးစိုက်ပျိုးနည်းစနစ်မျိုးစုံနဲ့ စပါးမျိုးစုံကို လေ့လာသိရှိခွင့်ရတဲ့အတွက်လည်း အလွန်ကျေးဇူးတင်ပါတယ်ရှင့်။

**မောင်ဇော်မျိုး (ကျောင်းသား) ရွာငံမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်း**

ကျွန်တော်တို့အဖွဲ့မှာ မိန်းကလေး ငါးယောက်၊ ယောကျ်ားလေး ငါးယောက် စုစုပေါင်း ၁၀ ယောက်ပါပါတယ်။ နေပြည်တော်ကို လာရောက်လေ့လာရတာ ပျော်ပါတယ်။ လွှတ်တော်တွေရော၊ ရုပ်မြင်သံကြားစက်ရုံတွေရော သွားပြီးလေ့လာရတာ ပျော်ပါတယ်။ မရောက်ဖူးတဲ့နေရာတွေကို ရောက်ရတဲ့အတွက် ပျော်ပါတယ်။ နောက်တစ်ကြိမ်ထပ်မံ လာရောက်ခွင့်ရမယ်ဆိုရင်လည်း လာချင်ပါသေးတယ်။ ကျွန်တော်တို့ကို အခုလို လာရောက်လေ့လာခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ ဝန်ကြီးဌာနကိုလည်း အလွန်ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**မခင်ခင်စိုး (ခနုတိုင်းရင်းသူ) ရွာငံမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်း**

သမီးက အတန်းပညာကို န၀မတန်းအထိ သင်ကြားခဲ့ပြီး အခုဆိုရင် စက်ချုပ်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်နေပါတယ်ရှင့်။ အခုလိုမျိုး လေ့လာရေးခရီးထွက်လာရတာ အလွန်ပျော်ဖို့ကောင်းပါတယ်ရှင့်။ သွားရောက် လေ့လာခဲ့ရတဲ့နေရာတွေ အားလုံးကို နှစ်သက်ပါတယ်ရှင့်။ ပြီးတော့ စပါးမျိုးတစ်ရာကျော် ရှိတယ်ဆိုတာရယ်၊ စိုက်ပျိုးနည်းစနစ်တွေကို လေ့လာခွင့် ရခဲ့တာတွေအတွက် အလွန်ကျေးဇူးတင်ပြီး ပျော်ရွှင်ရပါတယ်ရှင့်။ အခုလိုမျိုး မရောက်ဖူးသေးတဲ့နေရာတွေကို ရောက်ဖူးအောင် ဖိတ်ခေါ်ပေးပြီး ဗဟုသုတအသစ်တွေပါရရှိအောင် ဆောင်ရွက်ပေးလို့ ဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်မိပါတယ်ရှင့်။

**ဒေါ်အေးအေးစိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်ရေးရုံး၊ တောင်ကြီးမြို့)**

ကျွန်မတို့ဝန်ကြီးဌာန ရက် ၁၀၀ စီမံကိန်းရဲ့ ရည်ရွယ်ချက်ကိုးခုထဲက တစ်ခုဖြစ်တဲ့ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ဒေသက တိုင်းရင်းသားလူငယ်တွေ အမြင်ပိုကျယ် ဗဟုသုတတိုးပွားနိုင်စေဖို့ ဒီလိုမျိုး ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ အခုဆိုရင် အဖွဲ့သုံးဖွဲ့ကို ကျွန်မတို့ကတာဝန်ယူပြီး လေ့လာရေးခရီးကို လိုက်ပို့ပေးနေတာဖြစ်ပါတယ်။ အဲဒီသုံးဖွဲ့က ခနု၊ ပလောင်နဲ့ ကရင်တိုင်းရင်းသားအဖွဲ့တွေဖြစ်ပါတယ်။ ကျွန်မကတော့ ခနုဒေသကို ကိုယ်စားပြုပြီး ကလေးတွေကို လိုက်ပို့ပေးရတာဖြစ်ပါတယ်။ ဒီလိုမျိုးလေ့လာရေးခရီးမှာ လိုက်ပါလာသူတွေကို ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက တာဝန်ရှိသူတွေထံ အရင်အကြောင်းကြားပြီး ခနုစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ကိုပါ ထပ်မံ အကြောင်းကြားပြီးမှ ခေါ်ဆောင်လာတာ ဖြစ်ပါတယ်။ တွေ့မြင်ရသလောက်တော့ သူတို့တွေ အလွန်ပျော်နေကြပါတယ်။ ဥပ္ပါတသန္တိနဲ့ ဆင်ဖြူတော်၊ ရေဆင်းဆည်၊ လွှတ်တော်၊ ရေပန်းဥယျာဉ်၊ မဟာသကျရံသီဘုရား၊ တိုင်းရင်းသားကျေးရွာ၊ MRTV နဲ့ မြဝတီလို ရုပ်မြင်သံကြားဌာနတွေ၊ အမျိုးသားပြတိုက်စတဲ့နေရာတွေကို လိုက်ပို့ပေးပါတယ်။ နောက်ပြီး စိုက်ပျိုးရေးပြတိုက်ကို ပို့ပါတယ်။ မျိုးစေ့ဘဏ်မှာဆို စပါးမျိုးစိတ်တွေ တစ်ရာကျော်တောင် ရှိတယ်ဆိုတာ သိလာရတဲ့အတွက် သူတို့တော်တော်လေး ဝမ်းသာကြပါတယ်။ မရောက်ဖူးသေးတဲ့ ဒေသတွေကို ရောက်တဲ့အတွက် သူတို့ နောက်ထပ် နောက်ထပ်လည်း လာချင်တယ်လို့ ပြောကြပါတယ်။

**မပြည့်ဖြိုးစံ(ခနုတိုင်းရင်းသူ) ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာ**

အခု ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေနဲ့ အခုလိုဆုံတွေ့ရတာ ဝမ်းသာတယ်။ ပထမဆုံး လေ့လာခရီးစဉ်ဆိုတော့ အားလုံးဟာ အတွေ့အကြုံသစ်တွေဖြစ်တယ်။ လေ့လာရေးခရီးစဉ်မှာ ကျွန်မမြင်ဖူးချင်တဲ့ ဆင်ဖြူတော်တွေ့ရတယ်။ တကယ်တွေ့ရတော့ ဝမ်းသာတယ်။ ထပ်ပြီးတော့လည်း ကျွန်မတို့ တိုင်းရင်းသားတွေနဲ့ တွေ့ဆုံချင်ပါတယ်။

**နန်းခင်သီတာဦး ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူအထူးဒေသ**

အခုလို ကိုယ့်တိုင်းရင်းသားတွေနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းသာတယ်။ ထပ်ပြီးတော့ ဆုံတွေ့ချင်ပါတယ်။ ဒီလိုတွေ စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ တစ်ခရီးတည်းသွားကြတယ်။ ကျွန်မတို့ ရိုးရာဝတ်စားဆင်ယင်တာတွေ၊ ကိုယ့်ရိုးရာဓလေ့တွေ၊ ယဉ်ကျေးမှုတွေကို အချင်းချင်းဖလှယ်ကြတယ်။ ဗဟုသုတတွေ အများကြီးရတယ်။

ကျွန်မတို့ လေ့လာရေးခရီးစဉ်မှာ ဘုရားတွေ ဖူးမြော်ရတယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ ဘုရားတွေဖူးရတာ စိတ်ကြည်နူးတယ်။ ကျွန်မတို့ဆီမှာ စိုက်ပျိုးရေးကို အဓိကထားကြတယ်။ ဒါကြောင့် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ စပါးမျိုးတွေ အများကြီးကို စိုက်ပျိုးထားတာ၊ လေ့လာ သုတေသနပြုထားတာကို သိရတယ်။ ဒါတွေကို တွေ့ရတော့ ကျွန်မတို့ဆီမှာလည်း ဒေသနဲ့ကိုက်ညီတာတွေနဲ့ ပြုပြင်ပြောင်းလဲပြီး လုပ်ဆောင်လို့ရတယ်။ စိုက်ပျိုးရေးကို မြှင့်တင်လို့ ရတယ်ဆိုတာတွေ လေ့လာသိရပါတယ်။

တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်ရင်း တစ်ဦး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို တစ်ဦးကလေ့လာသိရှိဖလှယ်ခွင့်ရရှိစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်အတွက် ရည်ရွယ်သည့် လေ့လာရေးခရီးစဉ်မှသည် သွေးချင်းသားချင်း တိုင်းရင်းသားအချင်းချင်း ပို၍ ချစ်ကြည်ရင်းနှီးမှုရှိသော ပြည်ထောင်စုဆီသို့ ချီတက်နိုင်ကြပါစေကြောင်း။

## ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်း နယ်လှည့်၍ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇွန် ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ရွှေကူ၊ မိုးကောင်း |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ ရေဦး၊ ခမ်းပတ် |
| ၃။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး၊ သဲကုန်း၊ နတ္တလင်း |
| ၅။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ တောင်တွင်းကြီး၊ ဆော၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ |
| ၇။ | မွန်ပြည်နယ် | သံဖြူဇရပ် |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ သုံးခွ |
| ၁၀။ | ရှမ်းပြည်နယ် | ပင်လောင်း၊ လဲချား၊ သိန်းနီ၊ ကွတ်ခိုင်၊ သီပေါ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | အိမ်မဲ၊ ဓနုဖြူ၊ ဇလွန် |

စာအုပ် စာပေ လူ့မိတ်ဆွေ

# မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော အခြေခံသဘောတရားများ(၂)

## မြေကြေးမောင်

မြေယာစီမံခန့်ခွဲမှု မှန်ကန်ရေးသည် မိမိတို့နိုင်ငံအတွက် များစွာအရေးကြီးသည်ဟု ခံယူပါသည်။ မြေယာစီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်နေသူ အများအပြားရှိရာတွင် မှန်ကန်သော မြေယာစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ၏တိုးတက်ရာတိုးတက်ကြောင်းကိုလည်းကောင်း၊ ပြည်သူလူထု၏အကျိုးစီးပွားကိုလည်းကောင်း အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ၂၀၁၆ ခုနှစ် မေလ ၂၉ ရက် ကြေးမုံသတင်းစာတွင် မြေယာစီမံခန့်ခွဲရေးနှင့်ပတ်သက်သော အခြေခံသဘောတရား(၅)ချက်ကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုထပ်မံ၍ မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အခြေခံသဘောတရားများကို ဆက်စပ်တင်ပြလိုက်ရပါသည်။

### (က) နိုင်ငံပိုင်မြေနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ ခွဲခြားဆောင်ရွက်ရခြင်း

လက်တွေ့မြေယာစီမံခန့်ခွဲသူများသည် နိုင်ငံပိုင်မြေ (State Land)နှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ (Land at the disposal of Government) များကို ခွဲခြားသိရှိထားရန် လိုအပ်ပါသည်။

နိုင်ငံပိုင်မြေ(State Land) ဆိုသည်မှာ နိုင်ငံတော်က ပိုင်ဆိုင်သည့်မြေ တစ်နည်းအားဖြင့် အရာတော်မြေဖြစ်ပါသည်။ ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံတော်အောက်ပိုင်းရှိ မြို့၊ ရွာရှိမြေယာအက်ဥပဒေပုဒ်မ ၄(၁)အရ ယခုအက်ဥပဒေပါအကြောင်းအရာတွင်ဖြစ်စေ၊ ရှေ့နောက်စကားအစီအစဉ်တွင်ဖြစ်စေ၊ တစ်စုံတစ်ရာသဘောဆန့်ကျင်ကွဲလွဲသည့်အချက်မပါရှိလျှင် အစိုးရမြေဆိုသည်မှာ အစိုးရမင်းတို့ကဖြစ်စေ၊ ၎င်းတို့အတွက်ဖြစ်စေ၊ အခွန်တော်လွတ်အပိုင်ပေးအပ်ခြင်းမရှိသကဲ့သို့ အခွန်တော်တွင် အပိုင်ရကြောင်း အသိအမှတ်မပြု၊ သို့မဟုတ် အခွန်တော်လွတ် ဆက်လက်ပေးအပ်ခြင်းမရှိသည့် မြေရာအရပ်ရပ်ကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

ဆိုလိုသည်မှာ မြေယာတစ်ရပ်ရပ်ကို ၁။ အခွန်တော်လွတ် အပိုင်ပေးအပ်မှုမရှိခြင်း၊ (၂) အပိုင်ပေးအပ်ကြောင်း အသိအမှတ်မပြုခြင်း၊ (၃) ယခင်က ပေးအပ်ကောင်းပေးအပ်ခဲ့မည့် မြေယာတစ်ရပ်ကို အခွန်တော်လွတ်အဖြစ် ဆက်လက်ပေးအပ်ချထားမှုမပြုခြင်း စသည့်အချက်တစ်ချက်ချက်နှင့် အကျုံးဝင်သောမြေသည် အစိုးရမြေဖြစ်ပါသည်။

အချို့သော နေရာများတွင် အစိုးရမြေကို အရာတော်မြေဟုလည်း ခေါ်ဆိုကြပါသည်။ အရာတော်မြေဆိုသည်မှာ လယ်ယာလုပ်ကိုင်ပြီးနောက် စွန့်ပစ်ထား၍ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်ရက်ဂူလေးရှင်းဥပဒေအရ ဥပဒေအာဏာတည်သည်မှ နှစ်နှစ်အတွင်း ပိုင်ဆိုင်ကြောင်း လျှောက်ထားခြင်းမရှိသည့်မြေ၊ မြေရိုင်းနှင့် ကျေးရွာသစ်တော၊ ကြိုးဝိုင်းသစ်တောများ၊ မြစ်၊ ချောင်း၊ မြောင်းများအတွင်းရှိ ကျွန်းများ၊ မြေနုကျွန်းများ၊ သောင်များ၊ အစိုးရအမှုတော်ထမ်းရွက်ရန် စည်းကမ်းချက်နှင့်ဖြစ်စေ၊ အစိုးရမင်းတို့သူကောင်းပြုသည့် ရာထူးအလျောက်ဖြစ်စေ၊ လက်ရှိဖြစ်သည့်မြေ၊ ယခုတိုင်အရာတော်ဟု ခေါ်ဆိုသည့်မြေအားလုံး ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇(က) အရ နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတအားလုံးသည် နိုင်ငံတော်ပိုင်မြေများ ဖြစ်ပါသည်။

သို့သော် ထိုမြေအားလုံးသည် နိုင်ငံတော်ပိုင်ဖြစ်သော်လည်း အစိုးရက စီမံခန့်ခွဲပိုင်ခွင့်မရှိသော မြေများရှိနေသေးကြောင်း သတိပြုရန်လိုအပ်ပါသည်။ မြို့နှင့်ကျေးရွာများ အက်ဥပဒေပုဒ်မ ၄(၂)တွင် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ (Land at the disposal of Government) ဆိုသည်မှာ (က) မည်သူတစ်ဦးတစ်ယောက်မျှ မြေရှင်ဆိုင်ရာခွင့်များကို မရသေးသည့်မြေ (ခ) အစိုးရမင်းတို့ကသော်လည်းကောင်း၊ ၎င်းတို့အတွက်သော်လည်းကောင်း အပိုင်ဖြစ်စေ၊ အငှားဖြစ်စေ ပေးအပ်ချထားသောမြေ၊ မြေရှင်ဆိုင်ရာဆိုင်ခွင့်တစ်စုံတစ်ရာကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေးရသေးသည့်မြေများကိုဆိုလိုကြောင်း ဖော်ပြထားပါသည်။

မြေအားလုံးအစိုးရပိုင်မြေ သို့တည်းမဟုတ် နိုင်ငံတော်ပိုင်မြေ (State Land) ဖြစ်သော်လည်း တစ်စုံတစ်ယောက်ကိုမျှ မြေရှင်ဆိုင်ရာခွင့်ပေးအပ်ချထားမှုမရှိမှသာ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဆိုသည့်အချက်ကို အထူးသတိပြုသင့်ပါသည်။ အထက်တွင် ဖော်ပြထားသော အခွင့်အရေးများကို တစ်စုံတစ်ဦးအား ပေးအပ်ချထားပါက ထိုပေးအပ်ချထားသည့် အချိန်ကာလ မကုန်ဆုံးသေးသမျှကာလပတ်လုံး အစိုးရစီမံခန့်ခွဲပိုင်ခွင့်မရှိပါ။ သို့သော် နိုင်ငံတော်အတွက် အများပြည်သူအကျိုးစီးပွားအလို့ငှာ အရေးကိစ္စပေါ်ပေါက်ခဲ့၍ အဆိုပါမြေကို နိုင်ငံတော်အစိုးရက ပြန်လည်လက်ရောက်ရယူလိုပါက မြေသိမ်းဥပဒေ (The Land Acquisition Act) နှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းကိုမူ သတိပြုသင့်ပါသည်။

သို့ဖြစ်ပါ၍ မြေယာစီမံခန့်ခွဲမှုတွင် ပါဝင်ပတ်သက်နေသော တာဝန်ရှိပုဂ္ဂိုလ်များအားလုံး၊ ထို့အပြင် ပြည်သူလူထုအားလုံးသည် နိုင်ငံတော်ပိုင်မြေ၊ အစိုးရပိုင်မြေ၊ အရာတော်မြေ၊ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများကို ကွဲပြားစွာသိရှိထားသင့်ပါကြောင်း တင်ပြအပ်ပါသည်။

### (ခ) မှတ်တမ်းများထားရှိနိုင်ရေးအတွက် ဂရုပြုဆောင်ရွက်ရခြင်း

မြေသည်ပျက်စီးပျောက်ပျက်ရန် ခက်ခဲသောအရာတစ်ခုဖြစ်ပါသည်။ ထိုသို့ လွယ်ကူစွာ ပျက်စီးဆုံးရှုံးနိုင်မှု မရှိသောကြောင့် မြေယာစီမံခန့်ခွဲမှုပြုသည့် အမိန့်အတိုင်းကို မှတ်တမ်းပြုထားရန် လိုအပ်ပါသည်။ ပျက်စီးဆုံးရှုံးပျောက်ကွယ်မှုပြုသွားလျှင်ပင် မှတ်တမ်းမှတ်ရာ ပြည့်ပြည့်စုံစုံရှိထားပါက အစဉ်အဆက်လုပ်ငန်းစဉ်များကို ဆက်စပ်ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် ရေစားကမ်းပြိုသွားခြင်း၊ မီးလောင်သွားခြင်း စသည်တို့ဖြစ်ပွားလျှင် မှတ်တမ်းမှတ်ရာ ပြည့်ပြည့်စုံစုံရှိခဲ့ပါက ၎င်းမိသားစု၏ နစ်နာမှုကို ပြန်လည်အစားထိုးကုစားပေးနိုင်ခြင်းတို့ ဖြစ်ပါသည်။ ထို့ကြောင့် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော အမိန့်မှန်သမျှနှင့် လုပ်ငန်းဆောင်ရွက်ချက်မှန်သမျှကို မှတ်တမ်းပြုနိုင်သည့် အဆင့်ရောက်ရှိနိုင်ရေးကို အထူးဂရုပြုဆောင်ရွက်သင့်ပါသည်။ တစ်ချိန်တစ်ခါက လယ်ယာမြေစိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲခွင့်ပြုခဲ့သည့် လန ၃၉ အမိန့်များ၊ ဂရန်ခွင့်ပြုအမိန့်များကို မှတ်တမ်းပြုရာဌာနသို့ မပေးပို့ဘဲ လက်သိပ်ထိုးဆောင်ရွက်ခြင်း၊ ဥပဒေမဲ့ဆောင်ရွက်ခြင်း စသည့် လွဲမှားသောစီမံခန့်ခွဲမှုများကို တွေ့ကြုံခဲ့ရပါသည်။ ကာယကံရှင်များသည် မှတ်တမ်းမှတ်ရာပြုခြင်းမခံရသည့်အတွက် နစ်နာခဲ့ရသည်ကို မမေ့သင့်ပါ။ သို့ဖြစ်ပါ၍ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆောင်ရွက်ချက်မှန်သမျှကို အမိန့်ဖြင့် တိကျစွာဆောင်ရွက်ရန်လိုအပ်ပြီး ထိုအမိန့်ကိုလည်း မှတ်တမ်းပြုနေသည့် မည်သည့်ဌာနကိုမဆို ပေးပို့မှတ်တမ်းထားရှိရေး ဆောင်ရွက်သွားသင့်ပါသည်။

ကြရန် လိုအပ်ပါသည်။ ထိုသို့ သိရှိလိုက်နာမှုမရှိဘဲ မိမိတို့ထင်မြင်ယူဆချက်များအတိုင်း စည်းဝါးလွတ်ဆောင်ရွက်နေကြပါလျှင် အကွပ်မဲ့ကြမ်းပရမ်းပတာဖြစ်သည့်နည်းတူ မင်းမဲ့တိုင်းပြည်ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားတိုင်း မြေယာဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိပြီး လိုက်နာကျင့်သုံးကြရေးသည် လွန်စွာအရေးကြီးပါသည်။

ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် မူဝါဒအပေါ်အခြေခံ၍လည်းကောင်း၊ အခြေအနေ၊ အချိန်အခါနှင့် ပြည်သူလူထု၏ လိုအင်ဆန္ဒအရလည်းကောင်း အညီအညွတ်ဖြစ်စေရန် ရည်ရွယ်ရေးဆွဲပြဋ္ဌာန်းရလေ့ရှိပါသည်။ ရေးဆွဲပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာသောတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် လက်ရှိအခြေအနေနှင့် မကိုက်ညီမှုများ ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် ပြည်သူလူထုအတွက် လက်ရှိအခြေအနေ၊ လက်ရှိလိုအင်ဆန္ဒနှင့်ကိုက်ညီသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူလူထု၏ လိုအင်ဆန္ဒနှင့် ကိုက်ညီရုံသာမက လက်ရှိအခြေအနေနှင့် ကိုက်ညီသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုရရှိပြီး တစ်နိုင်ငံလုံး လိုက်နာကျင့်သုံးနိုင်မည် ဖြစ်ပါသည်။

မြေယာဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် တရားမျှတမှုရှိရန်လည်း လိုအပ်ပြီး ပြည်သူလူထု၏လိုအဆန္ဒ၊ အခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီမှုရှိပါမှ ပြည်သူအများ၏ လေးစားလိုက်နာမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

မြေယာဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရာ၌လည်း

**ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် မူဝါဒအပေါ်အခြေခံ၍ လည်းကောင်း၊ အခြေအနေ၊ အချိန်အခါနှင့် ပြည်သူလူထု၏ လိုအင်ဆန္ဒအရလည်းကောင်း အညီအညွတ်ဖြစ်စေရန် ရည်ရွယ်ရေးဆွဲပြဋ္ဌာန်းရလေ့ ရှိပါသည်။ ရေးဆွဲပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာသောတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် လက်ရှိအခြေအနေနှင့် မကိုက်ညီမှုများ ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် ပြည်သူလူထုအတွက် လက်ရှိအခြေအနေ၊ လက်ရှိလိုအင်ဆန္ဒနှင့် ကိုက်ညီသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူလူထု၏ လိုအင်ဆန္ဒနှင့် ကိုက်ညီရုံသာမက လက်ရှိအခြေအနေနှင့် ကိုက်ညီသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုရရှိပြီး တစ်နိုင်ငံလုံး လိုက်နာကျင့်သုံးနိုင်မည်ဖြစ်....**

ထို့အပြင် မြေမျိုးကို ၂၂ မျိုးအဖြစ် ခွဲခြားသတ်မှတ်ထားသောကြောင့် ထုတ်ပြန်လိုက်သော အမိန့်တိုင်းသည်လည်း အဆိုပါမြေမျိုး ၂၂ မျိုးနှင့် အကျုံးဝင်သည့် မှတ်သားနိုင်သောအမိန့်များအဖြစ် ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ ဥပမာ- ယခုတစ်လောတွင် မကြာမကြာတွေ့မြင်နေရသည့် နိုင်ငံပိုင်မြေ (State Land) အဖြစ် သတ်မှတ်လိုက်သည်ဆိုသော အမိန့်ပြန်တမ်းမျိုးသည် အဆိုပါမြေမျိုး ၂၂ မျိုးတွင် မပါရှိသည့်အတွက် လိုက်နာမှတ်သားရန် အခက်အခဲရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မြေယာအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ပိုင်သည့် မြေများအဖြစ် သတ်မှတ်ပြီးသားဖြစ်သောကြောင့် နိုင်ငံပိုင်ပြီးသားမြေကို နိုင်ငံပိုင်အဖြစ် ပြန်လည်ဖော်ပြ သတ်မှတ်နေသည့်အနေအထားများ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ အဆိုပါ အမိန့်အရ မြေမျိုးအလိုက်စီမံခန့်ခွဲ၍ရသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ဆက်လက်စီမံခန့်ခွဲဆောင်ရွက်ရန် အခက်အခဲဖြစ်စေပါသည်။ ဤအချက်ကိုလည်း အလေးအနက်ထားဆောင်ရွက်သင့်ပါသည်။

### (ဂ) မြေယာစီမံခန့်ခွဲမှုမှန်သမျှ ဥပဒေလုပ်ထုံးလုပ်နည်းကို အခြေခံရခြင်း

မည်သည့်လုပ်ငန်းမဆို စည်းကမ်း၊ နည်းလမ်းအတိုင်း ဆောင်ရွက်ရပါသည်။ စည်းကမ်း၊ နည်းလမ်း၊ မူဘောင်အတိုင်း ဆောင်ရွက်မှသာ ရေရှည်အောင်မြင်မှုကို ရရှိနိုင်ပါသည်။ စည်းကမ်း၊ နည်းလမ်း၊ မူဘောင်မရှိသော လုပ်ငန်းရပ်တိုင်းသည် အချိန်တိုအတွင်း ကျဆုံးသွားလေ့ရှိပါသည်။ မြေယာစီမံခန့်ခွဲမှုသည် ပြည်သူအများ၏ ဘဝအရေးဆိုင်ရာကိစ္စရပ်များ ဖြစ်ပါသောကြောင့် ပို၍စည်းကမ်း၊ နည်းလမ်း ရှိရန်သင့်ပါသည်။ ထို့ကြောင့် မြေယာစီမံခန့်ခွဲမှုမှန်သမျှကို စည်းကမ်း၊ နည်းလမ်းအတိုင်းသာ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စည်းကမ်းသည် ဥပဒေဖြစ်၍ နည်းလမ်းသည် လုပ်ထုံးလုပ်နည်းဖြစ်ပါသည်။ မူဘောင်သည် နည်းဥပဒေ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းကို ကန့်သတ်ဖော်ဆောင်ပေးထားသော မူဝါဒဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြေယာစီမံခန့်ခွဲမှုမှန်သမျှကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်းကို ကျူးလွန်ဖောက်ဖျက်ပြီး မဆောင်ရွက်ရန် အရေးကြီးပါသည်။ မြေယာဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူပြည်သားများ၏ အရေး၊ နိုင်ငံတော်၏အရေးအတွက် လက်တွေ့စီမံခန့်ခွဲပေးနေကြသူများသာမက ပြည်သူလူထုတစ်ရပ်လုံးကလည်း သိရှိနားလည်သဘောပေါက်ပြီး လိုက်နာ

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေရုံသာမက မည်သူ့ကိုမျှ ထိခိုက်မှုမရှိစေဘဲ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး ဖြစ်ထွန်းစေနိုင်မည့် Win Win Solution ဖြစ်မြောက်ရေးကို ဦးတည်ချက်ထားရှိသင့်ပါသည်။

အထက်မှတင်ပြခဲ့သော အချက်များသည် မြေယာစီမံခန့်ခွဲမှုပြုနေသော တာဝန်ရှိပုဂ္ဂိုလ်များသာမက ပြည်သူလူထုအများ သိရှိထားသင့်သော အချက်များဖြစ်ပါ၍ ပညာရှိသတိဖြစ်ခဲ မဖြစ်ရလေအောင် စေတနာထား တင်ပြလိုက်ရပါသည်။ ။



ဆောင်းပါး

# ခေတ်ပြောင်း၊ စနစ်ပြောင်း၊ လူငယ်တို့အတွက် သတင်းကောင်း

**ဆရာအာသာ**



ချိန်းဆိုထားသည့်အချိန်အတိအကျ ကျွန်တော်တို့ တည်းခိုသည့် တိုကျိုမြို့ Rihga Royal Hotel မြေညီထပ်ခန်းမ အတွင်းသို့ ဝင်ရောက်သောအခါ သူတို့အားလုံးက ခရီးဦးကြိုဆိုကြ၏။ တစ်ဦးချင်းစီကို မိတ်ဆက်ပေးသောအခါ ကျွန်တော်အံ့ဩမှုကို မဖုံးကွယ်နိုင်တော့။ မျှော်လင့်ထားသည်နှင့် လားလားမျှမတူ။ ကျွန်တော် တွေ့ဆုံဖို့မျှော်လင့်ထားသည်က အောင်မြင်နေသော အင်တာနက်မားကက်တင်းလုပ်ငန်းရှင်များ၊ ယခုတွေ့နေရသူများကား စီးပွားရေးလုပ်ငန်းရှင်များနှင့်မတူ ပေါ့ပ်ဂီတ အဆိုကျော်များနှင့် ပို၍တူ၏။ အနောက်တိုင်းဝတ်စုံပြည့်၊ ခန့်ခန့်ညားညား ဝတ်စားထားသော်လည်း နုနယ်သောရုပ်ရည်၊ ခေတ်ဆန်သော ဆံပင်ပုံစံ၊ သွယ်လျသော ကိုယ်ဟန်နှင့် တက်ကြွလန်းဆန်းသော အမူအရာတို့ကြောင့် အနုပညာသမားများ၊ ဂီတသမားများဟု ထင်မြင်စေပါသည်။ သို့ရာတွင် ဤဂျပန်လူငယ်အုပ်စုသည် အင်တာနက်မားကက်တင်းလုပ်ငန်းများမှရရှိသော ဝင်ငွေများကြောင့် ဂျပန်နိုင်ငံတွင် လက်ဖျားငွေသီးနေသော လူငယ်များပင်တည်း။ ဤလူငယ်များသည် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်တော့မည့် Internet Marketing Initiatives for Myanmar (IMIM) ပရောဂျက်ကို ဦးဆောင်မည့် ပုဂ္ဂိုလ်များပင်တည်း။

ဤပရောဂျက်ကို ဦးဆောင်မည့် မစ္စတာ အိစဲ (Ryuichiro Ise) သည် ဂျပန်တွင် အောင်မြင်ကြွယ်ဝချမ်းသာသော လုပ်ငန်းရှင်ဖြစ်သော်လည်း အသက် (၃၀) ဝန်းကျင်ခန့်ပင်ရှိဦးမည်။ ၎င်းသည် သာမန်မိသားစုတစ်စု၌ ပေါက်ဖွားခဲ့ပြီး ပညာရေးနောက်ခံ ကြီးကြီးမားမား မရှိခဲ့။ မိသားစုအခြေအနေကြောင့် တက္ကသိုလ်ပညာရေးကို လက်လှမ်းမမီခဲ့ချေ။ ဂျပန်လိုနိုင်ငံမျိုး၌ တက္ကသိုလ်ပညာမရခဲ့သော လူငယ်တစ်ဦး၏ အနာဂတ်သည် မှုန်ဝါးဝါးမျှသာ။ သို့သော် သူက အရှုံးမပေးဘဲ ရရာအလုပ်ဝင်လုပ်ရင်း ကျောင်းပြင်ပ အင်တာနက်ပညာလေ့လာလိုက်စား၏။ အင်တာနက်မားကက်တင်း တစ်ခေတ်ပြောင်းသောအခါ ထိုအခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်ကာ အောင်မြင်သော လုပ်ငန်းရှင် သန်းကြွယ်သူဌေးတစ်ဦးဖြစ်လာခဲ့၏။ ဤလုပ်ငန်းသဘောသဘာဝအရ ရုံးထိုင်စရာမလို၊ နေရာအနှံ့ ခြေဆန့်ခရီးထွက်ရင်းလည်း ဝင်ငွေရနေ၏။ ကုန်ကုန်ပြောလျှင် အိပ်စက်နေသည့်အချိန်ပင် ငွေကဝင်နေ၏။ ဤအံ့မခန်းလုပ်ငန်းဖြင့် သူကြွယ်တစ်ဦးဖြစ်လာချိန်တွင် မအောင်မြင်ခင်က ပင်ပန်းရုန်းကန်ခဲ့ရသော ဘဝကို ပြန်လည်သတိရ၏။ ၎င်းကဲ့သို့ အဆင့်မြင့်ပညာရေးမပြည့်စုံ၍ အခက်အခဲဖြစ်နေသော ဂျပန်လူငယ်များကို စာနာ၏။ ရိုးသားကြိုးစားသော လူငယ်များကို စုစည်းပြီး K 2 Academy ထူထောင်၍ ဤလုပ်ငန်းပညာကို သင်ပေး၏။ ပျိုးထောင်ပေး၏။ ဤပျိုးပင်ကလေးများ သီးပွင့်ဝေဆာလာပြီး ဝင်ငွေကောင်းကောင်းရလာကြ၏။ သူဌေးများဖြစ်လာကုန်၏။

သို့ရာတွင် မစ္စတာအိစဲက သူ၏အိပ်မက်များကို ဂျပန်ပြည်တွင်းမှာသာမက အခြားနိုင်ငံများရှိ လူငယ်၊ လူရွယ်များထံ အရောက်ပို့ချင်၏။ ဤတွင် ၎င်းသွားလာလည်ပတ်ခဲ့ဖူးသော ရိုးသားကြိုးစားသည့် အရှေ့တောင်အာရှမှ လူငယ်များကို သတိရ၏။ အထူးသဖြင့် အရည်အချင်းရှိပါလျက်နှင့် အခွင့်အလမ်း မရကြရှာသော မြန်မာနိုင်ငံမှ လူငယ်များအတွင်း ဦးဦးဖျားဖျားကြိုးစားကြည့်ချင်၏။ မြန်မာပြည်တွင် အလုပ်လုပ်ဖူးသော ဂျပန်မိတ်ဆွေများမှတစ်ဆင့် ဂျပန်တွင် အလုပ်လုပ်နေသော စာရေးသူ၏တူမလေးနှင့် အဆက်အသွယ်ရရှိပြီး စာရေးသူထံသို့ ယမန်နှစ်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့၏။ ၎င်းတို့အဖွဲ့နှင့် ဆွေးနွေးပွဲ၌ မေးခွန်းပေါင်းများစွာ မေးမြန်းအပြီး ၎င်းတို့၏ စိတ်ရင်းစေတနာကို သုံးသပ်နိုင်ခဲ့သဖြင့် မြန်မာပြည်မှ တတ်နိုင်သလောက် ဤပရောဂျက်အောင်မြင်အောင် ကူညီပေးပါမည်ဟူသည့် စာရေးသူ၏ ကတိစကားကို ပိုက်၍ ပျော်ရွှင်စွာ ဂျပန်ပြန်သွားခဲ့ကြ၏။ စာရေးသူဘက်မှလည်း ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံရေးအတွက် အရေးကြီးနေ၍ ၂၀၁၆ မှသာ ပရောဂျက်ကို စတင်ရန် ပန်ကြားခဲ့ပါ၏။ ဤကြားထဲတွင် ၎င်းတို့ဘက်မှ ပြင်ဆင်စရာရှိသည်များ အပြီးသတ်ပြင်ဆင်ထားရန် သဘောတူကြ၏။ ဤသည်ကား Internet Marketing Initiatives for Myanmar (IMIM)၏ နိဒါန်းဖြစ်၏။ မစ္စတာ အိစဲ၏ အိပ်မက်များအား မြန်မာလူငယ်များထံ အရောက်ပို့ပေးနိုင်မည့် လမ်းစတစ်ခုဖြစ်ပေါ်လာခဲ့ပေပြီ။

၂၀၁၆ နှစ်ကူးသည်နှင့် စာရေးသူတို့ ဇနီးမောင်နှံအား ဂျပန်သို့လာရောက်လည်ပတ်ပြီး ၎င်းတို့အဖွဲ့ဝင်များနှင့်တွေ့ဆုံရန် ဖိတ်ခေါ်၏။ သို့ရာတွင် အလုပ်တာဝန်များကြောင့် မသွားနိုင်ခဲ့။ သင်္ကြန်ရက်တွင် အလုပ်ပိတ်ရက်ရှည်ရှိကြောင်း ၎င်းတို့သိရှိသောအခါ မရမက ဖိတ်ကြားသဖြင့် နှစ်သစ်ကူးပိတ်ရက်များအတွင်း စာရေးသူတို့ ဂျပန်ရောက်ပြီး ဤတက်ကြွလန်းဆန်းသော ဂျပန်လူငယ်များနှင့် အတွေးအမြင်ချင်း ဖလှယ်ခွင့်ရရှိခဲ့ပါ၏။ တိုကျိုသို့ ရောက်ရောက်ချင်း ညနေပိုင်းတွင် ပရောဂျက်အကောင်အထည်ဖော်မည့် အမာခံအဖွဲ့သားများအားလုံးနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် သဘောတူစာလွှာကို လက်မှတ်ရေးထိုးခဲ့ကြ၏။ နောက်တစ်နေ့ ညနေတွင်မူ မြန်မာပြည်အတွက် ပရောဂျက်ကို စိတ်ဝင်စားသော၊ မြန်မာပြည်ကိုစိတ်ဝင်စား စေတနာထားသော မိတ်ဆွေများကို ဖိတ်ကြား၍ တိုကျိုမြို့လယ်ရှိ ခန်းမတစ်ခုတွင် IMIM Project စတင်မိတ်ဆက်ပွဲ အခမ်းအနားကို စည်ကားစွာ ကျင်းပနိုင်ခဲ့ကြ၏။

ပုဂ္ဂိုလ် ၇၀ ခန့် ဖိတ်ကြားထားသည်ဆိုသော်လည်း ပရိသတ်ဦးရေ ၁၀၀ ကျော် တက်ရောက်ခဲ့ပြီး အများစုမှာ အင်တာနက် မားကက်တင်းလောကမှ လူငယ်များဖြစ်သော်လည်း ဆရာဝန်များ၊ ရှေ့နေများအပြင် အိမ်ရှင်မများလည်း ပါဝင်၏။ ဂျပန်တွင် ကျောင်းတက်နေသော မြန်မာကျောင်းသား ကျောင်းသူများလည်းပါဝင်၏။ ၎င်းတို့၏ စိတ်ဝင်တစား ဆွေးနွေးမှုများမှာ အင်မတန်အားတက်စရာကောင်း၏။ ဤပရောဂျက်၏ အသေးစိတ်ရည်ရွယ်ချက်၊ အစီအစဉ်များ၊ လျာထားချက်များကို ကြေညာရာတွင် တက်ရောက်သူများက ဝင်ရောက်ဆွေးနွေးအကြံပြုချက်များပေးကြ၏။ မြန်မာလူငယ်တို့အရေးကို နိုင်ငံရပ်ခြားတွင် အားတက်သရော ဆွေးနွေးကြသည်မှာ ပြောမပြနိုင်လောက်အောင်ပင် ဝမ်းသာမိသည်။ မစ္စတာ အိစဲက ပရောဂျက်အမာခံအဖွဲ့သားများနှင့် တစ်ဦးချင်းစီ မိတ်ဆက်ပေးပြီး ၎င်း၏ ဘဝအတွေ့အကြုံများအကြောင်း၊ ၎င်း၏အောင်မြင်မှုနှင့် ၎င်း၏ ရည်မှန်းချက်အိပ်မက်များ အကောင်အထည် စတင်ဖော်ဆောင်ခွင့်ရပြီဖြစ်သဖြင့် ရွှင်လန်းဝမ်းမြောက်ကြောင်းကို လက်ခုပ်သံများကြားမှ ပီတိဖြာလျက် ပြောကြား၏။

စာရေးသူအလှည့်တွင်မူ ပရိသတ်အား စကားပြန်မှတစ်ဆင့် လူငယ်များနှင့်ပတ်သက်၍ ရင်ထဲမှ ခံစားရသည့်အတိုင်း ပြောကြားရာ စာရေးသူက ကျောင်းဆရာတစ်ဦးအဖြစ် နှစ်ပေါင်း ၂၅ နှစ်ခန့် အသက်မွေးလာခဲ့ရာ မြန်မာလူငယ်များနှင့် နေ့စဉ် ရင်းနှီးစွာ တွေ့ဆုံနေရကြောင်း၊ မြန်မာလူငယ်၊ ဂျပန်လူငယ် မည်သည့်လူငယ်မဆို ဤကမ္ဘာ့ရွာခေတ်ကြီး၌ ခံစားချက်၊ ယုံကြည်ချက်၊ မျှော်လင့်ချက်တို့သည် အတူတူပင်ဖြစ်ကြောင်း ခေတ်ပေါ်ပစ္စည်းများသုံး၍ ခေတ်မီလူနေမှုအဆင့်အတန်းနှင့် နေနိုင်ရန် ပိုက်ဆံများများ ရှာချင်ကြကြောင်း၊ လူငယ်အားလုံး မဟုတ်မခံစိတ်ဓာတ်ရှိကြကြောင်း၊ ပညာရေးရည်မှန်းချက် မြင့်မားကြကြောင်း၊ ပရဟိတလုပ်ငန်းများအတွက် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလိုကြောင်း၊ လူမှုကွန်ရက်များအသုံးပြုပြီး မိတ်ဆွေများဆီသို့ မိမိတို့ခံစားချက်များကို ဖွင့်ဟချင်ကြကြောင်း၊ လူငယ်အားလုံး အတူတူပင်ဖြစ်ကြောင်း၊ သို့ရာတွင် ဂျပန်လူငယ်နှင့် မြန်မာလူငယ်တို့မတူညီကြသည့် အချက်တစ်ခုရှိကြောင်း၊ ၎င်းမှာ မြန်မာလူငယ်များ၏ နှစ်ပေါင်းများစွာ မျှော်လင့်ချက်တို့ မှုန်ဝါးနေခဲ့ကြောင်း၊ ယခုခေတ်ပြောင်းချိန်တွင်မှ မျှော်လင့်ချက်တို့ ပြန်လည်ရှင်သန်လာကြောင်း၊ ဤပရောဂျက်မှအစပြု၍ မြန်မာလူငယ်များအတွက် အခွင့်အလမ်းများစွာ ရှိနေကြောင်းကို သက်သေပြလိုကြောင်း စသည်ဖြင့် ရင်ထဲမှာရှိသည့်အတိုင်း ပြောကြားခဲ့ရာ ပရိသတ်က အထူးပင်စိတ်ဝင်တစား နားထောင်ကြသည်ကို တွေ့ရ၏။ ပွဲပြီးပြီးချင်းပင် မိတ်ဆက်ဂုဏ်ပြုစကား လာပြောကြသူများ အများအပြားပင်ရှိ၏။ ပရောဂျက်တာဝန်ခံပုဂ္ဂိုလ်များထံတွင် ချက်ချင်းငွေလှူဒါန်းသွားသူများကိုပင် တွေ့ရသဖြင့် အလွန်စိတ်အားတက်မိပါ၏။

ဤ IMIM ပရောဂျက်၏ ပထမအဆင့်သည် အလားအလာရှိသော မြန်မာလူငယ်များကို ဇူလိုင်လထဲတွင် တွေ့ဆုံပြီး ပထမသုတ် သင်တန်းပေးနိုင်ရန် လူငယ် ၁၀ ဦးအား ဆန်ခါတင်ရွေးချယ်မည်ဖြစ်ပြီး ဩဂုတ်လဆန်းတွင် ဂျပန်ပညာရှင်များက စတင်သင်တန်းပေးမည်ဖြစ်၏။ ထို့နောက် မြန်မာလူငယ်များ ယုံကြည်ချက်အပြည့်ဖြင့် ဘလော့ဂ်များရေးနိုင်သည်အထိ အွန်လိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ မြန်မာပြည်သို့ ထပ်မံလာရောက်၍သော်လည်းကောင်း ဆက်လက်သင်ကြားပေးမည်ဖြစ်၏။ ဘလော့ဂ်ရေးခြင်း၊ နိုင်ငံတကာမားကက်သို့ ထိုးဖောက်ဝင်ရောက်ခြင်းတို့ ကျွမ်းကျင်လာပါက ပုံမှန်ဝင်ငွေစတင်ရရှိမည်ဖြစ်ပြီး ဦးဆောင်မှုပေးနိုင်မည့် ထူးချွန်သည့် သင်တန်းသားများကို ဂျပန်နိုင်ငံသို့ ဖိတ်ခေါ်၍ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ပေးခြင်း၊ လုပ်ငန်းခွင်အတွေ့အကြုံရရှိအောင် စီစဉ်ပေးခြင်း၊ အဆင့်မြင့် အင်တာနက်မားကက်တင်းပညာများ ထပ်မံသင်ကြားပေးပြီး နောက်ဆုံးအဆင့်၌ ဤစွမ်းရည်ပြည့်လူငယ်များက (IMIM) ပရောဂျက်ကို တာဝန်လွှဲယူပြီး ဆက်လက်ဦးဆောင်သွားနိုင်ရန်နှင့် နောက်မျိုးဆက်များအား လက်တွဲခေါ်သွားရန် ရည်ရွယ်ထားခြင်းဖြစ်၏။

သို့ပါ၍ ဤစီမံချက်သည် အလုပ်အကိုင်ရှားပါးချိန်၌ ဝင်ငွေရှာလိုသည့် အင်္ဂလိပ်ဘာသာစကားနှင့် မစိမ်းသည့် လူမှုကွန်ရက်များ အမြဲသုံးနေသော မြန်မာလူငယ်များအတွက် အခွင့်အလမ်းကောင်းတစ်ခုဟု မြင်ပါ၏။ ကိုယ်ပိုင်လက်ပ်တော့ ကွန်ပျူတာတစ်လုံးရှိပါက ပို၍အဆင်ပြေပါ၏။ သင်တန်းသားရွေးချယ်ရေးအတွက် လိုအပ်ချက်တစ်ခုသည်ကား ရိုးရှင်းသော အင်္ဂလိပ်ဘာသာဖြင့် အက်ဆေးတစ်ပုဒ်ရေးပို့ရန် ဖြစ်ပါ၏။ အက်ဆေးခေါင်းစဉ် သီးခြားဖော်ပြရန် မလိုအပ်ပါ။ မိမိတို့မျှော်လင့်ချက်၊ ရည်မှန်းချက်၊ ကြုံတွေ့ရဖူးသော အခက်အခဲစိန်ခေါ်မှုတစ်ခုအား မည်ကဲ့သို့ ကျော်ဖြတ်နိုင်ခဲ့သည့် အတွေ့အကြုံကို စာလုံးရေ ၂၅၀ ထက်မလျော့စေဘဲ မိမိတို့အား ဆက်သွယ်ရမည့် ဖုန်းနံပါတ်ဖော်ပြကာ Sayar.arthur@gmail.com သို့ အမြန်ဆုံးပေးပို့ပါက သင်တန်းသားရွေးချယ်မည့် စာရင်းဝင်သွားမည်ဖြစ်၍ အခွင့်အလမ်းကောင်းတစ်ခုအတွက် ကြိုးစားကြည့်ကြရန် ဖိတ်ခေါ်အပ်ပါ၏။

လူငယ်များသည် ပွင့်လင်း၏။ တက်ကြွ၏။ သင်ယူလို၏။ တိုးတက်ကြီးပွားလိုစိတ် အမြဲထက်သန်၏။ စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံများကို ရင်ခုန်စွာ မျှော်လင့်၏။ ဘဝအဆင့်အတန်း မြင့်မားစွာနေလို၏။ "ဂလိုဘယ်လိုက်ဇေးရှင်း" ဖြစ်စဉ်ကြီး၌ အောင်မြင်စွာ စီးမျောလို၏။ ဤလူငယ်များအတွက် တိုင်းပြည်ခေါင်းဆောင်မှု အပြောင်းအလဲတွင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများစွာ တစ်နေ့တခြား ပေါ်လာမည်ကား မြေကြီးလက်ခတ်မလွဲပင်တည်း။ အဆက်အသွယ်၊ တတ်သိပညာနှင့် မိမိကိုယ်မိမိ ယုံကြည်မှုများ အမြဲတိုးတက်နေအောင် ကြံဆောင်ကြရင်း အခွင့်အလမ်းကောင်းများစွာကို အမိအရ ဆုပ်ကိုင်နိုင်သူများ ဖြစ်ကြစေကြောင်း ဆန္ဒမွန်ပြုပါ၏။

# ရောဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ) ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် ဇွန် ၂၃**

ရောဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၃)နှင့်(၄) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီး ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန်ရေလမ်းကြောင်းကို၂၀၁၆ ခုနှစ် ဇွန် ၂၈ ရက်မှစတင်၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်ဖြစ်သည်။ အစုန်ရေယာဉ်အား ဦးစားပေးရန်နှင့်ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်သတင်း ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# မြို့နယ်အဆင့်ကျောင်းကျန်းမာရေး စံပြဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၃**

အင်းစိန်မြို့နယ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) အင်းစိန် ရောဝတီခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ကျောင်းကျန်းမာရေးကော်မတီနာယက ဦးအေးမင်းနှင့် မြို့နယ်ပညာရေးမှူး ကျောင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်အေးအေးစန်းတို့က ကျောင်းကျန်းမာရေး စံပြဆုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများဖြစ်သော အထက(၆)၊ (၁)၊ (၅)၊ အလက(၂)၊ (၁၀)၊ (၉) ကျောင်းတို့နှင့် အမက(၁)၊ (၁၂)၊ (၃၉) ကျောင်းတို့မှ ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းများကို မြို့နယ် ကျောင်းကျန်းမာရေးကော်မတီနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(နေမင်း)**

# အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်အကွာရှိ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)**






နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာအောင်သူ၊ ဦးဖေဇင်ထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး အထက်ပေါင်းလောင်း ပင်မတမံနှင့် စီမံကိန်းပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ပင်မတမံအခြေအနေ၊ ရေဝင်ရောက်မှု၊ ရေသိုလှောင်နိုင်မှု၊ စက်တပ်ဆင်အင်အားနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက အထက်ပေါင်းလောင်းစီမံကိန်းအပါအဝင် ပေါင်းလောင်းမြစ်ပေါ်၌ စီမံကိန်းသုံးခု အကောင်အထည်ဖော်ထားရှိပြီး အလယ်ပေါင်းလောင်းစီမံကိန်း ဆက်လက်ဆောင်ရွက်ရန်လျာထားမှု၊ အထက်ပေါင်းလောင်းစီမံကိန်း ဆောင်ရွက်စဉ်က ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကျေးရွာများအား စနစ်တကျရွှေ့ပြောင်းနေရာချထားပေးမှု၊ ရွှေလီ(၃)၊ အထက်ရဲရွာ၊ သူငွေးနှင့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက အထက်ပေါင်းလောင်းစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုအခြေအနေ၊ ဓာတ်အားထုတ်လုပ်လျက်ရှိသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ အခြေအနေများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်မှုခန့်မှန်းချက်၊ ၂၀၁၇ ခုနှစ် နွေရာသီဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမည့်အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ကန့်သတ်ချက်များ၊ ဓာတ်အားခနှုန်းထားနှင့် စိုက်ထုတ်သုံးစွဲမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ပြည်သူများ လက်တွေ့အကျိုးခံစားရပြီး ထင်သာမြင်သာရှိသည့်လုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်း၍ နည်းလမ်းရှာဖွေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ ဓာတ်အားပေးစက်များနှင့် ဓာတ်အားထိန်းချုပ်ခန်းတို့ကိုလည်းကောင်း၊ ပင်မတမံရှုရပ်မှ အထက်ပေါင်းလောင်းပင်မတမံ ရေယူအဆောက်အအုံနှင့် ရေဝပ်ဧရိယာတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာသို့သွားရောက်၍ ဝန်ထမ်းများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့သည်။ ပင်မတမံသည် ကွန်ကရစ်တမံ (RCC Dam) အမျိုးအစားဖြစ်ပြီး အလျား ပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၀၄၂၇၀၀ ရှိသည်။ ဓာတ်အားပေးစက်ရုံဓာတ်အားပေးစက်နှစ်လုံးမှ စက်တပ်ဆင်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ ၄၅၄ သန်းခန့်ကို နိုင်ငံတော်မဟာဓာတ်အား ကွန်ရက်စနစ်သို့ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိပြီး ပေါင်းလောင်းမြစ်ပေါ်တွင် ၁၀၀ မဂ္ဂါဝပ်ထွက်ရှိမည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းကျရောက်သော ကျေးရွာများ ရွှေ့ပြောင်းရေးအတွက် စုစုပေါင်းငွေကျပ် ၃၁ ဒသမ ၅၃၄ ဘီလီယံ အကုန်အကျခံ ဆောင်ရွက်ခဲ့ပြီး ကျေးရွာသစ်နေရာများအတွက် စိုက်ပျိုးမြေ ၈၂၉၇ ဧကခန့်ကိုလည်း ဖော်ထုတ်ပေးခဲ့သည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနကလည်း ကျေးရွာသစ်နေရာအား မြို့သစ်အဖြစ် တည်ထားပေးခဲ့သည်။

စစ်တောင်းမြစ်ဝှမ်းပေါ်တွင် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ပေါင်းလောင်း၊ ခပေါင်း၊ ဖြူးချောင်း၊ ကွန်းချောင်း၊ ရဲနွယ်၊ ဇောင်းတူ၊ နန်ချို၊ သောက်ရေခပ်(၂)နှင့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း စုစုပေါင်း စီမံကိန်း ၁၀ ခု တည်ဆောက်ထားရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် စုစုပေါင်း ၈၃၀ မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈ သန်းရှိသည့်အနက် ၂၀၁၅-၂၀၁၆ ခုနှစ်အထိ အိမ်ထောင်စု ၃ ဒသမ ၈ သန်း လျှပ်စစ်ဓာတ်အား ရရှိပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဇမ္ဗူသီရိမြို့နယ်တွင် ကျောင်းကြို/ပို့ယာဉ်များ စတင်ပြေးဆွဲ

**နေပြည်တော် ဇွန် ၂၃**

ကျောင်းသား ကျောင်းသူများ ကျောင်းတက်၊ကျောင်းဆင်းသွားရေးလာရေး အဆင်ပြေစေရန်၊ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် မိဘများ ကုန်ကျစရိတ်သက်သာရေး ရည်ရွယ်၍ ကျောင်းကြို/ပို့ယာဉ် (မီနီဘတ်)များ ပြေးဆွဲပေးခြင်းကို ဇွန် ၂၃ ရက်မှစ၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းမှ ကနဦးအနေဖြင့် ယာဉ်နှစ်စီး စတင်ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါ ကျောင်းကြို/ပို့ယာဉ် (မီနီဘတ်)များ စတင်ပြေးဆွဲနေမှု အခြေအနေကို နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့်အဖွဲ့သည် ဆောင်ရွက်နေမှုအဆင်ပြေမှု ရှိ၊ မရှိနှင့် အခက်အခဲရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြနိုင်ရန်အတွက် သွားရောက်ကြည့်ရှုအားပေးသည်။

"လှူဒါန်းရရှိထားတာကတော့ အစီး၄၀ ပါ။ ကနဦးအနေနဲ့စပြီး ပြေးဆွဲပေးတာကတော့ နှစ်စီး၊ ငါးစီးကိုတော့ အရန်ချန်ထားမှာဖြစ်ပြီး ကျန်တဲ့ကားတွေအားလုံးကိုတော့ နောက်တစ်ပတ်ထဲမှာ ပြေးဆွဲနိုင်ဖို့နဲ့ ယာဉ်မောင်းတွေခန့်အပ်နိုင်အောင်လည်း စီစဉ်ထားပါတယ်။ အခုကတော့ အမြန်လမ်း မိုင်တိုင် ၂၀၄ မိုင် ၄ ဖာလုံအနီးမှာရှိတဲ့ မကျည်းကုန်း၊ ပိတောက်ကုန်း၊ ဝွေးတောက်ရိုးနဲ့ ဆယ်စုကျေးရွာတို့မှ ကျောင်းသားကျောင်းသူ ၅၆ ဦးကို နံနက် ၈ နာရီ အရောက်ကြိုပေးတယ်" ဟု ညွှန်ကြားရေးမှူးဦးစိုးဝင်းက ပြောကြားသည်။

"ကျွန်တော်တို့က အရင်ကတော့ ကြို/ပို့ယာဉ်ကို လစဉ်ကြေးကျပ်တစ်သောင်းပေးပြီး ကျောင်းတက်နေရတယ်။ အခုတော့ ကျောင်းကြို/ ပို့ယာဉ်စီစဉ်ပေးတော့ ပိုက်ဆံပေးစရာ မလိုသလို အန္တရာယ်ကင်းကင်းနဲ့ ကျောင်းတက်ရောက်နိုင်လို့ဝမ်းသာပါတယ်"ဟုကျောင်းကြို/ ပို့ယာဉ်ပေါ်ပါ ကျောင်းသားတစ်ဦးက ပြောကြားသည်။




Korea International Cooperation Agency မှ ပညာရေးဝန်ကြီးဌာနသို့ "School Buses" အစီး ၄၀ကို ဇွန် ၁၇ ရက်က လှူဒါန်းခြင်းဖြစ်ပြီး ယခုစီမံကိန်းအောင်မြင်မည်ဆိုပါက ဆက်လက်တိုးမြှင့်၍ လှူဒါန်းမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

## နှမ်းအသစ်များဝင်ရောက်လာသော်လည်း နှမ်းရောင်းစုံဈေးကွက် ပုံမှန်သာအရောင်းအဝယ်ဖြစ်

**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့နှမ်းဈေးကွက်အတွင်း နှမ်းအသစ်များဝင်ရောက်လာပြီး နှမ်းရောင်စုံဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်သာရှိနေကြောင်း ဒေသခံနှမ်းကုန်သည်များကပြောသည်။ လတ်တလော ဈေးကွက်အတွင်းတွင် ရေစကြိုနှမ်းဖြူအသစ် ၄၅ ပိဿာတစ်အိတ်ကို ကျပ် ၉၀၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေပြီး တရုတ်နှင့် ရန်ကုန် ကုန်သည်များဝယ်ယူမှုရှိကြောင်း သိရသည်။

ရတနာထွန်းပွဲရုံမှ နှမ်းကုန်သည်ဦးသိန်းစံက "နှမ်းအသစ်တွေတော့ ဝင်လာတယ်။ တရုတ်နဲ့ ရန်ကုန်ကိုပဲ အဓိကအားပြုရတာပါ။ အရောင်းအဝယ်ကတော့ ပုံမှန်ပဲ။ စမုံနှမ်းနက်လိုနှမ်းတောင်မှ ပစ္စည်းအရည်အသွေးကောင်းမှ အရောင်းအဝယ်ဖြစ်တာ"ဟုပြောသည်။

နှမ်းရောင်စုံဈေးကွက်သည် တရုတ်နိုင်ငံဈေးကွက်ကို အဓိကထားကာရောင်းချနေခြင်းဖြစ်ပြီး ယခုရက်ပိုင်းတွင် တရုတ်ကုန်သည်များက နှမ်းဖြူနှင့် စမုံနှမ်းနက်ကို အဓိကဝယ်ယူလျက်ရှိသည်။ ရန်ကုန်ကုန်သည်များက နှမ်းဖြူနှင့်နှမ်းညိုကို အဓိကထား ဝယ်ယူနေကြောင်း နှမ်းပွဲရုံများကပြောသည်။

နှမ်းကုန်စည်ဒိုင်ကထုတ်ပြန်သည့် ဇွန် ၂၃ ရက်ဈေးနှုန်းများအရ ၄၅ ပိဿာဝင် တစ်အိတ်လျှင် နှမ်းနက်(စမုံ)တစ်အိတ် ကျပ် ၁၆၀၀၀၀၊ နှမ်းနက်တစ်အိတ် ကျပ် ၁၀၀၀၀၀၊ နှမ်းညိုတစ်အိတ် ကျပ် ၇၉၀၀၀၊ ပန်းနှမ်းတစ်အိတ် ကျပ် ၉၇၀၀၀နှင့် နှမ်းဖြူတစ်အိတ် ကျပ် ၁၀၄၀၀၀ တို့ဖြင့် အသီးသီးအရောင်းအဝယ် ဖြစ်နေသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းများအရ ဇွန် ၄ ရက်မှ ၁၀ ရက်တာ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၂၅၁၉၀ တန်ဖိုးရှိသည့် နှမ်းနက်တန် ၁၆၀ ကျော်နှင့် ကန်ဒေါ်လာ ၁၉၈၆၀၀ တန်ဖိုးရှိ နှမ်းဖြူ ၁၆၄ တန်ကို တင်ပို့ခဲ့ကြောင်း သိရသည်။ **ရဲလင်းထက်(AMIA)**

## ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံတွင် နှစ်နှစ်အတွင်း ရုပ်ရှင်ရုံ ၁၀၀ တည်ဆောက်ရေးနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် JICA Myanmar Office ၏ Chief Representative ဖြစ်သူ Mr. Keiichiro Nakazaw နှင့် အဖွဲ့အား လည်းကောင်း၊ Advanced Broadcast Solution (ABS) ၏ Director-CTO ဖြစ်သူ Mr. Dennis Breckenridge နှင့်အဖွဲ့အား လည်းကောင်း၊ MAZE Co.,Ltd. ၏ ဥက္ကဋ္ဌဖြစ်သူ ဦးလွင်မိုးနှင့် အဖွဲ့အားလည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန၌ သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် JICA Myanmar Office ၏ Chief Representative နှင့်တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Capacity Development Project နှင့်ပတ်သက်၍ လည်းကောင်း၊ Advanced Broadcast Solution (ABS) ၏ Director-CTO နှင့် တွေ့ဆုံစဉ် ရုပ်သံထုတ်လွှင့်ရေးဆိုင်ရာနည်းပညာများ မြှင့်တင်ရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကို လည်းကောင်း၊ MAZE Co., Ltd. ၏ ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် နှစ်နှစ်အတွင်း ရုပ်ရှင်ရုံ ၁၀၀ တည်ဆောက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးနှင့် စာမျက်နှာ(၉)တို့တွင် ပါရှိသော **"နိုင်ငံတော်သမ္မတရုံးမှ ကော်မတီလေးခုဖွဲ့စည်းမှုအမိန့်ထုတ်ပြန်"** သတင်းတွင် **"နိုင်ငံသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ"** (အစား) **"နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းအား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဇွန် ၂၄**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းအား နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၍




# မြစ်ကြီးနားမြို့၌ မတော်တဆကျည်ပေါက်ထွက်သေဆုံးခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၂၃**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဗလမင်းထင်တံတား၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားနှစ်ဦးသည် လုံခြုံရေးတာဝန်ခံအရာရှိ၏တာဝန်ပေးချက်အရ နှောင့်ယှက်ခံရသည့်လူငယ်လေးဦးကို ကူညီလိုက်ပါပို့ဆောင်စဉ် လူရှစ်ဦးက လုံးထွေးထိုးကြိတ်ပြီး သေနတ်လုယူရာမှ မတော်တဆကျည်ပေါက်ထွက်ပြီး မောင်ဂွမ်ဆိုင်းအောင် ထိမှန်သေဆုံးခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဗလမင်းထင်တံတား၌ လုံခြုံရေးဆောင်ရွက်နေသည့် နယ်မြေခံတပ်လုံခြုံရေးအဖွဲ့ထံသို့ ဇွန် ၂၀ ရက် ည ၉ နာရီခန့်က ဝိုင်းမော်ဘက်မှပြန်လာသော မြစ်ကြီးနားမြို့နေ မောင်ဝင်းမျိုးသန့်၊ မောင်ဆီဆာရဲ၊ မနန်းလေးဝါးနှင့် မနွေးစန္ဒီဇော်တို့ လေးဦးရောက်ရှိလာပြီး အမည်စိစစ်ဆဲ လူရှစ်ဦးက ၎င်းတို့ဆိုင်ကယ်အား လုယူရန်နှောင့်ယှက်ခံရကြောင်းပြောဆို၍ အကူအညီတောင်းခံခဲ့ကြောင်း၊ တံတားလုံခြုံရေးတာဝန်ခံအရာရှိ၏တာဝန်ပေးချက်အရ ဒုတိယတပ်ကြပ် နန်ဟီးခင်တန်နှင့် တပ်သား မောင်မောင်တို့က ၎င်းလူငယ်များကို သီတာရပ်ကွက်အနီးရှိ ဓာတ်ဆီဆိုင်အထိ ဆိုင်ကယ်ဖြင့်လိုက်ပါပို့ဆောင်ခဲ့ကြောင်း၊ စစ်သည်နှစ်ဦး ဆိုင်ကယ်နှင့်ပြန်လည်ထွက်ခွာလာစဉ် လူငယ်လေးဦးအား နှောင့်ယှက်ခဲ့သည့် လူရှစ်ဦးကစောင့်ဆိုင်း၍ လုံးထွေးထိုးကြိတ်ပြီး တပ်သား မောင်မောင်ထံမှ သေနတ်လုယူစဉ် မတော်တဆကျည်ပေါက်ထွက်၍ မောင်ဂွမ်ဆိုင်းအောင်ဆိုသူမှာ ကျည်ထိမှန်သေဆုံးခဲ့ပြီး ကျန်လူများထွက်ပြေးသွားခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဇွန် ၂၂ ရက်က ကချင်ပြည်နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ဘေးပယောဂများကြောင့် မလိုလားအပ်သည့်ပြဿနာများမဖြစ်ပွားစေရန် ဖြစ်စဉ်မှန်အား ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် သေဆုံးခဲ့သူ မောင်ဂွမ်ဆိုင်းအောင်သည် ၂၀၁၃ ခုနှစ် အုပ်စုဖွဲ့လုယက်မှုပြစ်ချက်ဟောင်း ဖြစ်စဉ်မှတ်တမ်းတွင်ပါဝင်သူဟုသိရှိရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်တွေ့ရှိမှုအပေါ် တပ်မတော်က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ခိုက်ရန်ဖြစ်ပွားမှုအပေါ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၃**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် သူရဲသမိန်ကျေးရွာတွင် ရွာသူရွာသားအချို့ ခိုက်ရန်ဖြစ်ပွားမှုအပေါ် ဖြစ်စဉ်အားစိစစ်ပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝေါမြို့နယ် သူရဲသမိန်ကျေးရွာတွင် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ၎င်းကျေးရွာရှိ ကျေးရွာသားအချို့ ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ၎င်းရွာရဲကင်းစခန်းမှူး ဦးစီးအဖွဲ့မှ သွားရောက်ထိန်းသိမ်းခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် လူစုကွဲခဲ့ကြောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ရာရှစ်ဆိုသူမှာ ဝဲဘက်ချိုစောင်းတွင် အနည်းငယ်ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် ဆေးကုသပေးခဲ့ကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာသို့ ဝေါမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီး တပ်ဖွဲ့ဝင်များ သွားရောက်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သူရဲသမိန်ကျေးရွာမှ ရွာသူရွာသား ၂၀၀ ခန့်သည် ညနေ ၃ နာရီခွဲခန့်တွင် ၎င်းရွာရှိ ဘာသာရေးအဆောက်အအုံနှင့် အနီးရှိနေအိမ်မှ ပစ္စည်းများကို ဝင်ရောက်ဖျက်ဆီးခဲ့ပြီး ညနေ ၄ နာရီခွဲခန့်တွင် လူစုကွဲသွားကြောင်း၊ အခင်းဖြစ်ပွားရာသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သွားရောက်ကာ ညှိနှိုင်းဖြေရှင်းပေးလျက်ရှိပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဖြစ်စဉ်ကို စိစစ်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



ဝေါမြို့နယ် သူရဲသမိန်ကျေးရွာရှိ ဖျက်ဆီးခံရသည့် နေအိမ်ကို တွေ့ရစဉ်။

## မုံရွာခရိုင်အတွင်း သစ္စာစီမံချက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မုံရွာ ဇွန် ၂၃**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ရွှေ့ပြောင်းလုပ်သားများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသားစိစစ်ခြင်း၊ အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအတွက် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများကို မုံရွာခရိုင်အတွင်းရှိ မြို့နယ်များတွင် တစ်ပြိုင်နက်တည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မုံရွာခရိုင်အတွင်း လုပ်ငန်းများကွင်းဆင်းဆောင်ရွက်သည့်နေရာများသို့ ဇွန် ၂၀ ရက်က တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မုံရွာမြို့ ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း (အလက)တွင် ၁၅၉ ဦး၊ ချောင်းဦးမြို့နယ် မှန်ချိအလကတွင် ၂၁၆ ဦး၊ အရာတော်မြို့နယ် ဝါးတန်းကျေးရွာ အထက(ခွဲ)တွင် ၅၁ ဦး၊ ဘုတလင်မြို့နယ် ကျောက်အိုးတောင် အလကတွင် ၉၁ ဦး စုစုပေါင်း ၅၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**



## စာပေပရိယတ္တိသင်ကြားလျက်ရှိသော သာမဏေ၊ သီလရှင်၊ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ကလေးဝတောရ ပရိယတ္တိစာသင်တိုက်၊ ပိတောက်ရွှေဝါ ပရိယတ္တိစာသင်တိုက်နှင့် ရတနာ့ဗိမာန် ပရိယတ္တိစာသင်တိုက်တို့၌ နယ်စပ်ဒေသများမှ စာပေပရိယတ္တိသင်ကြားလျက်ရှိသော သာမဏေ၊သီလရှင်၊ ကျောင်းသား ကျောင်းသူများအတွက် လစဉ် ဆန်၊ဆီ၊ဆား၊ပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယခုဆိုလျှင် နှစ်ပေါင်း ၂၃ နှစ်ရှိပြီဖြစ်သည်။

အဆိုပါ စာသင်တိုက်များသို့ ဆန်၊ဆီ၊ဆား၊ပဲများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရ ပရိယတ္တိ စာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက ဧည့်ပရိသတ်များအား အနုမောဒနာတရားတော် ချီးမြှင့်တော်မူသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ဆရာတော်ထံ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မရမ်းကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်ရှိ သာမဏေ၊ သီလရှင်၊ ကျောင်းသား ကျောင်းသူ ၁၅၆၅ ဦးအတွက် ဆန် ၂၄၃ အိတ်၊ ဆီ ၂၃၅ ပိဿာ၊ ဆား ၂၃၅ ပိဿာနှင့် ပဲ ပိဿာ၄၇၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိတ္ထီလာ(တောင်)ကန် ရေလှောင်ပမာဏ ပိုမိုသိုလှောင်နိုင်ရန် ကမ်းခြေတစ်လျှောက် သဲနုန်းပို့ချသောကျွန်းခုံများအား တူးဖော်



**မိတ္ထီလာ ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ကြီးကြပ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး အစိုးရ၏ ရရှိရန်ပုံငွေဖြင့် မိတ္ထီလာ(တောင်)ကန်အတွင်း ရေလှောင်ပမာဏ ပိုမိုသိုလှောင်နိုင်ရန်အတွက် ကမ်းခြေတစ်လျှောက် သဲနုန်းပို့ချခဲ့သော ကျွန်းခုံများအား စက်ယန္တရားများဖြင့်တူးဖော်၍ လက်ရှိနိမ့်ကျနေသော ကန်ပေါင်အား တာပေါင်ဖို့ခြင်းဖြင့် ကန်ပေါင်တောင့်တင်းခိုင်မာစေရန်၊ ရပ်ကွက်နေပြည်သူများ အသုံးပြုပြီးသော ရေဆိုးများအား နိမ့်ကျနေသော ကန်ပေါင်မှ ကန်အတွင်းသို့ ကျော်ကျဝင်ရောက်မှုမရှိစေရန် တားဆီးပေးနိုင်ရန်တို့အတွက် ဇွန် ၇ ရက်မှ စတင်၍ စက်ယန္တရားကြီးများဖြင့် မင်းမြတ်စံကုမ္ပဏီမှတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ၏ ရရှိရန်ပုံငွေဖြင့် မိတ္ထီလာ(တောင်) ကန်အတွင်း ရေလှောင်ပမာဏ ပိုမိုသိုလှောင်နိုင်ရန်အတွက် ကမ်းခြေတစ်လျှောက် သဲနုန်းပို့ချခဲ့သော ကျွန်းခုံများအား စက်ယန္တရားများဖြင့် တူးဖော်၍ လက်ရှိနိမ့်ကျနေသော ကန်ပေါင်အား အလျားပေ ၈၂၀၀၊ တာပေါင် အမြင့် ၁၀ ပေ၊ ထိပ်ပြင်အကျယ်ပေ ၅၀ ရှိ ကန်ပေါင်မြှင့်တင်ပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကန်အတွင်း ရေလှိုင်းရိုက်ခတ်တိုက်စားမှုဒဏ်မှ ကာကွယ်ရန် ရေလှိုင်းကာကျောက်ရိုးစီခြင်း လုပ်ငန်းကိုလည်း မြေကြီးကျင်းပေါင်း ၄၃၀၀၀ တူးဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မိုးရာသီကန်အတွင်းရေပမာဏမြင့်တက်များပြားချိန်တွင် နိမ့်ကျနေသော တာပေါင်အား ကျော်ဖြတ်၍ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုမရှိစေရန် တားဆီးပေးနိုင်ခြင်း၊ ပြင်ပမှရေဆိုးများကန်တွင်းသို့ ဝင်ရောက်မှုမရှိစေရန် ကာကွယ်တားဆီးပေးနိုင်ခြင်း၊ သဲနုန်းကျွန်းခုံများအား တူးဖော်ဖယ်ရှားနိုင်ခြင်းအတွက် ရေလှောင်ပမာဏ ဂါလန် ၂၅ ဒသမ ၂၇ သန်းခန့် ပိုမိုသိုလှောင်အသုံးပြုနိုင်ခြင်း၊ ကန်ပေါင်ထိပ်ပြင်တစ်လျှောက် လူထုကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားသည့် လေ့ကျင့်ခန်းနိုင်ခြင်း၊ သောက်သုံးရေကို သန့်ရှင်းဖူလုံစွာ အသုံးပြုနိုင်ခြင်းနှင့် စိုက်ပျိုးရေအတွက် ရေပိုမိုသိုလှောင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဇလွန်မြို့ မြစ်ကမ်းအလျှော့ထိန်းနှင့် အရေးပေါ်မြစ်ကမ်းကာကွယ်ရေး လုပ်ငန်းဆောင်ရွက်

**ဇလွန် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် တောင်ပို့တရာကျေးရွာတွင် မြစ်ကမ်းအလျှော့ထိန်းနှင့် အရေးပေါ်မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ယနေ့နံနက်ပိုင်းက ဧရာဝတီ၊ ဟင်္သာတ တာဝါသလကျေးရွာ တာမိုင် (၁၇ / ၆) မှ (၁၈ / ၆)တွင် မြစ်ရေမြင့်တက်လာသည့်အတွက် တာမိုင် (၁၈ / ၆)တွင် ကမ်းနှင့် မြစ်အကွာအဝေး(၀ ပေ) ဖြစ်သွားသည့်အတွက် အရေးပေါ်မြစ်ကမ်းထိန်းသိမ်းခြင်း၊ တာလုံးရွှေ့ခြင်း လုပ်ငန်းများကို စက်အင်အား ဘက်ဟိုးသုံးစီး၊ ဘူဒိုဇာသုံးစီး၊ လူအင်အား ၉၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ ဒုတိယမြို့နယ် ဦးစီးမှူး ဦးသန့်စင်မျိုး၊ မြို့နယ် ဆည်မြောင်းဦးစီးအရာရှိ ဦးသက်ဝင်းတို့က မြစ်ကမ်းထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိနေမှုတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။**(ငွေသန်း)**

## ဖရဲသခွားမျိုးစေ့ဖိုရမ်ကို မန္တလေးမြို့ ဦးလှသိန်းဗိမာန်၌ ကျင်းပမည်

**မန္တလေး ဇွန် ၂၃**

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဖရဲသခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့မှ ကျင်းပမည့် ဖရဲသခွားမွေးမျိုးစေ့ဖိုရမ်နှင့် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ နှီးနှောဖလှယ်ပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ (၃၄) လမ်းနှင့် (၃၅) လမ်းကြား (၈၅) လမ်းမပေါ်ရှိ ဦးလှသိန်းဗိမာန်တွင် ကျင်းပမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ်သူအစုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

"မျိုးစေ့ဖိုရမ်မှာ အာမခံချက်ရှိတဲ့ မျိုးစေ့ ရောင်းဝယ်ထုတ်လုပ်ရေးကို အဓိကထားဆွေးနွေးဖို့ ပြင်ဆင်ထားပါတယ်။ အခုလက်ရှိ ဖရဲသခွားမျိုးစေ့တွေဟာ နယ်ပယ်ပေါင်းစုံက နည်းမျိုးစုံနဲ့ အာမခံချက်မရှိဘဲဝင်နေတာကို သုံးနေကြရတဲ့အတွက်ပါ။ ဒါ့အပြင် စစ်မှန်အောင်မြင်တဲ့ မျိုးစေ့ကိုထုတ်လုပ်ဖို့ ရောင်းသူရော ဝယ်သူပါ အကျိုးအမြတ်ကောင်းရဖို့ ဖရဲသခွားမျိုးကောင်းမျိုးသန့် ပေါ်ထွက်ပြီး အရည်အသွေးကောင်းအသီးများ ပေါ်ထွက်မှသာ စိုက်တဲ့တောင်သူတွေ ဆုံးရှုံးနစ်နာတာမရှိဘဲ အောင်မြင်တဲ့ဈေးကွက်ကို ရရှိစေမှာဖြစ်ပါတယ်"ဟု ဦးစိုးလွင်က ပြောသည်။

မန္တလေးမြို့တွင်ကျင်းပမည့် မျိုးစေ့ဖိုရမ်သို့ စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ်သူ အစုအဖွဲ့မှ ၃၃၅ ဦး တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး မျိုးစေ့နှင့်ပတ်သက်သည့် ကုမ္ပဏီပေါင်း ၄၀ နှင့် နယ်စပ်ဒေသမှုဆယ်မှ ပွဲရုံပေါင်း ၆၀ တက်ရောက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်း ဒေသကြီး ဖရဲသခွားအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်ထွန်း(ကိုသစ္စာ)ထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွား အစုအဖွဲ့မှ ၃၃၅ဦး တက်ရောက်မှာဖြစ်ပါတယ်။ ချောင်းဦးမြို့နယ်မှ ၁၁၅ ဦး၊ ဘုတလင်မြို့နယ်မှ ၁၀၀၊ မြင်းမူမှ ၁၅ဦး၊ အရာတော်မှ ၁၀ ဦး၊ ကနီမှ ၁၀ ဦး၊ မြောင်မှ၂၅ ဦး၊ စစ်ကိုင်းမှ ၃၀၊ ဝက်လက်မှ ၃၀ တက်ရောက်ဖို့စီစဉ်ထားပါတယ်။ ဖရဲ သခွားမျိုးနဲ့ ပတ်သက်ပြီး အခြားသီးနှံမျိုးများလို ကိုယ့်အပင်က ကိုယ့်အသီး ပြန်စိုက်လို့မရတဲ့ အတွက် မျိုးထုတ်လုပ်သူကသာ မှန်မှန်ကန်ကန်ထုတ်လုပ်ရောင်းချမှသာ စိုက်ပျိုးတဲ့တောင်သူတွေအောင်မြင်ဖြစ်ထွန်းမှာဖြစ်တဲ့အတွက် အာမခံချက် အပြည့်ရှိတဲ့မျိုးစေ့ကို ထုတ်လုပ်ရောင်းချမှသာ တောင်သူတွေ အဆင်ပြေ မှာဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌဦးတင်အောင်ထွန်း(ကိုသစ္စာ)က ပြောသည်။

**(၃၃၄)**

## တောင်သူများ စက်ကိရိယာအသုံးပြုခြင်းဖြင့် လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုး

**မြောင်းမြ ဇွန် ၂၃**

တောင်သူလယ်သမားများ စက်ကိရိယာအသုံးပြုခြင်းဖြင့် လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးခြင်းကို ဇွန် ၂၃ ရက်က မြောင်းမြမြို့နယ် သပြေချောင်ကျေးရွာအုပ်စု သမင်ခြံကျေးရွာ ဦးပိုင်အမှတ် ၁၅/၃၊ ကွင်းအမှတ် (၂၂၅-ခ) တောင်သူ ဦးစိုးလွင်၏လယ်မြေ (၁၇) ဧကတွင် ကျင်းပခဲ့သည်။

လက်တွေ့စိုက်ပျိုးပွဲတွင် မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်အေးက တောင်သူများ မျိုးမှန်၊ စိုက်နည်းစနစ်မှန်ကန်စေရေးကိုလည်းကောင်း၊ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးဇော်မင်းနိုင်က ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို တောင်သူများသို့ ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန၏ KUBOTA အမျိုးအစား လေးတန်းသွား ကောက်စိုက်စက်ဖြင့် ဆင်းသွယ်လတ် (မျိုးသန့်)(CS) ၁၆ ရက်သားစပါးမျိုးကို လက်တွေ့စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

ကောက်စိုက်စက်အသုံးပြု၍ စပါးစိုက်ပျိုးခြင်းဖြင့် မျိုးစေ့နှုန်းထားသက်သာစေခြင်း၊ ပျိုးသက်နု စိုက်ပျိုးရသည့်အတွက် ပင်ပွားများများရခြင်း၊ လက်ဆနှင့် ကောက်ပင်အတိမ်အနက် မှန်ကန်စေခြင်း၊ ကောက်ကွက်အပြည့်အဝရရှိစေခြင်း၊ လေဝင်လေထွက် ကောင်းစေခြင်း၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးကျွေးရာတွင် လွယ်ကူစေခြင်း၊ ပိုးမွှားရောဂါကျရောက်မှု သက်သာစေခြင်း၊ အချိန်၊ လုပ်အားခသက်သာစေခြင်း၊ ပင်ပွားများပြီး အောင်မြင်သော စပါးနှံများရရှိသည့်အတွက် အထွက်နှုန်းတိုးတက်စေခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် တောင်သူများ အထူးစိတ်ဝင်စားစွာ လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပွဲသို့ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာခုနစ်ရွာမှ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(ခရိုင် ပြန်/ဆက်)**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

မွန်း-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ပိုနေမည်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်း၏ ပထမအကြိမ် ပူးတွဲညှိနှိုင်းရေးကော်မတီစည်းဝေး

**နေပြည်တော် ဇွန် ၂၃**

လူ့စွမ်းအားအရင်းအမြစ် တိုးတက်မှုကဏ္ဍအတွက် မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မည့် ဤစီမံကိန်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောက်ရွက်လျက်ရှိနေသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူဖြစ်မည့် စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ကြောင်း ဇွန် ၂၁ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ပထမအကြိမ်ပူးတွဲညှိနှိုင်းရေးကော်မတီ အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍအတွက် အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာမည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်လူငယ်များသည် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနယ်ပယ်တွင် အရေးပါသည့် အခန်းကဏ္ဍမှ ဦးဆောင်ပါဝင်လာကြမည်ဖြစ်ကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုစီမံကိန်း၏ ပထမအဆင့် အကျိုးခံစားခွင့်ရှိမည့်သူများဖြစ်ပြီး ပူးတွဲညှိနှိုင်းရေးကော်မတီ (JCC) အဖွဲ့ဝင်များအား ကျေးဇူးအထူးတင်ပါကြောင်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ ဌာနေကိုယ်စားလှယ် Mr. NISHIGATA Kotaro က စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

၎င်းနောက် စီမံကိန်းတာဝန်ရှိသူများကို စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်မည့် အစီအစဉ်အားအတည်ပြုနိုင်ရန် ၂၀၁၆ ခုနှစ်အတွက် နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် အခြေခံစစ်တမ်းအစီရင်ခံစာ မိတ်ဆက်နိုင်ရေး အစီအစဉ်တို့အား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက စီမံကိန်းဆိုင်ရာများနှင့်ပတ်သက်၍ အသီးသီးပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရေကြီးမှုကြောင့် ပျက်စီးသွားသည့် ပုရစ်ကျေးရွာစာသင်ကျောင်းကို ပြန်လည်တည်ဆောက်ပေးမည်

**သံတွဲ ဇွန် ၂၃**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် ဇွန်လ ဒုတိယပတ်အတွင်းက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းကို ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

ရက်ရှည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာ၍ သံတွဲမြို့နယ်အတွင်း လူနေအိမ်ရာနှင့်ချီ၍ ပျက်စီးခဲ့ရပြီး ရေကောက်ကျေးရွာအုပ်စု ပုရစ်ကျေးရွာရှိ စာသင်ကျောင်းတစ်ကျောင်းလည်း ပျက်စီးခဲ့သည်။

“လောလောဆယ်တော့ ကလေးတွေ ကျောင်းမတက်ရသေးပါဘူး။ ပျက်စီးသွားတဲ့ကျောင်းဆောင်ကို ပြန်ဆောက်ပေးဖို့အတွက် ကျွန်တော်တို့ဌာနက အဆင်သင့်လုပ်ထားပါတယ်” ဟု ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

အဆိုပါ ကျေးရွာတွင် ယာယီကျောင်းဆောင်တစ်ခုကို တည်ဆောက်နေပြီး ကျေးရွာပြန်လည်နေရာချထားပြီးပါက ကျေးရွာမူလတန်းကျောင်းကို အခိုင်အမာပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှသိရသည်။

ဇွန်လ ဒုတိယပတ်အတွင်း ရခိုင်ပြည်နယ်တွင် ရက်ရှည်မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သောကြောင့် တောင်ကုတ်၊ သံတွဲနှင့် အမ်းမြို့နယ်တို့မှ ဒေသခံ ခုနစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

သံတွဲမြို့နယ်တွင်လည်း သူငှေးချောင်းရေမြင့်တက်မှုကြောင့် ကျေးရွာအုပ်စု ငါးအုပ်စုရှိ ကျေးရွာ ၁၈ ရွာ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် လူနေအိမ် ထောင်နှင့်ချီ၍ရေနစ်မြုပ်ခဲ့ပြီး လူနေအိမ် ၂၁၀ ခန့် ရေစီးဖြင့် မျောပါပျက်စီးခဲ့ကာ ကျေးရွာစာသင်ကျောင်းတစ်ကျောင်းလည်း ရေကြီးမှုကြောင့် ပျက်စီးခဲ့သည်။ **(သုတ)**



# သဘာဝဘေးကြိုတင်ကာကွယ်ရေး စစ်ကိုင်းတိုင်းဒေသကြီးသို့ ငွေကျပ်သိန်းတစ်ထောင်လှူဒါန်း

**စစ်ကိုင်း ဇွန် ၂၃**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း ကြုံတွေ့လာပါက သက်ဆိုင်ရာဒေသများအလိုက် အများပြည်သူအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် ရည်ရွယ်လျက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)က ယနေ့ ညနေ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အလှူငွေပေးအပ်ပွဲအခမ်းအနားကို မုံရွာမြို့ တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ စီမံဘဏ္ဍာဝန်ကြီး ဦးစိုးဦး၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး (BFM) မှ အကြီးတန်း အထွေထွေမန်နေဂျာ ဦးစိုးတင်မောင်ဇော်က ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

အလှူငွေပေးအပ်ပွဲတွင် (BFM )မှ ဦးစိုးတင်မောင်ဇော်က ယမန်နှစ်က ရေကြီး ရေလျှံ၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်အတွင်း (BFM) အနေဖြင့်သော်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့် အလှူရှင် များအနေဖြင့်သော်လည်းကောင်း၊ ခက်ခဲပင်ပန်းစွာ လူအား၊ ငွေအားနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်၍ ဝေးလံသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ကြရကြောင်း၊ ထိုအတွေ့အကြုံတို့ကိုအခြေခံ၍ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

လှူဒါန်းမှုအတွက် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ကြောင်း ဝန်ကြီးချုပ်က ပြန်လည်ပြောကြားသည်။

ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)သည် နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတိုင်းတွင် ငွေအား၊ လူအားဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မိုးလေဝသပညာရှင်များမှ ယခုနှစ်ဆောင်းရာသီတွင် မြန်မာနိုင်ငံတွင် လာနီညာရာသီဥတုဖြစ်ပေါ်၍ အအေးလွန်ကဲနိုင်ကြောင်း ကြိုတင်ခန့်မှန်းတွက်ချက်ထားသောကြောင့် အအေးလွန်ကဲမှုဒဏ်ကို ပိုမိုခံစားရနိုင်သည့် ဒေသများမှ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ မိဘမဲ့အမျိုးသမီးဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ တိုက်ပွဲရှောင်စခန်းများရှိ တိုင်းရင်းသားပြည်သူများနှင့် ဒေသခံပြည်သူများအတွက် ရည်ရွယ်ပြီး အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါအနွေးထည် ၁၂၀၀၀၀ ကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှတစ်ဆင့် တိုက်ရိုက်မှာယူ၍ အချိန်မီ လှူဒါန်းပေးနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အစိုးရအဖွဲ့အသီးသီးထံသို့ အလှူငွေကျပ် သိန်းတစ်ထောင်စီ ပေးအပ်လှူဒါန်းခဲ့ပြီး ယခုလှူဒါန်းမှုသည် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စတုတ္ထမြောက်လှူဒါန်းမှုဖြစ်ကြောင်း သိရသည်။ **(၀၁၀)**

# ကျိုက်ထိုမြို့၌ လေးတန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး


**ကျိုက်ထို ဇွန် ၂၃**

ကျိုက်ထိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် တောင်သူလယ်သမားများ မိုးစပါးစိုက်ပျိုးရာတွင် အချိန်ကုန်သက်သာပြီး ကုန်ကျစရိတ်နည်းပါးသော စက်ယန္တရားများ အသုံးပြု၍ စိုက်ပျိုးနည်းသရုပ်ပြပွဲကို ဇွန် ၂၀ ရက်က ကော့ထင်းကျေးရွာ တောင်သူ ဦးခင်မောင်ဦး၏ ကွင်းအမှတ်(၈၁) GE ကွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကောက်စိုက်စက်သည် လယ်တစ်ဧကကို အချိန်နှစ်နာရီအတွင်း ပျိုးပင်တစ်သိန်းနှစ်သောင်းမှ တစ်သိန်းလေးသောင်းအထိ စိုက်ပျိုးနိုင်ကြောင်း မွန်ပြည်နယ် စက်မှုလယ်ယာဦးစီးမှူး ဦးအောင်လွင်က ရှင်းပြပြီး စက်ယန္တရားအသုံးပြုနည်းနှင့် ထိန်းသိမ်းနည်းများကို ခရိုင်ဦးစီးမှူး ဦးဝင်းလွင်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်သူတို့က ရှင်းပြသည်။

သရုပ်ပြပွဲတွင် အဆင့်မြင့်အထွက်နှုန်းကောင်းမျိုးဖြစ်သည့် တောင်ပျံစပါးပျိုးပင်များကို လေးတန်းသွားစက်ပေါ်တင်၍ ၁၀ လက်မစီခြားပြီး သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**






# နာမည်ကြီးသရဲကား The Conjuring 2 ဇာတ်ကားရုံတင်ပြသမည်

သရဲကားကြိုက်နှစ်သက်သူများအတွက် နာမည်ကြီးသရဲဇာတ်ကားကောင်းတစ်ကားဖြစ်သည့် The Conjuring 2 ရုပ်ရှင်ဇာတ်ကား ဇွန် ၂၄ ရက်မှ စတင်၍ ရန်ကုန်မြို့ရှိ ရွှေဗဟို၊ မြရတနာ၊ မြို့ဂုဏ်ရောင်၊ ကန်သာယာ ရုပ်ရှင်ရုံတို့တွင် ရုံတင်ပြသမည်ဖြစ်သည်။

ဇာတ်လမ်းအကျဉ်း-သဘာဝဖြစ်ရပ်လွန်များကို စူးစမ်းလေ့လာသူ Ed (patrick wilron) နှင့် (Lorraine warren ) တို့ဇနီးမောင်နှံနှစ်ဦးသည် ရုံးပိတ်ရက် တစ်ရက်တွင် အင်္ဂလန်မြောက်ပိုင်းဒေသသို့ ခရီးထွက်ခဲ့ပြီး Peggy Hodgson ဆိုသည့် ကလေးလေးယောက်မိခင်တစ်ဦးနှင့် တွေ့ဆုံခဲ့ကြရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသမီးက warren တို့ ဇနီးမောင်နှံအား သူ့အိမ်မှာ ဖြစ်ပျက်နေသည့် အကြောင်းအရာဖြစ်ရပ်များကို ပြောပြခဲ့သည်။ warren တို့ ဇနီးမောင်နှံသည် Peggy Hodgson ၏ သမီးအငယ်ဆုံးလေး မကောင်းဆိုးဝါး ဝင်ပူးသော လက္ခဏာ တွေ့ရှိတော့မှသာ ယုံကြည်ခဲ့ကြသည်။

နောက်ပိုင်းတွင် Peggy Hodgson ၏ သမီးအငယ်ဆုံးလေးအား ကယ်တင်ရန်ကြိုးစားရင်း ၎င်းတို့ဇနီးမောင်နှံကိုပါ မကောင်းဆိုးဝါးများက သားကောင်အဖြစ် သတ်မှတ်လာလေတော့သည်။

The Conjuring 2 ရုပ်ရှင်ဇာတ်ကားသည် ဇနီးမောင်နှံ နှစ်ဦး ပရလောက၏ တိုက်ခိုက်မှုများကို ကျော်လွှားဖြတ်သန်းကြပုံများကို ကြောက်မက်ဖွယ်ရာ ဇာတ်လမ်းဇာတ်ကွက်များဖြင့် သဘာဝဆန်ဆန် သည်းထိတ်ရင်ဖိုဖြစ်ဖွယ် ရိုက်ကူးတင်ဆက်ထားပြီး ပရိသတ်အကြိုက်တွေ့စေမည့် ဇာတ်ကားကောင်းတစ်ခုဖြစ်သည်။

**(သီသီမင်း)**

❐

# မှုခင်းဇာတ်လမ်းတွဲသစ် Gotham တွင် ပါဝင်သရုပ်ဆောင်သွားမည့် မင်းသမီး ဂျေမီချန်း



အမေရိကန် မှုခင်းဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Gotham ရုပ်သံဇာတ်လမ်းတွဲ၏ season သစ်တွင် အမေရိကန်မင်းသမီး ဂျေမီချန်းက ပါဝင် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းဇာတ်လမ်းတွဲကို ထုတ်လွှင့်ပြသမည့် Fox ရုပ်သံလိုင်းက ဇွန် ၂၀ ရက်က အတည်ပြုပေးခဲ့သည်။

"Gotham season 3 မှာ သူငယ်ချင်းအသစ်တွေနဲ့ တွေ့ရမှာဆိုတော့ ပျော်ပါတယ်။ ဘာပဲဖြစ်ဖြစ် season 3 အတွက် ရင်ခုန်နေပါတယ်"ဟု ယင်းဇာတ်ကားမှ သရုပ်ဆောင် Robin Lord Taylor က ဆိုသည်။

Gotham ရုပ်သံဇာတ်လမ်းတွဲကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ယခုနှစ် မတ်လအထိ Fox ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့ပြီး ယခုလာမည့် season 3 ကို လာမည့် စက်တင်ဘာ ၁၉ ရက်တွင် စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီးဂျေမီချန်းသည် အခြားသောရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများတွင် ဇာတ်ပို့အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်က ထုတ်လွှင့်ပြသခဲ့သည့် Samurai Girl ဇာတ်လမ်းတွဲတွင် ပထမဆုံး ခေါင်းဆောင်မင်းသမီး ဖြစ်လာခဲ့သည်။ ထို့နောက် The Real World: ဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ရာမှ လူသိများလာကာ သရုပ်ဆောင်ပိုင်းဆိုင်ရာအောင်မြင်မှုများ ရရှိလာခဲ့သည်။

ဂျေမီချန်းသည် ယခုလက်ရှိတွင် ဟာသဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Resident Advisors ကို ရိုက်ကူးလျက်ရှိပြီး ပါရာမောင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒီဇင်ဘာ ၉ ရက်တွင် ဖြန့်ချိပြသမည့် Office Christmas Party အမည်ရှိခရစ္စမတ်ဟာသဇာတ်ကားတွင်လည်း ဇာတ်ပို့တစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

■



# လီမင်ဟို၏ မွေးနေ့အလှူအဖြစ် နိုင်ငံအနှံ့အပြားရှိ ပရိသတ်များက လှူဒါန်းမှုများပြုလုပ်

ဇွန် ၂၂ ရက်တွင် ကျရောက်ခဲ့သည့် တောင်ကိုရီးယားရုပ်ရှင်မင်းသား လီမင်ဟို၏ အသက်(၂၉) နှစ်ပြည့် မွေးနေ့ပွဲအတွက် ၎င်းကိုယ်တိုင်လည်း ပရဟိတအဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့လှူဒါန်းမှုများပြုလုပ်ခဲ့သလို ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ ပရိသတ်များကလည်း လီမင်ဟိုအတွက် ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မင်းသား လီမင်ဟိုအနေဖြင့် ဇွန် ၂၂ ရက်က ကလေးငယ်များကို စောင့်ရှောက်မှုပေးနေသည့် ပရဟိတအဖွဲ့အစည်းတစ်ခုသို့ တောင်ကိုရီးယားဝမ် ၁၁ ဒသမ ၉ သန်း (အမေရိကန်ဒေါ်လာတစ်သောင်းခန့်) လှူဒါန်းခဲ့ပြီး ယင်းငွေကြေးများကို မိခင်(သို့မဟုတ်) ဖခင်တစ်ဦးတည်းရှိသည့် ကလေးငယ်များအား စောင့်ရှောက်ရန် အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် တောင်ကိုရီးယားနိုင်ငံမှ လီမင်ဟို၏ ပရိသတ်များက ကိုရီးယားနိုင်ငံရှိ ယူနီဆက်ရုံးခွဲသို့ တောင်ကိုရီးယားဝမ် ၁ ဒသမ ၂သန်းကိုလည်းကောင်း၊ မက္ကဆီကိုမှ ပရိသတ်များက ဝင်ငွေနိမ့်ပါးသည့် မိသားစုများအတွက် ကျောင်းသုံးနှင့် အစားအစာများကိုလည်းကောင်း၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံမှ ပရိသတ်များက ကျန်းမာရေးဆိုင်ရာများတွင် အသုံးပြုရန်အတွက် ငွေကြေးများကိုလည်းကောင်း ထောက်ပံ့လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

၎င်းအပြင် လီမင်ဟို၏ ချီလီမှ ပရိသတ်များက ဂျပန်နိုင်ငံရှိ ပညာသင်ကျောင်းများတွင် ပိုလီယိုအကြောနှင့်ပတ်သက်သည့်ရောဂါခံစားနေရသည့် ကလေးငယ်များအတွက်လည်းကောင်း၊ တရုတ်နိုင်ငံတွင်လည်း ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးအတွက်လည်းကောင်း ရည်မှန်းကာ လီမင်ဟို၏ မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုများနှင့် ပတ်သက်ပြီး "လီမင်ဟိုရဲ့ ပရိသတ်တွေဟာ သူ့ရဲ့မွေးနေ့မှာ သူ့နာမည်နဲ့ ကောင်းမွန်တဲ့ နေရာမှာသုံးစွဲဖို့ ငွေကြေးလှူဒါန်းမှုတွေ အမြောက်အမြားပြုလုပ်ခဲ့တာဖြစ်ပါတယ်"ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

# တရုတ်ဒရမ်မာဇာတ်ကားသစ်တွင် မြင်တွေ့ရမည့် ဂျက်စီကာဂျန်း



ကေပေါ့ပ်အဖွဲ့ Girls' Generation မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဂျက်စီကာဂျန်းအား တရုတ်ဒရမ်မာဇာတ်ကား I Love That Crazy Little Thing ဇာတ်ကားတွင် မြင်တွေ့ရမည်ဖြစ်ပြီး ယင်းသည် ဂျက်စီကာ၏ ပထမဆုံးသော တရုတ်ဇာတ်ကားလည်းဖြစ်သည်။

မင်းသမီး ဂျက်စီကာသည် I Love That Crazy Little Thing အမည်ရှိ အချစ်ဒရမ်မာဇာတ်ကားတွင် ဟောင်ကောင်မင်းသား ဝီလီယံချန်းနှင့် Nicholas Tse တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို EMP Distribution (Beijing) နှင့် Wanda Shengshi ရုပ်ရှင်ထုတ်လုပ်ရေးတို့မှ လာမည့် ဩဂုတ်လဆန်းပိုင်းတွင် တရုတ်နိုင်ငံ၌ စတင်ရုံတင်ပြသသွားမည်ဖြစ်သည်။

ဂျက်စီကာသည် ၂၀၀၇ ခုနှစ်တွင် Girls' Generation ကေပေါ့ပ်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတလှုပ်ရှားမှုများကိုဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် သရုပ်ဆောင်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများကို စတင်ခဲ့သည်။

ထို့အပြင် ဂျက်စီကာ၏ အနုပညာလှုပ်ရှားမှုအသစ်အနေဖြင့် ယခုနှစ်အတွင်းတွင် တရုတ်-အမေရိကန် ပူးတွဲထုတ် လုပ်ထားသည့် My Other Home အမည်ရှိ ဟာသဇာတ်မြူးကားတွင်လည်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

မျိုးစန္ဒာမောင်
စုစည်းသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄- ၆ -၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

- ၆း၀၀ -အဖွင့်
  -မိုးလေဝသအစီအစဉ်
  -ပြည်သူ့နီတိ
  "ချစ်တတ်အောင်ချစ်ပြပါ"
- ၆း၂၀ -ကာတွန်းအစီအစဉ်
  "Brave"
  (အပိုင်း-၁)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "ရွှေရောင်လွှမ်းသော နေ့သစ်ဆီ" (အပိုင်း-၂၆)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "နှင်း . . . စေလိုရာစေ"
  (အပိုင်း-၆)
- ၈း၅၀ MRTV Entertainment Music
- ၉း၀၀ ကျောက်စိမ်းပန်းပုဆရာ
- ၉း၂၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၉း၃၀ ရွှေတူးသမားဘဝ
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "လျှပ်တစ်ပြက်"
- ၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
- ၅း၄၀ "သစ္စာအနက် (၁၆)ချက်" (အမှတ်-၄)တရားတော် [ဆရာတော်ဘဒ္ဒန္တသုနန္ဒ (ဓမ္မရံသီဆရာတော်)]
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Shell Libricants နှင့် Inya Myaing 22 တို့ အတူလက်တွဲပူးပေါင်းခြင်း အခမ်းအနား)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၉)
- ၁၁း၁၅ Food & Decor
- ၁၂း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်) (အပိုင်း-၂၃)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၅၂)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၀၃)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၅၃)
- ၈း၀၀ MRTV-4 သတင်း
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃၀)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)"(အပိုင်း-၂၄)
- ၁၀း၀၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၀ MRTV-4 Stage
- ၁၀း၅၀ World of Knowledge (Paranatural : Mystery Lights)

## mitv

07:03 Am News
07:26 A Day Life Of Kayan Padaung Tribe
07:55 Myanmar Street Foods
08:25 The Man and The Elephant (Part-I)
08:41 The Man and The Elephant (Part-II)
08:55 [Doctor] [Painter]
09:26 A Bike Ride in pursuit of Mural Art (Episode-1)
09:44 A Visit To Today's Along-Daw-Katthapha
10:26 A Real Dream Of Accidental Gift
10:51 Famous Pagodas of Sagaing
(11:00 Am ~ 03:00 Pm) -
Thursday Repeat (07:00 Am ~ 11:00 Am)
(03:00 Pm ~ 07:00 Pm) - Today Repeat
(07:00 Am ~ 11:00 Am)
Prime Time
07:03 Pm News
07:26 " To The Land Of Countless Temples - Bagan Trip (EP-1)
07:51 " Products of Myanmar - Products Of The Loom
08:26 " The Stories Of The Great Souls (U Pyae Son)
(09:00 Pm ~ 11:00 Pm) - Today Repeat
(09:00 Am ~ 11:00 Am)
(11:00 Pm ~ 03:00 Am) - Thursday Repeat

# ကွင်းလယ်ကစားသမား အလက်ဇစ်ဆန်းချက်ဇ် ချီလီအသင်းနှင့်အတူ ပွဲ ၁၀၀ ပြည့်ပြီ

ချီလီကွင်းလယ်ကစားသမား အလက်ဇစ်ဆန်းချက်ဇ်သည် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲဖြစ်သည့် ကိုလံဘီယာအသင်းနှင့် ပွဲစဉ်တွင် ချီလီအသင်းနှင့်အတူ ပွဲထွက်ကစားခဲ့ခြင်းကြောင့် ကစားသမားဘဝတွင် ချီလီအသင်းအတွက် ပွဲပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။

ဆန်းချက်ဇ်သည် ၂၀၀၆ ခုနှစ် ဧပြီ ၂၇ ရက်က နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်သည် ၎င်းအတွက် ချီလီအသင်းနှင့်အတူ ပထမဆုံးနိုင်ငံတကာပွဲစဉ်ကစားပေးခဲ့ခြင်းဖြစ်ပြီး နိုင်ငံအသင်းအတွက် သွင်းဂိုး ၃၄ ဂိုးအထိသွင်းယူထားနိုင်ခဲ့ခြင်းကြောင့် မာဆယ်လိုဆလက်ပြီးပါက သွင်းဂိုးဒုတိယအများဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။

ထို့ကြောင့် ချီလီအသင်းက ကိုလံဘီယာအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ကိုပါအမေရိကဖလား ဆီမီးဖိုင်နယ်ပွဲစဉ်သည် ကွင်းလယ်ကစားသမား ဆန်းချက်ဇ်အတွက် အမှတ်တရပွဲစဉ်ဖြစ်ခဲ့ရပြီး ချီလီအသင်းသည်လည်း ကိုပါအမေရိကဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ နှစ်နှစ်ဆက်တိုက်တက်လှမ်းနိုင်ခဲ့သည့် မှတ်တမ်းလည်း ဝင်သွားခဲ့ပြီဖြစ်သည်။

လက်ရှိ ကိုပါအမေရိကဖလားချန်ပီယံ ချီလီအသင်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါနှစ်သင်းသည် ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း တွေ့ဆုံထားခဲ့ပြီးဖြစ်သည်။

၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ချီလီအသင်းက အာဂျင်တီးနားအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုတစ်ကြိမ်တွေ့ဆုံမှုတွင် အာဂျင်တီးနားအသင်းဖြင့် ယမန်နှစ်က ရှုံးကြွေးကို ပြန်ဆပ်နိုင်မလားသို့မဟုတ် လက်ရှိချန်ပီယံချီလီအသင်းကပဲ ကိုပါအမေရိကဖလားပြိုင်ပွဲကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးသွားနိုင်မည်လားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေခဲ့ပြီဖြစ်သည်။



# ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးအား မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် အသင်း၏ ကွင်းလယ်ပိုင်းကိုအားဖြည့်ရန် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်း၏ ကွင်းလယ်ကစားသမား ခစ်တာယန်ကိုလည်း ခေါ်ယူရန် စီစဉ်လျက်ရှိပြီး ခစ်တာယန်အား မခေါ်ယူနိုင်ခဲ့ပါက ရမ်ဆေးကို အရခေါ်ယူမည်ဟုဆိုသည်။ အာဆင်နယ်အသင်းက ရမ်ဆေးအား ပေါင်သန်း ၅၀ အထိတန်ဖိုးသတ်မှတ်ထားသည်။

မန်ယူအသင်း၏ နည်းပြသစ် မော်ရင်ဟိုသည် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာခဲ့ပြီးနောက် မန်ယူအသင်း၏ ပုံစံကို ပြောင်းလဲပစ်ရန်အတွက် ကွင်းလယ်ပိုင်းအတွက် ကစားသမားဖြည့်တင်းမှုများပြုလုပ်မည်ဖြစ်ကြောင်းနှင့် အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမစမီ အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူနိုင်ရေးကြိုးပမ်းမည်ဟုလည်း နည်းပြမော်ရင်ဟိုက ဆိုသည်။





# ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်များထွက်ပေါ်

## ခရိုအေးရှားနှင့် ပေါ်တူဂီ၊ ဝေလနှင့် မြောက်အိုင်ယာလန်တို့ ထိပ်တိုက်တွေ့ဆုံနေ

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ၁၆ သင်းအဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ အဆိုပါ ၁၆ သင်းအဆင့်ပွဲစဉ်များတွင် ခရိုအေးရှားအသင်းနှင့် ပေါ်တူဂီအသင်း၊ ဝေလအသင်းနှင့် မြောက်အိုင်ယာလန်အသင်း၊ အီတလီအသင်းနှင့် စပိန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

ဝေလအသင်းသည် အုပ်စု(B)တွင် အုပ်စုပထမနေရာဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာခဲ့သည့် အသင်းဖြစ်ပြီး မြောက်အိုင်ယာလန်အသင်းသည် အုပ်စု(C)တွင် အုပ်စုတတိယနေရာဖြင့် တက်လှမ်းလာခဲ့သည့်အသင်း ဖြစ်သည်။ ဝေလအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ထိပ်တိုက်တွေ့ဆုံနေသည့် ၁၆ သင်းအဆင့်ပွဲစဉ်ကို ဇွန် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းနှစ်သင်း၏ ထူးခြားချက်မှာ ဝေလအသင်းရော နည်းပြအိုနေးလ်၏ မြောက်အိုင်ယာလန်အသင်းပါ ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်မီက ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ၁၆ သင်းအဆင့်သို့ တက်လှမ်းခဲ့ဖူးခြင်းမရှိခဲ့သည့် အသင်းများဖြစ်သည်။

အုပ်စု(B)တွင် အုပ်စုဒုတိယနေရာဖြင့် တက်လာခဲ့သည့် အင်္ဂလန်အသင်းမှာမူ အုပ်စု(F)တွင် အုပ်စုဒုတိယနေရာဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာခဲ့သည့် အိုက်စလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကိုလည်း ဇွန် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် အုပ်စုအဆင့်ပွဲစဉ်များတွင် ဘောလုံးပိုင်ဆိုင်မှု ၆၀ ဒသမ ၅ ရာခိုင်နှုန်းအထိရှိခဲ့ပြီး အိုက်စလန်အသင်းမှာ ၂၉ ရာခိုင်နှုန်းသာရရှိခဲ့သည်။

ခရိုအေးရှားအသင်းမှာ ၁၆ သင်းအဆင့်ပွဲစဉ်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဦးဆောင်လာမယ့် ပေါ်တူဂီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး ခရိုအေးရှားအသင်းမှာ အုပ်စု(D)တွင် အုပ်စုပထမနေရာဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာခဲ့သည့်အသင်းဖြစ်သည်။ ပေါ်တူဂီအသင်းမှာမူ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရှိသော်လည်း တစ်ဦးတည်းသာ အားကိုးအားထားပြုနေရပြီး အုပ်စုတွင်းပွဲစဉ်တွေမှာ သုံးပွဲကစား၊ သုံးပွဲသရေနှင့် ရမှတ်သုံးမှတ်သာရရှိခဲ့ပြီး အုပ်စုတတိယနေရာကနေ ၁၆ သင်းအဆင့်ကို တက်လှမ်းလာခဲ့သည့်အသင်းဖြစ်သည်။

အုပ်စု(F)တွင် အုပ်စုပထမနေရာဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာခဲ့သည့် အီတလီအသင်းမှာ အုပ်စု(D)တွင် အုပ်စုဒုတိယနေရာဖြင့် ၁၆ သင်းအဆင့်သို့ တက်လာခဲ့သည့် စပိန်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး ယင်းပွဲစဉ်ကို ဇွန် ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များအပြီး ထူးခြားချက်များကို ကြည့်မည်ဆိုပါက ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ဟန်ဂေရီအသင်းနှင့် သရေကျခဲ့သည့် ပွဲစဉ်တွင် သွင်းယူခဲ့သည့်သွင်းဂိုးများအပါအဝင် ယူရိုပြိုင်ပွဲအုပ်စုအဆင့်တွင် သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

အုပ်စုအဆင့်တွင် သွင်းဂိုး စုစုပေါင်း ၆၉ ဂိုးအထိရှိထားခဲ့ပြီး မိနစ် ၈၀ နောက်ပိုင်း သွင်းဂိုး ၂၇ ဒသမ ၅ ရာခိုင်နှုန်းအထိရှိထားခဲ့သည်။ ယခုယူရိုပြိုင်ပွဲ၏ အုပ်စုအဆင့်မှ ထွက်ခဲ့သည့်အသင်း အယ်လ်ဘေးနီးယား၊ ရိုမေးနီးယား၊ ရုရှား၊ ယူကရိန်း၊ ချက်၊ ဆွီဒင်၊ ဩစတြီးယားတို့ဖြစ်ပြီး အဆိုပါအသင်းများအနက် အုပ်စုတွင်းပွဲစဉ်များအပြီးတွင် ယူကရိန်းအသင်းမှာ တစ်ဂိုးမှ မရရှိခဲ့သည့်အသင်းဖြစ်သည်။

### ယူရို ၂၀၁၆ ပြိုင်ပွဲ ၁၆ သင်းအဆင့် ထိပ်တိုက်တွေ့ဆုံသည့် အသင်းများ

| | | |
|---|---|---|
| ဆွစ်ဇာလန် | - | ပိုလန် |
| ဝေလ | - | မြောက်အိုင်ယာလန် |
| ခရိုအေးရှား | - | ပေါ်တူဂီ |
| ပြင်သစ် | - | အိုင်ယာလန် |
| ဂျာမနီ | - | ဆလိုဗက်ကီးယား |
| ဟန်ဂေရီ | - | ဘယ်လ်ဂျီယံ |
| အီတလီ | - | စပိန် |
| အင်္ဂလန် | - | အိုက်စလန် |

ငွေကြယ် – စုစည်းရေးသားသည်။

# ဆွီဒင်အသင်းတွင် အီဘရာဟီမိုဗစ်ချ်ကဲ့သို့ ကစားသမားတွေ့ရတော့မည်မဟုတ်ဟုဆို



တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ယူရို ၂၀၁၆ ပြိုင်ပွဲမှ ဆွီဒင်အသင်းထွက်ခဲ့ရပြီးနောက် ဆွီဒင်လက်ရွေးစင်ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆွီဒင်အသင်းအနေဖြင့် အီဘရာဟီမိုဗစ်ချ် ကဲ့သို့သော ကစားသမားမျိုးကို မွေးထုတ်ပေးနိုင်လိမ့်မည်မဟုတ်ကြောင်းနှင့် အဆိုပါကစားသမားမျိုး ဆွီဒင်အသင်းတွင် တွေ့ရတော့မည်မဟုတ်ကြောင်း ဟမ်ရန်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဆွီဒင် အသင်းအတွက် အကောင်းဆုံးကစားပေးခဲ့သူဖြစ်ပြီး ယင်းပွဲစဉ်အပြီးတွင် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ ဆွီဒင်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စု(E)တွင် သုံးပွဲကစား၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်သာ ရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း ဘယ်လ်ဂျီယံအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဆွီဒင်အသင်း၏ စွမ်းဆောင်ရည်ကို ဂုဏ်ယူပါကြောင်း ဟမ်ရန်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် လက်ရွေးစင်ကစားသမားဘဝတွင် ဆွီဒင်အသင်းအတွက် ပွဲပေါင်း ၁၁၆ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၆၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်လည်း ချိတ်ဆက်မှုများရှိနေကြောင်း သိရသည်။



ရက်(၁၀၀) စီမံချက်အရ ပဲခူးတိုင်း ဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း ဘုရားဖူး ပြည်သူများနှင့်လုပ်သားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် လမ်းအလယ်ကျွန်း၌ လျှပ်စစ်လမ်းမီးတိုင်(၂၀)ကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ဇွန် ၂၁ ရက်က စိုက်ထူနေစဉ်။ ခရိုင်(ပြန်/ဆက်)

## ကျွန်းစုမြို့နယ်တွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကျွန်းစု ဇွန် ၂၃**

ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု၊ ပြင်ထပ်အော်ကျေးရွာတွင် ၂၀၁၅-၂၀၁၆ ခုနှစ် လူထုဗဟိုပြုစီမံကိန်းမှ တတိယနှစ်စက်ဝန်းတွင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းသစ်ကို လူထုဗဟိုပြုစီမံကိန်းမှ ရန်ပုံငွေ ၁၄၉ သိန်းဖြင့် ပေ ၁၅၀၀ အရှည် ရှစ်ပေအကျယ်ဖြင့် ချထားပေးရာ ကျေးရွာနေ ပြည်သူများက အဆိုပါ ရန်ပုံငွေဖြင့် ပေ ၂၂၀၀ အရှည် ၁၀ ပေ အကျယ် ကွန်ကရစ်လမ်းသစ်အား ကျေးရွာပြည်သူ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ကြရာ ငွေကျပ်သိန်း ၂၅၀ကျော် ကုန်ကျခဲ့ကြောင်း ကျေးရွာကြီးကြပ်ရေးကော်မတီထံမှ သိရသည်။

ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ကျေးရွာရပ်မိရပ်ဖများတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး ကျေးရွာပြည်သူများက လမ်းဖြစ်မြောက်ရေးတွင် အလှူငွေများနှင့် ဘိလပ်မြေအိတ်များ လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ခဲ့ကြောင်း သိရသည်။ **ရန်နိုင်(ကျွန်းစု)**

## ကဝမြို့နယ် ဘုမ္မဖိုး–သပြုကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်း

**ကဝ ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် အရှည် သုံးမိုင်ကျော်သော ဘုမ္မဖိုး-သပြုကျေးရွာချင်းဆက်လမ်းအား ရန်ကုန်မြို့မှ အလှူရှင် ဦးကြည်ဝင်း-ဒေါ်နုရီတို့က ငွေကျပ် သိန်း ၃၀၊ သပြုကျေးရွာမှ အလှူရှင် ဦးစံလှ-ဒေါ်ရင်စိန် တို့က ငွေကျပ်သိန်း ၂၀ မတည်ကာ ကျေးရွာ ပြည်သူများ စုပေါင်းလုပ်အားဖြင့် အရှည် ၁ ဒသမ ၅ မိုင်အား ကွန်ကရစ်ခင်းခြင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မာန်အောင်ကျွန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**စစ်တွေ ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်နေကြသော မာန်အောင်ကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မာန်အောင်အများပိုင်ကုမ္ပဏီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ် အစိုးရရုံးအစည်းအဝေးခန်းမ (၁)တွင် ကျင်းပခဲ့သည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအားနည်းနေသောမာန်အောင်ကျွန်းသူကျွန်းသားတို့၏ဘဝ တိုးတက်မြင့်မားရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကောင်းမွန်သော သောက်သုံးရေရရှိရေးတို့အတွက် မာန်အောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲကာ မိမိတို့၏ကုမ္ပဏီက ပြည်နယ်အစိုးရအဖွဲ့အား လာရောက်တင်ပြပြီး အကြံနှင့် အကူအညီများ လာရောက်တောင်းခံရခြင်းဖြစ်ကြောင်းမာန်အောင် အများပိုင်ကုမ္ပဏီဥက္ကဋ္ဌက တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် တစ်ခုလုံး အချိန်နှင့်တစ်ပြေးညီတိုးတက်အောင် ဆောင်ရွက်နေသည့်အချိန် တွင်မာန်အောင်အများပိုင်ကုမ္ပဏီအနေဖြင့် မိမိဒေသတိုးတက်ရေးအတွက်အခုလိုအစီမံများရေးဆွဲပြီး တင်ပြလာသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့က ကြိုဆိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက မာန်အောင်ကျွန်းဒေသသည် ယခုအခါရေကြောင်းနှင့် လေကြောင်းကိုသာအဓိကထား သွားလာနေရသော်လည်းရာသီဥတုဆိုးရွားသည့်အခါတွင် အခက်အခဲရှိပါကြောင်း၊ လေကြောင်းသွားလာရာတွင် လေယာဉ်ကွင်းတိုသည့်အတွက် လေယာဉ်ငယ်များသာဆင်းသက်ရပါကြောင်း လေယာဉ်ကြီးများ ဆင်းသက်နိုင်အောင် လေယာဉ်ကွင်းတိုးချဲ့ခြင်းအတွက် ခွင့်ပြုငွေများတောင်းခံရရှိထားပြီးဖြစ်ကြောင်း၊ လေယာဉ်ကြီးများဆင်းသက်လာသည့်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညှိုခန်းမ၌ ပြည်နယ်ဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme) (UNDP) မှ Conomic Advisor ဖြစ်သူ Mr. Thomas Kringအားလက်ခံတွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်သွားရေးဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုးစပါးဧက ၁၈ သိန်းကျော် စိုက်ပျိုးရန်လျာထား

**မုံရွာ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဆန်ဖူလုံစွာစားသုံးနိုင်ရန်နှင့် ပိုလျှံသောစပါးများကို တင်ပို့ရောင်းချနိုင်ရေး အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုးစပါးဧက ၁၈၄၈၆၆၀ကို ခရိုင် ၁၀ခုတို့တွင် စိုက်ပျိုးနိုင်ရေးလျာထားကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်းမိုးစပါးဧက ၁၇၈၆၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးစရိတ်များ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မိုးစပါးကို တိုင်းဒေသကြီးအတွင်း ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နဲ့ ကသာခရိုင်တို့မှာ အဓိကစိုက်ပျိုးကြပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် မိုးစပါးစိုက်ပျိုးချိန် နောက်ကျတယ်။ နောက်ပြီး ပျက်စီးမှုတွေလည်းရှိခဲ့တယ်။ ယခုနှစ်မိုးစပါးစိုက်ရာသီတွင် သတ်မှတ်လျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို မျိုးသန့်ခြံများ၊ ကုမ္ပဏီများနှင့် တောင်သူထုတ်မျိုးစေ့များကို ဖြန့်ချိပေးပါတယ်။ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနဲ့ မြေဆီသုံးစွဲမှုအခြေအနေတွေနဲ့ ပတ်သက်ပြီး တောင်သူတွေကို စိုက်ကွင်းအရောက် အသိ ပညာပေးဟောပြောမှုတွေ လုပ်ဆောင်ပေးသွားမှာပါ။ အခုချင်းတွင်းအထက်ပိုင်းဒေသနဲ့ ရွှေဘိုခရိုင်နဲ့ ကသာခရိုင်တွေမှာတော့ မိုးစပါးစိုက်ပျိုးမှုတွေ စတင်လုပ်နေကြပါပြီ" ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီအတွက် စစ်ကိုင်းတိုင်းဒေသကြီးတွင်းရှိ စစ်ကိုင်းခရိုင်တွင် ၅၁၇၀၀ ဧက၊ မုံရွာခရိုင်တွင် ၁၁၇၇၀၀ ဧက၊ ယင်းမာပင်ခရိုင်တွင်၁၂၃၂၅၅ဧက၊ ရွှေဘိုခရိုင်တွင် ၆၈၆၀၃၀ဧက၊ ကန့်ဘလူခရိုင်တွင် ၁၇၈၅၀၅ ဧက၊ ကသာခရိုင်တွင် ၃၅၈၅၀၀ ဧက၊ ကလေးခရိုင်တွင် ၁၅၃၉၀၀ ဧက၊ မော်လိုက်ခရိုင် ၆၇၈၀၀ဧက၊ တမူးခရိုင်တွင် ၄၈၅၁၀ ဧက၊ ခန္တီးခရိုင်တွင် ၆၂၇၆၀ ဧက၊ စုစုပေါင်း ၁၈၄၈၆၆၀ ဧက စိုက်ပျိုးနိုင်ရေးလျာထားလျက်ရှိရာ ယနေ့အထိ ရွှေဘိုခရိုင်အတွင်း ၁၃၂၇ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၂၉ဧက၊ ကသာခရိုင်အတွင်း ၈၆၀ ဧကနှင့် ခန္တီးခရိုင်အတွင်း ၃၅၂၃ ဧက စုစုပေါင်း ၂၁၂၃၆ ဧက စိုက်ပြီးဖြစ်ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**တံတားဦး ဇွန် ၂၃**

မန္တလေးမြို့ People in Need အဖွဲ့မှကျင်းပသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၂၀ ရက် ညနေ ၃ နာရီက တံတားဦးမြို့ အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောကအမှာစကားပြောကြားပြီး မန္တလေးမြို့ People in Need အဖွဲ့ တာဝန်ခံအရာရှိဦးဇော်ထိုက်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအကြောင်း ရှင်းလင်းရာတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သည့် စံများစည်းမျဉ်းများလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်း မရှိပါကြောင်း ထို့အပြင်ရပ်ရွာများနှင့်မိသားစုများ၏ ကလေးသူငယ်များအပေါ်ကာကွယ်စောင့်ရှောက်ခြင်း၊ လုံခြုံမှုနှင့် ကျန်းမာရေးအဆင့်အတန်းများ အားနည်းလျက်ရှိပါကြောင်း၊ အန္တရာယ်ကျရောက်နိုင်သောကလေးသူငယ်များနှင့် မတော်မတရား ပြုလုပ်ခံရသည့်ကလေးသူငယ်များအတွက် ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ကဏ္ဍပေါင်းစုံမှ သက်ဆိုင်ရာကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ရှိသူများ ပါဝင်သည့်သက်ဝင်လှုပ်ရှားသော စနစ်တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တံတားဦးမြို့နယ်ရေကမိုးကျေးရွာနှင့်တောင်ပြုံးကျေးရွာများမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ကိုယ်စားလှယ်များက မိမိတို့ကျေးရွာတွင်စီမံချက်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **ရဲတင့်**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေးဟောပြော

**လှိုင်လင် ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ပင်လုံတက္ကသိုလ်၌ ဌာနဆိုင်ရာများပူးပေါင်း၍ ကျင်းပခဲ့ကြောင်းသိရသည်။

အစီအစဉ်အရ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကိုကိုမြင့် က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မူးယစ်တပ်ဖွဲ့(၂၇)မှ ဒုရဲမှူး တင်စိုးက မူးယစ်ဆေးဝါးဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ရွှေရွှေမြင့်က အစိုးရအဆက်ဆက် မူးယစ်တိုက်ဖျက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကညန ခရိုင်ဦးစီး ဦးချစ်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတိုင်ရာများကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်စု(၁၁၅)မှ ရဲအုပ်ကျော်မျိုးဇင် ယာဉ်မောင်းသူများလိုက်နာရန်နှင့် နှစ်စဉ် ယာဉ်မတော်တဆမှုဖြင့် သေဆုံးမှုဆိုင်ရာစာရင်း ဇယားများကိုလည်းကောင်း၊ ပင်လုံဆေးရုံဆရာဝန်ကြီး ဒေါက်တာစိုင်းမြတ်သူရက မူးယစ်ဆေးနှင့် ကျန်းမာရေးဆိုင်ရာများကို လည်းကောင်း အသီးသီး ဟောပြောကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင် ဓာတ်ပုံပြခန်းကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# ဖနောင့်ကိုပဲ လှီးနေဦးမှာလား

**ခ** ခင်မောင်ဌေး(ပညာရေး)

နယ်လိုအိမ်ကျယ်ဝင်းကျယ်ရှိတဲ့အရပ်တွေမှာ အများဆုံးတွေ့ရတတ်တယ်။ တစ်နိုင်တစ်ပိုင် အိမ်ဝင်းထဲမှာ ဝက်တွေမွေးကြတယ်။ ဝက်ဆိုတာကလည်း သားပေါက်ကောင်းတယ်။ အိမ်ဝင်းထဲမှာ ခြံနဲ့ခတ် အမိုးလေးမိုးနဲ့ နေတာပဲ။ တချို့ဆို လမ်းဘက်လွှတ်ထားသေးတယ်။ လမ်းတွေလည်း ညစ်ပတ်တာပေါ့။ ခြံမရှိဘဲ ဝက်မွေးတာတော့ အတော်စိတ်ပျက်စရာကောင်းသဗျ။

ကျုပ်တို့နိုင်ငံမှာလည်း အမြီးအမောက်မတည့်တဲ့အလုပ်တွေတော့ အတော့်ကို လုပ်ခဲ့ကြတာဗျ။ နိုင်ငံသားတွေ ကိုယ်ပိုင်ကားစီးနိုင်အောင် မော်တော်ယာဉ်မူဝါဒတွေပြောင်းလိုက်တာ ရန်ကုန်မြို့ကြီး ကားနဲ့ပြည့်ညပ်သွားတာပဲ။ တကယ်တော့ ကားတင်သွင်းရေးမူဝါဒနဲ့ အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်းတံတားတွေ၊ ကားပါကင်အရင်ဆုံးကြိုတင် စဉ်းစားသင့်တာပေါ့။

ဒါပေမယ့် ရွှေဉာဏ်တော်စူးပြီး ကားတွေသွင်းလိုက်တာ တစ်ဖက်ကလည်း ဈေးပေါပေါနဲ့ဝင်လာတဲ့ လိုင်စင်မဲ့ကားတွေကလည်း ဒလဟောဆိုတော့ ရန်ကုန်မှာ ဈေးပေါပေါနဲ့ ကားဝယ်စီးဖို့တောင် ကြောက်ကြသူတွေ အများကြီးပါ။ ဒီလောက်ကားပိတ်တဲ့ လမ်းပေါ်မှာ စိတ်ရှည်လက်ရှည်ကားမောင်းဖို့ အတော့်ကို သမာဓိကောင်းမှဖြစ်မှာပါ။ ယာဉ်တိုက်မှုများရတဲ့အကြောင်းရင်းထဲမှာ ယာဉ်ကြောပိတ်လို့ စိတ်မရှည်နိုင်ဖြစ်မှုတွေကြောင့်ဆိုရင် ငြင်းနိုင်မယ်ထင်ပါဘူး။ တချို့ဆိုရင် စည်းကမ်းမဲ့မောင်းနှင်မှုတွေကို သည်းမခံနိုင်တာတွေလည်း ပါတာပေါ့။

ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုဟာ အတော်ကြာသွားပါပြီ။ အစိုးရနှစ်ဆက်တောင်ပြောင်းသွားပါပြီ။ ဖြေရှင်းတဲ့နည်းလမ်းတွေလည်း စုံလှပါပြီ။ ပထမတစ်ချက်ကတော့ ခုံးကျော်တံတားတွေပါပဲ။ ဆောက်လိုက်တဲ့ ခုံးကျော်တံတားတွေ၊ လမ်းဆုံလမ်းခွတွေမှာ ခုထိမပြီးနိုင် မစီးနိုင်သေးပါဘူး။ နောက်ထက်ရေးဆွဲထားတဲ့ မြို့ပြစီမံကိန်းတွေအရဆိုရင် အဲဒီခုံးကျော်တွေဟာ ဖျက်ရမယ့်အခြေအနေပါ။ နိုင်ငံကြီးတွေရဲ့ ငွေကြေးအကူအညီ နည်းပညာအကူအညီရရင် ဖျက်ရမှာပါ။ ခုံးကျော်တံတားတွေအားလုံးလည်း ပြီးရော အကုန်လုံးလည်း ဖျက်ရမယ့်အခြေအနေမျိုးပါ။

ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းတဲ့ ခုံးကျော်တံတားစီမံကိန်းတွေဟာ ပြည်သူ့ဘဏ္ဍာသန်းပေါင်းများစွာ ကုန်ကျပြီး အကျိုးမရှိခဲ့တာ သေချာပါတယ်။ ခုံးကျော်ဆောက်လိုက်လို့ ယာဉ်ကြောရှင်းသွားတယ်ဆိုတာ ဘယ်နေရာမှမရှိခဲ့ဘူး။ ဒါနဲ့ မြို့ထဲက လမ်းမကြီးတွေချဲ့တယ်။ ကားပါကင်တွေလုပ်တယ်။ များပြားလာတဲ့ ကားတွေနဲ့ မတန်တဆ ဖြစ်နေဆဲပဲ။ ယာဉ်ကြောပိတ်တာလည်း ပိတ်မြဲပါပဲ။

ယာဉ်ကြောရှင်းအောင် တစ်မျိုးပြီးတစ်မျိုး လုပ်တဲ့ထဲမှာ မထသယာဉ်လိုင်းတွေ သွားဖို့ လမ်း သတ်မှတ်တယ်။ နောက် ဘလောက်တုံးတွေလုပ်ပြီး လမ်းတွေကာတယ်။ ပိတ်တယ်။ ဆို့တယ်။ ဘယ်လောက်များ လမ်းကြောတွေ ရှင်းသွားသလဲ။ ထူးမခြားနား အခြေအနေတွေပါပဲ။ ဘလောက်တုံးတွေအတွက် ဘဏ္ဍာငွေတွေသန်းချီပြီး ကုန်လိုက်တာ ဒီလိုနဲ့မရတော့ ယာဉ်မရပ်ရ လမ်းတွေထုတ်လိုက်တာ ရန်ကုန်မြို့ကြီးပေါ်မှာ လမ်းမကြီးတွေ ကုန်သလောက်ပါပဲ။ ဒါဟာ ယာဉ်ထိန်းရဲတွေအတွက်တော့ မဟာစားပေါက်ကြီးရသွားတာပါပဲ။

စာရေးသူဟာ ၂၀၀၀ ပြည့်နှစ်တည်းက ကားမောင်းလာတယ်။ ရန်ကုန်မှာလည်း ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ်။ ယာဉ်စည်းကမ်းကို တတ်နိုင်သလောက် လိုက်နာတယ်။ ခါးပတ်မပတ်ရင် သုံးသောင်းတဲ့။ ဘယ်သူမပတ်ပတ်၊ ကိုင်တိုင်ပတ်ပြီး မောင်းတယ်။ တခြားယာဉ်တွေ စည်းဖောက်ပြီးကျော်တက်ရင် ကိုယ်လည်း မောင်းတတ်တာပဲဆိုပြီး လိုက်မောင်းတယ်။ ခုတော့ စိတ်လျှော့ပြီး မီးပွိုင့်ဘယ်နှကြိမ် မိမိဆိုပြီး စောင့်တာပဲ။ တစ်နေ့က စံတော်ချိန်ဆောင်းပါး (မဂ္ဂဒါန)ဖတ်ပြီးတော့ ပိုပြီးတောင် လမ်းပေးချင်တဲ့ စိတ်တွေပေါ်လာတယ်။

တစ်နေ့က ကျောင်းကအပြန် စာမူလေးလည်းအပ်ရင်း မေးခွန်းလေးလည်း ရိုက်မယ်ဆိုပြီး ကွန်ပျူတာ စာစီဝင်လိုက်တယ်။ လှည်းတန်းဈေးလမ်းဟာ ကားရှုပ်တာမှန်ပါတယ်။ ဒါပေမယ့် လမ်းမကြီးဘေးမှာတော့ ရပ်ဖို့ ကားပါကင်တွေရှိပါတယ်။ တချို့က ကွန်ကရစ်ခင်းထားတယ်။ ဈေးအနောက်ဘက်ပိုင်းမှာတော့ မြေသားပါ။ ကိုယ်တိုင်လည်း သိပ်ကြာမှာမဟုတ်လို့ လမ်းဘေးကားပါကင်မှာ လွတ်လွတ်ကင်းကင်း ထိုးထားလိုက်တာ။ ဆိုင်ထဲဝင်ပြီး စာမူနဲ့မေးခွန်းပေး အကျိုးအကြောင်းပြောပြီး ပြန်မလို့ပါ။ ယာဉ်ထိန်းရဲရောက်လာပြီး ကရိန်းနဲ့ ဆွဲမလို့ ဖုန်းဆက်နေပါပြီ။ အကျိုးအကြောင်း အတော်လေးပြောပြလိုက်ရတယ်။ မရပါဘူး။ စည်ပင်ခေါ်ပြီး ချလန်ဖြတ်ပါတယ်။ လိုင်စင်သိမ်းပါတယ်။ လိုင်စင်ပြန်ယူဖို့ စည်ပင်မှာ သွားဆောင်ပါတဲ့။ ကောင်းသရော။

ဒီတော့ ပြောချင်တာက ကားတွေ တရားဝင်ရပ်ရမယ့်နေရာက ဘယ်မှာလဲလို့ မေးရပါလိမ့်မယ်။ ကားတွေကို ခွင့်ပြုချင်သလို ခွင့်ပြုခဲ့ပြီး ကားရပ်နားဖို့နေရာလုပ်မပေးနိုင်တာ ဘယ်သူ့မှာ တာဝန်ရှိပါသလဲ။ ယာဉ်ပိုင်ရှင်တွေအပေါ်မှာ တာဝန်ရှိတာလား။ ကားရပ်ဖို့ အကျယ်အဝန်းရှိပါလျက်နဲ့ ဘာကြောင့် ယာဉ်ရပ်လို့မရတာလဲ။ ရပ်စရာနေရာမရှိလို့ ခေတ္တရပ်တဲ့ ယာဉ်တွေကို ဖမ်းဆီးရုံ၊ ကရိန်းကားနဲ့ဆွဲရုံနဲ့ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်မှာလား။

"မည်သည့်ယာဉ်မျှမရပ်ရ"ဆိုတဲ့ ဆိုင်းဘုတ် နေရာအတော်များများမှာ တွေ့ရပါတယ်။ အဲ့ဒီဆိုင်းဘုတ် အောက်မှာ ကားမျိုးစုံ ရပ်နေတာတွေ မမြင်ချင်မှအဆုံးပါ။ ဥပဒေရဲ့ သက်ရောက်မှုအလျဉ်းမရှိတာကို တွေ့ရပါတယ်။ ဥပဒေဘာဖြစ်နေသလဲဆိုရင် လိုအပ်တဲ့အခါမှာ သုံးဖို့ အသုံးချခံဖြစ်နေတယ်။ ဒါဟာ အာဏာရှင် အဆက်ဆက်သုံးခဲ့တဲ့ နည်းတွေပါပဲ။

နောက်တစ်ချက်က ထိုဥပဒေဟာ ကံဆိုးသူခံရတဲ့သဘောပါ။ ဘာကြောင့်လဲဆိုတော့ နောက်တစ်နေ့လည်း ဒီလမ်းရှေ့ကဖြတ်ပြီး အိမ်ပြန်ရတာဆိုတော့ တစ်နေ့က ကိုယ်ပါကင်ထိုးတဲ့နေရာမှာ ကားအပြည့်ရှိနေတယ်။ ခတ်ပုံတောင် ရိုက်ခဲ့သေး၊ ဖမ်းမယ့်သူမရှိပါဘူး။ ဖမ်းမယ့်သူလာတဲ့နေ့ကံဆိုးတဲ့နေ့ပါပဲ။ ဒီတော့ ဥပဒေဆိုတာ ဖမ်းမဲ့သူလာမယ့်နေ့ ဥပဒေစိုးမိုးတဲ့နေ့ပါပဲ။

ကိုယ်တိုင်ကားမောင်းလာတာနှစ်ပေါင်း မနည်းတော့ပါဘူး။ တစ်ခါမှဒီလို ဒဏ်ကြေး မဆောင်ရပါဘူး။ ဒါ ပထမဆုံးအကြိမ်ပါ။ မင်းမှာအပြစ်ရှိသလားဆိုရင် အပြစ်လုံးဝ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ပြည်သူပိုင်လမ်းပါ။ ပြည်သူ့အစိုးရခေတ်မှာ ပြည်သူပိုင်လမ်းပေါ်မှာ စနစ်တကျ ကားပါကင်ထိုးပါတယ်။ ဖြူနီကျားမဟုတ်ပါ။ လမ်းပေါ်မေးတင်ပြီး ရပ်တာမဟုတ်ပါ။ ဒါကြောင့် ရပ်ခွင့်ရှိပါတယ်။ အလွန့်အလွန် အရေးကြီးတဲ့လမ်းမှအပ အများပြည်သူ သုံးစွဲနေတဲ့လမ်းတွေကို ပိတ်ဖို့မသင့်ပါဘူး။ ဒါအများပြည်သူပိုင်နေရာပါ။ အများပြည်သူ သုံးစွဲနေတာ ကြာပါပြီ။ ပြည်သူတွေအတွက် ပြန်ပေးပါလို့လည်း တောင်းဆိုချင်ပါတယ်။

တကယ်တမ်းအပြစ်ရှိတာက ဘဏ္ဍာငွေ အမြောက်အမြား ဖြုန်းတီးပြီး လမ်းရှင်းအောင် မလုပ်နိုင်တဲ့ ခုံးကျော် စီမံကိန်းတွေ ချမှတ်ခဲ့တဲ့သူတွေ၊ ယာဉ်တင်သွင်းခွင့်ပါမစ်တွေ ပေးချင်သလို ပေးခဲ့တဲ့သူတွေ၊ ကားတင်သွင်းခွင့်ပြုပြီးကားထားဖို့ နေရာရရှိအောင်မလုပ်နိုင်ခဲ့တဲ့သူတွေ ဒီလူတွေက အဓိကတရားခံတွေပါ။

ကားစီးတယ်ဆိုတာ ချမ်းသာလို့ငွေကြေးပေါများလို့ စီးနေကြတာ အားလုံးမဟုတ်ပါဘူး။ အလုပ်အကိုင် အခြေအနေ၊ ခရီးအကွာအဝေး၊ အသက်အရွယ်နဲ့ လိုင်းကားတိုးမစီးနိုင်သူတွေအတွက် လိုအပ်လွန်းလို့စီးနေကြတာပါ။ ဝေယျာဝစ္စအလုပ်ရှိလို့ ခေတ္တခဏတောင် ကားရပ်လို့မရ၊ ပြောရရင် အလုပ်ကိစ္စရှိတဲ့နေရာမှာ ကားထိုးဖို့ခက်လှပါတယ်။ တာဝန်ရှိ စည်ပင်ဝန်ထမ်းတစ်ဦးပြောလိုက်တာကတော့ ရှင်းပါတယ်။ ဒီနေရာမှာ မနက် ၇ နာရီကနေ ညနေ ၆နာရီအထိကားမရှိဖို့ပါပဲ။ ဥပဒေကို လိုက်နာဖို့ပါပဲတဲ့။ အလုပ်ကိစ္စရှိရင် ကားကိုလမ်းကြားထဲမှာ သွားထိုးထားလိုက်ပါတဲ့။ ကဲဘယ်လိုများတာဝန်မဲ့စကား ဆိုလိုက်ပါလိမ့်၊ လမ်းကြိုလမ်းကြား ထားရအောင် နှစ်ပြားတစ်ပဲတန်မှမဟုတ်တာ။ မမြင်ကွယ်ရာမှာထားရမယ်ဆိုတော့ စိတ်မချပါ။ လစ်ရင်လစ်သလို ဖြုတ်ခိုးနေတဲ့သူကလည်း ပေါမှပေါ၊ ဘယ်သူတာဝန်ယူမှာလဲလို့ မေးစမ်းချင်ပါဘိ၊ ဘယ်မှာလဲ ပြည်သူလူထုရဲ့ လွယ်ကူချောမွေ့မှု (Public Convenience) ဆိုတာ၊ ကားရှိပြီး ရပ်စရာနေရာမရှိတဲ့ တိုင်းပြည်ပါ။

မိတ်ဆွေယာဉ်မှူးတစ်ဦးက ပြောပါတယ်။ သူကကုမ္ပဏီတစ်ခုရဲ့ မော်တော်ယာဉ်မှူး တစ်ဦးပါ။ ဆရာ့လိုသာ ဒဏ်ကြေးဆောင်နေရရင် ကျွန်တော်တို့စားစရာ လစာတောင် ကျန်မှာမဟုတ်ဘူး။ ဖြေရှင်းပုံနည်းတွေ အများကြီးရှိတယ်တဲ့။ ဆရာကျွန်တော့်ကို ဖုန်းဆက်လိုက်တာ မဟုတ်ဘူး။ ကျွန်တော်တို့ကုမ္ပဏီက ကားတွေ တစ်နေ့တစ်မျိုး ဖြစ်နေတာ။ လွယ်လွယ်လေးရှင်းလို့ရပါတယ်တဲ့။ ဘယ်သိမလဲ။ တစ်ခါမှပြစ်မှု မဖြစ်ဖူးဘူးလေ။ သွားဆောင်ရတာပေါ့။ ဥပဒေဆိုတာ ရိုးသားသူတွေအတွက် တိကျပြတ်သားလွန်းပါတယ်။ စာရေးသူမအားလို့ အိမ်ကတစ်ယောက် ဒဏ်ကြေးဆောင်ခိုင်းလိုက်ပါတယ်။ ခေါက်ရိုးကျိုးနေတဲ့ ရုံးအကြောင်း လျင်သူစား၊ လည်သူစားနေတဲ့အကြောင်းတွေ မရေးချင်တော့ပါဘူး။ အတော်စိတ်ပျက်စရာပါပဲ။ တစ်ခုပဲ ပြောချင်ပါတယ်။ ဒဏ်ကြေးတွေ နိုင်ငံတော်က ပြည့်ပြည့်ဝဝ ရရဲ့လားဆိုတာပါပဲ။

တကယ်တော့ လမ်းဘေးမှာကားတွေ ဘာလို့ရပ်ကြရတာလဲ။ လူတိုင်းမှာအလုပ်ကိုယ်စီရှိကြတာပါ။ အဲဒီအလုပ်တွေကလည်း လမ်းမကြီးတွေ ဘေးမှာပဲရှိကြတာပါ။ လမ်းဘေးရပ်ချင်လွန်းလို့တော့ မထင်ပါနဲ့။ အလုပ်ကိစ္စတွေကြောင့် ရပ်ကြရတာပါ။ လမ်းဘေးမှာရှိတဲ့အလုပ်ကို ကိုယ်နဲ့ပါလာတဲ့ ကားက ဘယ်လိုနေရာမျိုးမှာ သွားရပ်ထားရမှာလဲ။ မဖြစ်လို့ရပ်ကြရတာပါ။ အပျော်လာရပ်ထားတဲ့ကား တစ်ကားမှမရှိနိုင်ပါဘူး။ ဆိုလိုတာက ကိုယ်ပိုင်ယာဉ်မောင်းတွေ ဥပဒေချိုးဖောက်ကြတာမဟုတ်ဘူး မလိုက်နာနိုင်တဲ့ ဥပဒေတွေဖြစ်နေလို့ပါပဲ။

လွှတ်တော်ဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်း ပြောခဲ့ဖူးပါတယ်။ "ဥပဒေဆိုတာ ပြည်သူတွေ လိုက်နာနိုင်တဲ့ ဥပဒေဖြစ်ဖို့ လိုပါတယ်။ မလိုက်နာနိုင်တဲ့ဥပဒေဆိုရင် ရံဖန်ရံခါ ချိုးဖောက်မိကြတာ သဘာဝပါ။" ဒါလည်း ယာဉ်ထိန်းရဲလာချိန်နဲ့ တိုးသွားလို့ကံဆိုးတာပါ။ ကျန်တဲ့အချိန်တွေလာကြည့်လိုက်ပါ။ ဓာတ်ပုံမှတ်တမ်း ရှိပါတယ်။ ကားအပြည့် တရားဥပဒေစိုးမိုးတယ်ဆိုတာ ဒါမျိုးမဟုတ်ပါဘူး။ ဒါကြောင့် ပြည်သူနဲ့မနီးစပ်တဲ့ဥပဒေ ဖြစ်နေလို့ မတရားဥပဒေ လို့ပဲဆိုရမှာပါ။

တကယ်တော့ တာဝန်ရှိခဲ့တဲ့သူတွေရဲ့ စီမံခန့်ခွဲမှုအလွဲတွေ၊ ဆန်စဉ်ရာကျည်ပွေ့ လိုက်တဲ့ဥပဒေ ထုတ်ပြန်မှုတွေဟာ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါပြီ။ မမှန်ကန်တဲ့ဖြေရှင်းနည်းတွေနဲ့ လုပ်ပိုင်ခွင့်ကို အာဏာလို ကျင့်သုံးနေမယ်ဆိုရင်ဖြစ်သမျှ ဒဏ်ပြည်သူခံပဲဖြစ်နေလိမ့်မယ်။ ဖနောင့်နဲ့ မတော်တဲ့ ဖိနပ်အတွက် ဖနောင့်ကိုပဲ ထပ်ကာထပ်ကာ လှီးနေကြမှာလား။ အေးဗျ- ဝက်မွေးချင်ရင်တော့ စောစောကတည်းက ခြံကလေးခတ်၊ အမိုးကလေးမိုးပြီး သပ်သပ်ရပ်ရပ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ခဲ့ရင်တော့ သိပ်ကောင်းမှာပေါ့ဗျာ . . . ခုတော့။ ။

**ကားတွေ တရားဝင်ရပ်ရမယ့်နေရာက ဘယ်မှာလဲလို့ မေးရပါလိမ့်မယ်။ ကားတွေကို ခွင့်ပြုချင်သလို ခွင့်ပြုခဲ့ပြီး ကားရပ်နားဖို့ နေရာလုပ်မပေးနိုင်တာ ဘယ်သူ့မှာတာဝန်ရှိပါသလဲ။ ယာဉ်ပိုင်ရှင်တွေ အပေါ်မှာ တာဝန်ရှိတာလား ။ ကားရပ်ဖို့ အကျယ်အဝန်းရှိပါလျက်နဲ့ ဘာကြောင့် ယာဉ်ရပ်လို့မရတာလဲ။ ရပ်စရာနေရာမရှိလို့ ခေတ္တရပ်တဲ့ယာဉ်တွေကို . . .**

## ငါးသရောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးစစ်ဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေး



**ငါးသရောက် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ(တာဝန်ခံ)ဆရာဝန်ဒေါက်တာ ကံမင်းအောင် လိုက်ပါ၍ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးပိုင်နှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့သည် ငါးသရောက်မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းသွားရောက်ပြီး ကျောင်းသားကျောင်းသူများအား ကျောင်းကျန်းမာရေးအစီအစဉ်ဖြင့် တစ်ကိုယ်ရေ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ၊ တုတ်ကောင်သန်ကောင်များ ရှိ၊ မရှိ စစ်ဆေးပြီး ကျန်းမာရေးပြုစုကုသမှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၁ ရက် နံနက်ပိုင်းက ငါးသရောက်မြို့နယ်ကုလားတဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအား ကျောင်းကျန်းမာရေးစစ်ဆေးကုသမှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးရာတွင် ငါးသရောက်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ(တာဝန်ခံ)ဒေါက်တာ ကံမင်းအောင် ဦးဆောင်၍ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးပိုင်နှင့် ဝန်ထမ်းများအဖွဲ့သည် ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ၊ တုတ်ကောင် သန်ကောင်များ ခန္ဓာကိုယ်အတွင်း ဝင်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများအပြင် အခြားအထွေထွေ ရောဂါများကိုလည်း စစ်ဆေးမှုများပြုလုပ်ကာ လိုအပ်သည့်ဆေးဝါးများဖြင့် ကျန်းမာရေးပြုစုကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား ၁၁၃ ဦး၊ ကျောင်းသူ ၁၁၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၆၄၃ ဦးအား ကျောင်းကျန်းမာရေးလှုပ်ရှားမှု အစီအစဉ်ဖြင့် ကွင်းဆင်းစစ်ဆေးကုသ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မူးယစ်ဆေးဝါးဆိုင်ရာ ဟောပြောပွဲကျင်းပ

**ဖရူဆို ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဟောပြောပွဲကို ဇွန် ၁၉ ရက် ညနေ ၃ နာရီတွင် ကယားပြည်နယ် ဖရူဆိုမြို့နယ် မြို့မကျေးရွာအုပ်စု လောဂျာကျေးရွာ ချမ်းမြေ့ရိပ်မွန် စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးစိုးမြင့်က မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး မိုးသူက မူးယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း ဟောပြောသည်။

(မြို့နယ်ပြန်/ဆက်)

ဆောင်းပါး

# မူးယစ်ဆေးဝါးနှင့် လူငယ်များ၏အခန်းကဏ္ဍ

**à** မင်းမင်း(ထားဝယ်)

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals) အောင်မြင်ရေးအတွက် အားထုတ်ကြိုးပမ်း ပုံဖော်လျက်ရှိပါသည်။ အဆိုပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရေစီးကြောင်းကို အဓိကတာဝန်ယူမည့် ယနေ့ခေတ် လူငယ်လူရွယ်အပေါင်းတို့၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စာရိတ္တမဏ္ဍိုင်အသီးသီးကို နှောင့်နှေးစေမည့် အဟန့်အတား အတားအဆီးတစ်ခုအနေဖြင့် ယနေ့ခေတ်ပြည်သူလူထုအတွင်း အရှိန်အဟုန်မြင့် စိမ့်ဝင်လာသည့် အန္တရာယ်အပေးဆုံး ကြောက်စရာအကောင်းဆုံး သေမင်းနှင့် လက်တစ်ကမ်းအကွာသာရှိသည့် မူးယစ်ဆေးဝါးရန်စွယ်ကို လူသားတိုင်း (အထူးသဖြင့် လူငယ်များ)က ဝေးစွာရှောင်ရှားနိုင်ရေးသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကြီးမားသောတာဝန်ကြီးတစ်ရပ်ပင် ဖြစ်သည်။

မူးယစ်ဆေးဝါး (Narcotics) နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ (Psychoactive drugs)တို့သည် ဓာတုပစ္စည်းများဖြစ်ပြီး၊ ဗဟိုအာရုံကြောစနစ်၏ လုပ်ငန်းဆောင်တာများအပေါ် သက်ရောက်မှုရှိစေကာ အသိအမြင်များ၊ စိတ်ခံစားမှုများကို ပြောင်းလဲစေပြီး စိတ်ကိုထိုင်းမှိုင်းစေကာ လူညွှန့်တုံးစေသည်။ လူ့ဘဝကို အချိန်တိုလေးအတွင်း ဖျက်ဆီးပစ်နိုင်သည့် အန္တရာယ်ရှိသော သေမင်းတမန်ပင် ဖြစ်သည်။ ယင်းတို့အနက် စိတ်ကျစေတတ်သည့် အရက်၊ စိတ်ကြွစေတတ်သော နီကိုတင်းနှင့် ကဖိန်း၊ စိတ်ချောက်ချားစေသည့် (hallcuinogen)၊ ဘိန်းပါသောဆေးများ (opiates)၊ ကိုကင်းနှင့် အက်ဖတမင်း (amphetamine)၊ စိတ်ကြွဆေး (Stimulant ATS)၊ စိတ်ငြိမ်ဆေး (Diazepam)၊ ဆေးခြောက်တို့ကို ကျွန်ုပ်တို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကျယ်ပြန့်စွာ သုံးစွဲနေကြပါသည်။

အဆိုပါဆေးများကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှု ယိုယွင်းလာခြင်း၊ ကာယစွမ်းအား ဆုတ်ယုတ်လာခြင်း၊ ဉာဏစွမ်းအား လျော့ပါးလာခြင်း၊ လုံ့လဝီရိယ၊ ဇွဲသတ္တိများ ဆိတ်သုဉ်းကာ တွေဝေမှိန်းမောစေမည် ဖြစ်ပါသည်။ နောက်ဆုံးတွင် စာရိတ္တယိုယွင်းလာကာ မကောင်းမှုဟူသမျှကို ကျူးလွန်ရန် ဝန်မလေးခြင်း စသည့် ဘေးထွက်ဆိုးကျိုးအပေါင်းကို မူးယစ်ဆေးသုံးစွဲသူများသာမက သုံးစွဲသူ၏ ပတ်ဝန်းကျင်ပါ ထိခိုက်ခံစားရမည်ဖြစ်သည်။

သို့ပါ၍ ကမ္ဘာ့ကုလသမဂ္ဂမှ တရားဥပဒေနှင့်ကိုက်ညီမှုမရှိသော တရားမဝင်မူးယစ်ဆေးများ၏ အန္တရာယ်ကြီးမားပုံကို ပြည်သူများ နားလည်သဘောပေါက်စေရန် ရည်ရွယ်ပြီး ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီးမှ နှစ်စဉ် ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illicit Trafficking)ဟု သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ကြပြီး မူးယစ်ကင်းစင်ပြီး ကျန်းမာပျော်ရွှင်သည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်လာရန်ဟူသော ရည်ရွယ်ချက်ဖြင့် အခမ်းအနားများကို ဩစတြေးလျနိုင်ငံ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ နှစ်စဉ် အထိမ်းအမှတ်ဆောင်ပုဒ်များ ချမှတ်ကာ ကျွန်ုပ်တို့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သတ်မှတ်ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ် အရွယ်အတွင်း လူဦးရေသည် နိုင်ငံ့လူဦးရေ၏ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထိုအရွယ်များသည် နိုင်ငံတော်အတွက် ကောင်းမွေ၊ ဆိုးမွေပေးနိုင်သည့် အရွယ်များဖြစ်၍ တိုင်းပြည်၏ အဖိုးထိုက်တန်သည့် လူသားအရင်းအမြစ်ဖြစ်ပြီး လူငယ်ထု၏ စွမ်းဆောင်ရည်မြင့်မားမှုကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်သလို တစ်ဖက်တွင် လူငယ်ထုကို လုံးဝပျက်စီးသွားစေမည့် လမ်းမှားကို တွန်းပို့ပေးမည့် ဆူးငြောင့်တစ်ခုဖြစ်သည့် မူးယစ်ဆေးဝါးရန်ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို နိမ့်ကျစေမည်ဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံးက လူငယ်များနှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားရေးအသွင်ဖြင့် စည်းစည်းလုံးလုံး ပူးပေါင်းပါဝင်ရန် လိုအပ်မည်ဖြစ်သည်။

ယနေ့ခေတ် လူငယ်၊ လူရွယ်များကို အုပ်စုခွဲလေ့လာကြည့်လျှင် ပညာရေးစနစ်အရ ကျောင်းမှကျူရှင်၊ ကျူရှင်ပြီးလျှင် အနီးကပ်ဆရာ စသည်ဖြင့် ပညာရေးသံသရာတွင် တဝဲလည်လည်ဖြစ်နေသည့် ကျောင်းသားအုပ်စုများ၊ ငွေကြေးချမ်းသာပြီး အပျော်အပါးနောက် တကောက်ကောက်လိုက်ပါပြီး ရည်မှန်းချက်ပန်းတိုင်မရှိ၊ ဘဝရဲ့ဦးတည်ချက်မရှိဘဲ မူးယစ်ဆေးဝါးသုံးစွဲပြီး ထင်တိုင်းကဲ ပျော်ပါးလျက်ရှိသောလူငယ်များ၊ သမုဒ္ဒရာဝမ်းတစ်ထွာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရရှာသည့် လူငယ်များကြောင့် လူငယ်ထုအတွင်း ကျန်းမာကြံ့ခိုင်သန်စွမ်းမှုများ၊ လူမှုရေးဆောင်ရွက်ချက်များ တဖြည်းဖြည်းကျဆင်းလာသလို စာရိတ္တသည်လည်း တစ်စစယိုယွင်းလာသည်ကို တွေ့မြင်လာရပါသည်။

တစ်နည်းအားဖြင့် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အဓိကလိုအင်တစ်ခုဖြစ်သည့် ကာယဗလ (ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်သန်စွမ်းမှု)၊ ဉာဏဗလ (အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှု)၊ စာရိတ္တဗလ (ကိုယ်ကျင့်တရားကောင်းမွန်မှု)၊ ဘောဂဗလ (စီးပွားရေးကြီးပွားရေး နားလည်မှု)၊ မိတ္တဗလ (ပေါင်းသင်းဆက်ဆံတတ်မှု) ဟူသည့် ဗလငါးတန် ဖွံ့ဖြိုးရေးအပေါ်တွင်လည်း များစွာနှောင့်နှေးစေမည်မှာ အမှန်ပင်ဖြစ်သည်။



ယနေ့ခေတ် လူငယ်လူရွယ်များကို အုပ်စုခွဲလေ့လာကြည့်လျှင် ပညာရေးစနစ်အရ ကျောင်းမှကျူရှင်၊ ကျူရှင်ပြီးလျှင် အနီးကပ်ဆရာ စသည်ဖြင့် ပညာရေးသံသရာတွင် တဝဲလည်လည်ဖြစ်နေသည့် ကျောင်းသားအုပ်စုများ၊ ငွေကြေးချမ်းသာပြီး အပျော်အပါးနောက် တကောက်ကောက်လိုက်ပါပြီး ရည်မှန်းချက်ပန်းတိုင်မရှိ၊ ဘဝရဲ့ ဦးတည်ချက်မရှိဘဲ မူးယစ်ဆေးဝါးသုံးစွဲပြီး ထင်တိုင်းကဲ ပျော်ပါး လျက်ရှိသောလူငယ်များ၊ သမုဒ္ဒရာဝမ်းတစ်ထွာ စားဝတ်နေရေး အတွက် ရုန်းကန်လှုပ်ရှားနေရရှာသည့်လူငယ်များကြောင့် လူငယ်ထု အတွင်း ကျန်းမာကြံ့ခိုင်သန်စွမ်းမှုများ၊ လူမှုရေးဆောင်ရွက်ချက်များ တဖြည်းဖြည်းကျဆင်းလာသလို စာရိတ္တသည်လည်း . . .



မူးယစ်ဆေးဝါးကို လူငယ်အများစုသုံးစွဲစေသည့် အကြောင်းအချက်များမှာ စူးစမ်း၊ စမ်းသပ်လိုခြင်း၊ အပေါင်းအသင်းများ၏ တိုက်တွန်းမှုကို မလွန်ဆန်နိုင်ခြင်း၊ လူမှုရေးပြဿနာတစ်ခုခုကြောင့် သုံးစွဲခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အပေါ် အသိပညာ ဗဟုသုတ နည်းပါးခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ယနေ့ခေတ်လူငယ်တို့သည် မိမိစိတ်ဓာတ်ကို ရင့်ကျက်ခိုင်မာအောင်ထားပြီး မူးယစ်ရန်စွယ်ကို ရှောင်ရှားနိုင်ဖို့ ကိုယ်ဝါသနာပါသည့် အလုပ်အကိုင်၊ အားကစား၊ လူမှုရေးလုပ်ငန်းတစ်ခုခုကို အာရုံစူးစိုက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

ထို့ပြင် လူငယ်၊ လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသည့် ဆေးလိပ်၊ အရက်၊ ကွမ်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုများမှအစ အရက်ဆိုင်၊ ဘီယာဆိုင်၊ နိုက်ကလပ်၊ ဒေးကလပ်၊ အနှိပ်ခန်း၊ ကေတီဗွီ၊ အနောက်တိုင်းယဉ်ကျေးမှုစသည့် ဆိုးရွားလှသည့်ဝန်းကျင်များကို ကိုယ်ပိုင်အသိစိတ်ဓာတ်များဖြင့် ရှောင်ရှားရန် လိုအပ်ပါသည်။

'အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး' ဆိုသည့်အတိုင်း လူသားတိုင်း ကျန်းမာကြံ့ခိုင် ဘဝရှင်သန်စေရေး၊ လူမှုအသိုက်အဝန်းနှင့် သဟဇာတမျှတစွာ ဝင်ဆံ့နိုင်ရေးတို့အတွက် အားကစားကဏ္ဍကို မြင့်တင်ဆောင်ရွက်ခြင်းသည် မူးယစ်ဆေးသုံးစွဲမှုများကို ရှောင်ရှားထိန်းချုပ်နိုင်ဖို့ အဓိကလက်နက်ကောင်းတစ်ခုလည်း ဖြစ်ပေသည်။ သို့ပါ၍ 'နုပျိုသက်ရှည်ကျန်းမာ ကိုယ်လက်လှုပ်ရှား ဦးစားပေး'၊ 'ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်၊ ပါဝင်လှုပ်ရှား လူထုအားကစား' စသည့် ဆောင်ပုဒ်များအတိုင်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ယနေ့ခေတ်လူငယ်များအနေဖြင့် အခြေခံကျသောအားကစားနည်းများဖြစ်သည့် လမ်းလျှောက်ခြင်း၊ ပြေးခြင်း စသည့် မိမိနှင့်သင့်တော်သော ကိုယ်လက်လှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

ထို့အပြင် အခြေခံပညာကျောင်းများမှ အစပြု၍ အားကစားဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်မီအောင် ဆောင်ရွက်ပေးရန်နှင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးရန်၊ ကျောင်းတိုင်းတွင် အားကစားကို ချစ်မြတ်နိုးပြီး အားကစားနည်းစနစ်များ၊ အားကစားနည်းမျိုးစုံတို့ကို သိကျွမ်းသည့် ကာယဆရာများ ဖြည့်တင်းသွားရန်၊ မူးယစ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများကို အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် စဉ်ဆက်မပြတ်ကျင်းပပေးရန် လိုအပ်ပါသည်။

'မူးယစ်အစ ဆေးလိပ်က' ဆိုသလို မူးယစ်ဆေးဝါးသုံးစွဲမှု၏အစသည် ဆေးလိပ်သောက်သုံးမှုပင်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လက်ရှိ ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုနှုန်းအရ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကလေးများနှင့် လူငယ်လူရွယ်သန်းပေါင်း ၂၅၀ မှာ အရွယ်မတိုင်မီ သေဆုံးခြင်းနှင့် ရင်ဆိုင်နိုင်ဖွယ်ရှိကြောင်းကိုလည်း သုံးသပ်ထားပါသည်။ သို့ပါ၍ အနာဂတ်ကျောင်းသားလူငယ်များ ဆေးလိပ်မှစ၍ မူးယစ်သားကောင် မဖြစ်စေရေး၊ ကျန်းမာရေးဆိုးကျိုးများ မရရှိစေရေးအတွက် ယနေ့လူငယ်များအကြား ပိုမိုသုံးစွဲရှူရှိုက်လာကြသည့် ဆေးလိပ်သောက်သုံးခြင်းကို မိမိတို့မိသားစု၊ သက်ဆိုင်ရာစာသင်ကျောင်းမှတစ်ဆင့် ထိန်းသိမ်းကြပ်မတ်ပေးဖို့ လိုအပ်ပါသည်။ ထို့ပြင် လူငယ်များ မူးယစ်ဆေးစွဲသမားဘဝသို့ ရောက်ရှိပြီး ပြစ်မှုများကျူးလွန်စေမည့် အမူအကျင့်တစ်ခုဖြစ်သော ကော်ရှူခြင်းကို လမ်းဘေးလေလွင့်လူငယ်များအကြား ကျယ်ပြန့်စွာ သုံးစွဲမှုမရှိစေရေးအတွက် တားဆီးကာကွယ်ပေးရမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူသားအရင်းအမြစ် (Human Capital) အရေးပါမှုများကို ယနေ့လူငယ်များ သိရှိရန်လိုအပ်ပြီး ဉာဏကို အခြေခံသောလူမှုအဖွဲ့အစည်းများ အားကောင်းမောင်းသန်ဖြစ်လာအောင် ကြိုးပမ်းပုံဖော်ပေးရမည်ဖြစ်ပါသည်။ ဘဝပုံရိပ်များ မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့လူငယ်များ မျက်မှောက်ခေတ်၏ အန္တရာယ်ဆိုးတစ်ခုအဖြစ်ရပ်တည်နေသော မူးယစ်ဆေးဝါးမှ ကင်းဝေးကြပြီး ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝကို ရယူဖန်တီးဖို့လိုအပ်ပေသည်။ သို့ဖြစ်ပါ၍ လူငယ်တို့သည် မိမိကိုယ်တိုင်၊ မိမိဝန်းကျင်မှသည် မိမိနိုင်ငံ မူးယစ်ကင်းစင်သော နိုင်ငံတော်ကြီးဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးကို 'ရှောင်လေဝေးဝေး မူးယစ်ဆေး' ဆိုသလို လုံးဝရှောင်ရှားနိုင်ဖို့နှင့် ကျူးပင်ခုတ်၊ ကျူငုတ်မျှမကျန်အောင် တိုက်ဖျက်ချေမှုန်းပစ်နိုင်ဖို့ လိုအပ်မည်ဖြစ်ပြီး မူးယစ်ကင်းစင်သောနိုင်ငံတော်ကြီးမှသည် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို စဉ်ဆက်မပြတ် ဆွတ်ခူးပေးနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# အမျိုးသားစီးပွားရေးပြယုဂ် ဈေးချိုတော်

**à** ဆူးငှက်

မန္တလေးနဲ့ပတ်သက်ပြီး ချစ်ခင်ကြတာ . . . ဂုဏ်ယူကြတဲ့နေရာမှာ မန္တလေးဈေးချိုတော်ရဲ့ မြန်မာဆန်မှု၊ အမျိုးသားစီးပွားရေးကို မြှတ်နိုးကာကွယ်မှု၊ ရိုးရာအစဉ်အလာအပေါ် သံယောဇဉ်ကြီးမှု . . . ဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ ကြီးမားခိုင်မာခဲ့ကြမှုကြောင့် ဖြစ်တယ်။ ဒီစိတ်ဓာတ်တွေ၊ ဒီဂုဏ်သတင်းတွေဟာ "မန္တလေးရဲ့ရပ်တည်မှု"ဆိုတဲ့ အပိုင်းကဏ္ဍမှာလည်း အဓိကကျတဲ့ အချက်ဖြစ်ခဲ့တယ်။ ဒါကြောင့်လည်း 'ဈေးချိုတော်'ဟာ မန္တလေးရဲ့ အသည်းနှလုံး ဖြစ်ခဲ့တာပါ။ မန္တလေးရဲ့အမျိုးသားရေးဆိုင်ရာရေချိန်ဟာ ဈေးချိုရဲ့ပြဒါးတိုင်ပါပဲ။ ဒီပြဒါးတိုင်ဟာ 'စီးပွားရေး' ပြယုဂ် တစ်ခုတင်မှုမဟုတ်ဘဲ။ အဓိကပင်စည်က 'နိုင်ငံရေး'ပဲဖြစ်ပါတယ်။

မန္တလေးရတနာပုံနေပြည်တော် စတင်တည်ထောင်စဉ် မြန်မာပြည်က မြန်မာလူမျိုးတွေရဲ့ မင်းနေပြည်တော်ဖြစ်လေတော့ အဆောက်အအုံတိုင်းလိုလိုဟာ သစ်၊ ဝါးတွေကိုပဲ အသုံးပြုခဲ့ကြတယ်။ ဒီတော့ မူလမြို့တည်ပန္နက်မှာကတည်းက ပါခဲ့တဲ့ 'ဈေးကြိုတော်' (ဈေးချိုတော်)ရဲ့ အဆောက်အအုံတွေကလည်း သစ်၊ ဝါး အသုံးပြုတဲ့ ဈေးရုံအဆောက်အအုံတွေပါပဲ။ ပူပြင်းခြောက်သွေ့ မိုးနည်းရေရှားရပ်ဝန်းမို့ မီးဘေးအကြိမ်ကြိမ်သင့်မှုကို ဈေးချိုတော်ဟာ တစ်လျှောက်လုံးခံစားခဲ့ရပေမယ့် ပြာပုံထဲက အကြိမ်ကြိမ် ရုန်းထနိုင်ခဲ့တာကလည်း အားမာန်တစ်ခုပါ။ ၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့မှာ မန်ကျည်းပင် ဈေးအရပ်က လောင်တဲ့မီးက ဈေးချိုကို ဝါးမျိုသွားခဲ့တယ်။ ဒါကြောင့် ၁၂၃၈ခုနှစ်၊ ပြာသိုလဆန်း ၁၄ရက်နေ့မှာ ဈေးချိုတော်အသစ် ပြန်လည်တည်ဆောက်ခဲ့တယ်။ ဒီဈေးသစ်ကြီးကိုပဲ ၁၂၅၈ ခုနှစ်မှာ မီးထပ်သင့်ပြန်ပါတယ်။ ၁၂၅၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက်နေ့မှာပါ။ ခရစ်နှစ်အလိုအရတော့ (၁၈၉၇)ခု ဧပြီ ၆ရက်ပေါ့လေ။ နောက်သုံးနှစ်အကြာ ၁၉၀၀ပြည့်နှစ် ဧပြီ ၃ရက်မှာလည်း ဈေးချိုတော်ကို မီးထပ်လောင်ပြန်ပါတယ်။ နောက်ထပ် ၁၉၀၂ ခုနှစ် ဧပြီ ၁၂ရက်နေ့မှာလည်း မီးထပ်လောင်တယ်။ ဒီမီးကြီးလောင်ပြီးမှပဲ။ ကျွန်တော်တို့နဲ့ အများကြီးရင်းနှီးခဲ့တဲ့ ရုံကြီး ၁၂ ရုံနဲ့ ဖွဲ့စည်းထားတဲ့ ဈေးချိုတော်ကြီးကို ပြန်လည်တည်ဆောက်ခဲ့တာပါ။ အဲဒီအချိန်က မန္တလေးမြူနီစီပယ်အတွင်းဝန် အီတလီလူမျိုး ကောင့်ကာတာရီက အီတလီပြည် မီလန်မြို့က ဈေးနှင့်ပုံစံတူ တည်ဆောက်ခဲ့တာလို့ မှတ်သားခဲ့ရပါတယ်။ ဒါကြောင့်လည်း အခု ကျန်ကောင်းကျန်ရာကျန်ခဲ့တဲ့ ဈေးချိုတော်နာရီစင်ကြီးအောက်ခြေမှာ 'မန္တလေးဈေးချိုကို ၁၂၆၂ ခုနှစ်တွင် ပြန်လည်တည်ဆောက်၍ ၁၂၆၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်' ဆိုတဲ့ ကမ္ပည်းကျောက်စာကို ယခုတိုင်မြင်တွေ့နေရတာပါပဲ။



Digital Image © 2004 University of Wisconsin-Milwaukee Libraries

ဒီလို သဘာဝမီးဘေးကို အကြိမ်ကြိမ်ကြုံတွေ့ရပေမယ့် မူလသန္ဓေမပျက်ဘဲ 'ဈေးချိုတော်'ဆိုတာ နလန်ထူထောင်မတ်ခဲ့တာချည်းပါပဲ။ ဒါပေမယ့် တိုင်းတစ်ပါး လက်အောက်ရောက်နေတဲ့ကာလမို့ ရန်သူမျိုးငါးပါးထဲက 'မင်းဘေး' ဆိုတာလည်း ဈေးချိုတော် ကြုံရပါတယ်။ 'မင်း'ဆိုတာ အာဏာပိုင်အစိုးရမျှသာမဟုတ်ဘဲ ဈေးကောင်စီလို၊ မြူနီစီပယ်လို အဖွဲ့အစည်းတွေလည်း ပါဝင်တယ်။ ဒါကြောင့် ဈေးချိုတော်အုတ်တိုက် ဈေးရုံသစ်ကြီးတွေ တည်ဆောက်ပြီးနောက်ပိုင်း အင်္ဂလိပ်အစိုးရရဲ့ ပညာရေးစာစောင် အမှတ်(၃) မှာ ဆိုရင် ဈေးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးဦးဘတင် ကိုယ်နှိုက်က 'ဈေးသည်များတာဝန်' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ရေးပြီး လှုံ့ဆော်ခဲ့တယ်။

၁၉၄၅ခုနှစ်မှာတော့ ဈေးချိုတော်အကျိုးဆောင်အသင်းကြီးကိုဖွဲ့စည်းပါတယ်။ တကယ့်မန္တလေးသားဈေးချိုသူ၊ ဈေးချိုသားစစ်စစ် မျိုးချစ်ပုဂ္ဂိုလ်ကြီးများနဲ့ဝန်ကြီးချုပ်ဆိုင်ရာ ဥပဒေပုဒ်မ ၁၁၇ အရ ထုတ်ပြန်တဲ့ ဈေးဆိုင်ရာအမိန့်နဲ့ကန့်သတ်ချက်တွေကို ဟိုက်ကုတ်လွှတ်တော်ရှေ့နေကြီး မစ္စတာပီလေးနဲ့ မြန်မာပညာရှိမင်းဦးကျော်ရန်တို့ စတင်ဦးဆောင်ဖွဲ့စည်းခဲ့ကြတဲ့ 'အခွန်ဝန်ထမ်းအသင်းကြီး'နဲ့ မန္တလေးဈေးချိုတော်တို့က ၁၉၂၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ရက် (၁၉၂၈ခု၊ ဇူလိုင်လ ၂၅ရက်)နေ့ အိမ်တော်ရာ ၁၄ခန်းဇရပ်မှာ ကျင်းပတဲ့ မြို့လုံးကျွတ်အစည်းအဝေးကြီးနဲ့ ဆန့်ကျင် ကန့်ကွက်ခဲ့ကြပါတယ်။ အလားတူ လွတ်လပ်ရေးကြိုးပမ်းမှု ဒီရေအမြင့်ဆုံးဖြစ်ခဲ့တဲ့ ၁၃၀၀ပြည့် ကာလ(၁၉၃၉ ခုနှစ်)မှာလည်း နယ်ချဲ့ကို ဆန့်ကျင်သပိတ်ဆင်နွှဲကြတဲ့ ရဟန်းပျိုအဖွဲ့၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းသူ၊ ကျောင်းသားများနဲ့ မန္တလေးမြို့လူထုကို ဈေးချိုတော်က အထူးအားပေးပူးပေါင်းဂုဏ်ပြုလို့ အစိုးရက ဈေးချိုမှာ ပုဒ်မ ၂၃(၇)ကို ထုတ်ပြန်ပြီး ဖိနှိပ်ခဲ့ပါတယ်။ ဒါကြောင့် ဈေးချိုသူ၊ ဈေးချိုသားတွေက ဈေးချိုရုံကြီး ၁၂ ရုံကို သပိတ်မှောက်ကာ အိမ်တော်ရာဘုရားဝင်းထဲမှာ ဈေးသွားဖွင့်ပြီး ဆန့်ကျင်ကန့်ကွက်ခဲ့ကြတာတည်း သမိုင်းဝင်ဖြစ်ရပ်တစ်ခုပါ။

ဒုတိယကမ္ဘာစစ်အပြီး မြို့နယ်အုပ်ချုပ်ရေးအရာရှိ 'မေဂျာကနေဒီ'က ဈေးချိုတော်ကို ဥပဒေအမိန့်တွေထုတ်ပြီး ကိုင်တွယ်အုပ်ချုပ်ပါတယ်။ အခွန်အတုတ်၊ အမိန့်ဥပဒေတွေနဲ့ ထိန်းကွပ်မှုအပေါ် ရိုးသားစွာလုပ်ကိုင်စားသောက်ကြတဲ့ ဈေးချိုသူ၊ ဈေးချိုသားတွေအနေနဲ့ ငြိမ်ခံမနေခဲ့ကြဘဲ ဒီအခွန်အတုတ်၊ အမိန့် ဥပဒေတွေအပေါ် ပြန်လှန်သုံးသပ်တတ်၊ ဝေဖန်တတ်ဖို့နဲ့ ရုံးပြင်ကနားဆိုင်ရာကိစ္စတွေ နားလည်တတ်ကျွမ်းပြီး ပြန်လည်ချေပနိုင်ဖို့ အဲဒီခေတ်၊ မန္တလေးကထုတ်ဝေတဲ့စာစောင်တွေကလည်း ဝိုင်းဝန်းကူညီအားပေးကြတယ်။ မန္တလေး နဂါးနီ



ဖွဲ့စည်းခဲ့တာပါ။ အသင်းရဲ့အမှုဆောင်လူကြီးတွေအဖြစ် တိုက်တန်းကြီး နဂါးနီဦးမောင်မောင်က ဥက္ကဋ္ဌနဲ့ တိုက်တန်းလေး ဦးရွှေက ငွေထိန်း၊ စီရုံ သခင်တင်က အတွင်းရေးမှူး၊ ကိုယ်ပိုင်တန်း ဦးအောင်မြင့်၊ ငှက်ပျောတန်း ဦးဘသောင်းတို့က တွဲဖက်အတွင်းရေးမှူးတွေ ဖြစ်ကြတယ်။ ၅ နံပါတ်ရုံ ဦးသိန်းညိုနဲ့ မြောက်ဖက်တိုက်တန်းကြီး ဦးထွန်းညွှန့်တို့

**အစဉ်အလာကြီးမားတဲ့ ဈေးချိုတော်ရဲ့အမျိုးသားရေးစိတ်ဓာတ်တွေဟာ လွတ်လပ်ပွင့်လင်းမှု၊ အမျိုးသားစီးပွားရေး ကာကွယ်မှု၊ အများဆန္ဒအပေါ် အသိအမှတ်ပြုအကောင်အထည်ဖော်မှုဆိုတဲ့ထောက်တိုင်တွေနဲ့ပြန်လည် ထူမတ်ကြရပါမယ်။ ဘိုးဘွားမိဘ၊ ဈေးချိုသူ၊ ဈေးချိုသားတွေရဲ့အမွေ ဆက်ခံကာ...**

က စာရင်းစစ်နဲ့ ဒီရုံဦးဘရွှေက ဆော်ဩရေးမှူးတာဝန်ယူကြတယ်။ အမှုဆောင်ကော်မတီလူကြီးတွေကိုလည်း ၃၄ ဦးရွေးချယ်ခဲ့ကြသတဲ့။ ဈေးချိုရုံကြီး ၁၂ရုံအပြင် တိုက်တန်းကြီးတိုက်တန်းလေး၊ အခြားရုံများ ဈေးတန်းများက ကိုယ်စားလှယ်တွေသာမက နေသူရိန်နဲ့လူငယ်များအစည်းအရုံးက ကိုယ်စားလှယ်တွေလည်း ပါဝင် ကြတာကိုကြည့်ခြင်းအားဖြင့် ဈေးချိုတော် အကျိုးဆောင်အသင်းကြီးဟာ ဈေးချိုတော် သာမက ပြင်ပမျိုးချစ်ပုဂ္ဂိုလ် ကိုယ်စားလှယ်များအထိ ဈေးအမှုဆောင်များအဖြစ် ထည့်သွင်းထားခြင်းဟာ အမြင်ကျယ်မှုအဖြစ် အတုယူစရာပါ။

မြန်မာမျိုးချစ်ပုဂ္ဂိုလ်များရဲ့ စီးပွားရေးအစုအဝေးမှာ မျိုးချစ်ပုဂ္ဂိုလ်များရဲ့ဦးဆောင်မှုနဲ့ ဈေးချိုတော်ရဲ့ သမိုင်းအစဉ်အလာ ထိန်းသိမ်းမှုဟာ ခေတ်စနစ်အပြောင်းအလဲ၊ အချိုးအကွေ့တိုင်းမှာ ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ကြတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွေမှာ ဈေးချိုတော်ဟာ မပါမပြီး ပါဝင်ကာ ရပ်တည်ချက်မှန်ကန်ခဲ့တယ်။ လွတ်လပ်ရေးခေတ် ပြည်တွင်းစစ်ကာလမှာလည်း မြို့သူ၊ မြို့သားတိုင်းသူပြည်သားလူထုဆန္ဒနဲ့ ကိုက်ညီတဲ့ ပြည်တွင်းငြိမ်းချမ်းမှုကို ဈေးချိုသူ၊ ဈေးချိုသားတို့က ထောက်ခံခဲ့ကြတယ်။ ပါလီမန်ခေတ် အစိုးရအဖွဲ့ရဲ့ အပြောင်းအလဲတိုင်းမှာလည်း ဈေးချိုတော်ဟာ တံလျှပ်ရေထင်ပြီး လမ်းလွဲမလိုက်ခဲ့ဘူး။ ပြည်သူလူထုနဲ့ တစ်သားတည်းဆိုတဲ့ သမိုင်းအစဉ်အလာတွေရှိခဲ့တယ်။ ၁၉၆၂ခုနှစ် နိုင်ငံရေးအပြောင်းအလဲကြီးမှာတော့ ဈေးချိုရဲ့ တစ်ပိုင်တစ်နိုင်အမျိုးသား စီးပွားရေးတွေဟာ ချည့်နဲ့ ယိမ်းယိုင်သွားခဲ့ရတယ်။ ဒါပေမယ့် ဈေးချိုက မဖောက်ပြန်ခဲ့ဘူး၊ သာပေါင်းညာစား၊ ဘနဖူးသိုက်မတူးခဲ့ဘူး၊ အမိသော်လည်း သားတော်ခဲ မလုပ်ခဲ့ဘူး၊ ပွဲလန့် ဖျာမခင်းခဲ့ဘူး ရှိသမျှအင်အားနဲ့ လက်ချင်းတွဲပြီး ၁၉၇၂၊ ၁၉၇၄၊ ၁၉၇၆၊ ၁၉၈၈ စတဲ့ သမိုင်းမှတ်တိုင်ကြီးတွေမှာ ဈေးချိုရဲ့ အစဉ်အလာကို ထိန်းသိမ်းနိုင်ခဲ့ကြတယ်။ အထူးသဖြင့် ၁၉၈၈ အရေးတော်ပုံမှာ ဈေးချိုတော်ဟာ ရဲရဲဝံ့ဝံ့နဲ့ ပြည်သူလူထုဘက်တော်သားဖြစ်ခဲ့ပြီး ရဟန်း၊ ကျောင်းသား၊ ပြည်သူတွေရဲ့ လူထုတိုက်ပွဲတွေကို ရုပ်ဝတ္ထုအရရော စိတ်ဓာတ်အရရော အားပေး ပူးပေါင်းခဲ့တယ်။ ဈေးချိုတော် ရုံကြီး ၁၂ ရုံနဲ့ အခြားဈေးရုံ ဈေးတန်းများရဲ့ ဖွဲ့စည်းတည်ရှိမှု သန္ဓေမပျောက်လို့လည်း စိတ်ဓာတ်အစဉ်အလာဟာ အမျှင်မပြတ်တဲ့ သဘောလည်းဖြစ်ပါတယ်။

၁၉၉၀ကျော်ကာလမှာတော့ ဒီအခြေခံရုပ်ပစ္စည်းတွေရဲ့ အခွန့်ရှည်တည်ရှိမှုတွေကို တစ်ဦးတစ်ယောက် အမိန့်အာဏာနဲ့ အတင်းအဓမ္မ ရုတ်ခြည်းဖြိုဖျက်ခံလိုက်ပြီးနောက် မူလအခင်းအကျင်းဖြစ်ပြီး ကမ္ဘာပေါ်မှာ ပုံစံတူအဖြစ်ဈေး နှစ်ဈေးသာရှိတဲ့ သမိုင်းဝင် ရှေးဟောင်း ဈေးချိုတော်အဆောက်အအုံကြီးတွေ မြေလှန် ဖျက်သိမ်းခံလိုက်ရပါတော့တယ်။ မူလဈေးချိုသူ ဈေးချိုသားများရဲ့ ပိုင်ဆိုင်မှုပျက်၊ စီးပွားပျက်၊ အစဉ်အလာပျက်၊ သန္ဓေပျက်ပြီး နိုင်ငံရေးပျက်လုနီးနီး ရောက်ခဲ့ရပါတယ်။ ဒါပေမယ့် ကြုံလိုက်ရတဲ့ အခြေအနေကိုလည်း မူလလက်ဟောင်းအစဉ်အဆက် ဘိုးဘွားအမွေခံ ဈေးချိုသူ၊ ဈေးချိုသားတွေက ခါးစည်းခံပြီး ရသမျှအားနဲ့ 'ဈေးချိုသွေး'ကို ဆက်လက်ထိန်းသိမ်းခဲ့ကြတာလည်း ဂုဏ်ယူစရာပါပဲ။



ဒီတော့. . . အစဉ်အလာကြီးမားတဲ့ ဈေးချိုတော်ရဲ့ အမျိုးသားရေးစိတ်ဓာတ်တွေဟာ လွတ်လပ်ပွင့်လင်းမှု၊ အမျိုးသားစီးပွားရေး ကာကွယ်မှု၊ အများဆန္ဒအပေါ် အသိအမှတ်ပြု အကောင်အထည်ဖော်မှုဆိုတဲ့ ထောက်တိုင်တွေနဲ့ ပြန်လည်ထူမတ်ကြရပါမယ်။ ဘိုးဘွားမိဘ၊ ဈေးချိုသူ၊ ဈေးချိုသားတွေရဲ့ အမွေဆက်ခံကာ သမိုင်းဝင်ဈေးချိုအစဉ်အလာ၊ ဈေးချိုစိတ်ဓာတ်၊ ဈေးချိုသွေးတွေ မပျက်မယွင်းဆက်လက်တည်ရှိ အခွန့်ရှည်ပါစေကြောင်း . . .။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါး ဧက ၂၇၈၄၀ စိုက်ပျိုးရန်လျာထား



**မုံရွာ ဇွန် ၂၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် မိုးစပါး ဧက ၂၇၈၄၀ စိုက်ပျိုးသွားရန် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မိုးစပါးဧက ၂၄၅၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ မြို့နယ်တွေက အများအားဖြင့် တောင်တန်းတွေမှာရှိတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေက လှေကားထစ် တောင်ယာစိုက်ပျိုးရေးတွေကို အဓိကထားလုပ်ကိုင်တယ်။ သီးနှံမျိုးစုံစိုက်ပျိုးကြတဲ့အထဲမှာ စပါးကိုတော့ ဧက ၂၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်ရဲ့ ထက်ဝက်ကျော်ကို စိုက်ပျိုးပြီးသွားပါပြီ" ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်၊ နန့်ယွန်းနှင့် မြို့နယ်ခွဲများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ဧက ၂၇၈၄၀ စိုက်ပျိုးရန်လျာထားရာ ဇွန်လ တတိယပတ်အထိ ၁၅၄၈၈ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပြည်ထဲရေးဝန်ကြီးဌာန၏ရက် ၁၀၀ စီမံချက်အရ မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး



**ကြာအင်းဆိပ်ကြီး ဇွန် ၂၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်အရ မြေငှားဂရန်များထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ်မြေငှားဂရန်ထုတ်ပေးရေးအဖွဲ့တို့သည် အမှတ် ၄ ရပ်ကွက်နှင့် အမှတ် ၉ ရပ်ကွက်များသို့ ဇွန် ၁၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကြာအင်းဆိပ်ကြီးမြို့ အမှတ် ၄ ရပ်ကွက်တွင် မြေငှားဂရန်လျှောက်ထားသူပေါင်း ၉၃ ဦး၊ အမှတ် ၅ ရပ်ကွက်တွင် မြေငှားဂရမ်လျှောက်ထားသူပေါင်း ၁၁၆ ဦး စုစုပေါင်း ၂၀၉ ဦး ဖြစ်ပြီး မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လျှောက်ထားသူများအား စိစစ်ခြင်း၊ လျှောက်ထားမြေများ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှုရှိ-မရှိ တိုင်းတာခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး မြေငှားဂရန်များထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းဖြတ် ဇွန် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ သဘာဝဘေးအဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်စေရန် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန မိုင်းဖြတ်မြို့နယ်ရုံးမှဝန်ထမ်းများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက အ. ထ. က(ဟိုနား)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မိုင်းဖြတ်မြို့နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးငြိမ်းစံက သဘာဝဘေးအန္တရာယ်သည် အချိန်မရွေးဖြစ်ပေါ်နိုင်သောကြောင့် အကယ်၍ သဘာဝဘေးအန္တရာယ်နှင့်ကြုံခဲ့ပါက မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ဘေးရှစ်မျိုးဖြစ်ပေါ်နိုင်မည့် အခြေအနေလက္ခဏာများကို ပိုစတာများဖြင့် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဘေးရှစ်မျိုးအပေါ် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းသရုပ်ပြသခဲ့သည်။ ယင်းနောက် မြို့နယ်ဦးစီးမှူးက အထက်တန်းပြဆရာမ ဒေါ်စုစုသိန်းအား ဘေးရှစ်မျိုးနံရံကပ်ပိုစတာများကို ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းသား၊ ကျောင်းသူများအား အန္တရာယ်ရှိသောစားသောက်ကုန်များအကြောင်း အသိပညာပေးဟောပြော

**ဝါးခယ်မ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များ၏ ကျန်းမာရေးကို ရှေးရှု၍ အန္တရာယ်ရှိသော စားသောက်ကုန်များအကြောင်း သိကောင်းစရာဟောပြောပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်းဈေး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်သန်းနှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သိန်းငွေတို့က ကျောင်းသား၊ ကျောင်းသူလေးများကို စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ၊ ခေတ်ဆေးဝါးများ၊ စားသုံးရန်မသင့်သော စားသောက်ကုန်များ၊ ဘေးထွက်ဆိုးကျိုးများနှင့် အစားအစာများအား ဥပမာပေးပြသ၍ ရှင်းလင်းပြောကြားခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏ လူမှုဝန်းကျင်၌ အနီးစပ်ဆုံးဖြစ်သည့် ကျောင်းမုန့်ဈေးဆိုင်၌ စားသုံးရန်မသင့်သော စားသောက်ကုန်များအား ဝယ်ယူစားသုံးရန် မသင့်သလို ရောင်းချသူများအနေဖြင့်လည်း တားမြစ်စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးပေးပြီး ကျောင်းအုပ်ဆရာကြီးအား ကြပ်မတ်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ(ဝါးခယ်မ)**

# ပထမအကြိမ် ၂၀၁၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**သရက်ချောင်း ဇွန် ၂၃**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် မြို့မရပ်ကွက် ခြေမြန်တပ်ရင်းမှ ၂၀၁၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူးက သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်ရခြင်းနှင့်ပတ်သက်ပြီး ပြောကြားရာတွင် ရာသီဥတုညီညွတ်မျှတစေရန်၊ အေးမြသောအရိပ်အာဝါသရရှိရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းညှိရန်နှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်တားဆီးရန် ရည်ရွယ်ပြီးစိုက်ပျိုးပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တပ်ရင်းမှူးနှင့် အရာရှိစစ်သည်များ၊ ရဲမေများ၊ ဌာနဆိုင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၅၀၊ ခရေပင် ၅၀၊ မိုင်ဂျန်ရှားပင် ၂၀၊ စိန်ပန်း ၂၅ ပင်နှင့် ကျွန်း ၅ ပင် စုစုပေါင်းအပင် ၂၀၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးစိုးဝင်းထွန်းနှင့် အရာရှိစစ်သည်များ၊ ရဲမေများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ရက်(၁၀၀)စီမံချက်ကာလအတွင်း သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှုကို ကြည့်ရှု



**ယင်းမာပင် ဇွန် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း သစ္စာစီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်က လယ်ငေါက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ပေးရာသို့ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီ၊ ခရိုင်ဦးစီးမှူး ဦးစိုင်းမြင့်အောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းတို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် "ကျွန်တော်တို့အဖွဲ့အနေနဲ့ လယ်ငေါက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲမှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူ ၈၆ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် သစ္စာစီမံချက်ဖြင့် မြို့နယ်တွင်းတွင် အခြားမြို့နယ်များမှ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်အခြေအနေအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်ကြပြီး အိမ်ထောင်စုစာရင်းမရှိသေးသူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများကို ရရှိကိုင်ဆောင်နိုင်ရေးအတွက် ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနတာဝန်ရှိသူများထံမှ သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ကလောမြို့တွင်းရှိ အိမ်ခြံမြေအလွတ်နေရာများအားလုံးတွင် သစ်ပင်များစိုက်ပျိုးသွားမည်

**ကလော ဇွန် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့စည်ပင်သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကလောမြို့အတွင်းရှိ အိမ်ခြံဝိုင်း မြေလွတ်မြေလပ်နေရာတိုင်းတွင် အရိပ်ရပင်များ၊ လေကာပင်များ၊ ပန်းအလှပင်များ၊ စားသုံးသီးနှံပင်များ၊ နှစ်ရှည်ပင်များစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဇွန် ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးရုံးခန်းမ၌ကျင်းပသော မြို့နယ်စည်ပင်သာယာရေးကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကြည်လွင်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်၊ မြို့နယ်အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးကိုကိုထွန်း၊ ဌာနဆိုင်ရာဦးစီးအရာရှိများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ သတင်းဌာနများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့တက်ရောက်လာသူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ နိုင်ငံခြားသားခရီးသွားလုပ်ငန်းများလုံခြုံရေး၊ ကလောမြို့ရှိ ရှေးဟောင်းအဆောက်အအုံအဟောင်းများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရှေးဟောင်းအမွေအနှစ် ခရီးသွားအပန်းဖြေ တောင်ပေါ်စခန်း ကလောမြို့အဖြစ် ပြန်လည်ပြုပြင်မွမ်းမံရေး စသည်များ ဆွေးနွေးခဲ့ကြသည်။

ကလော၊ ရွှေညောင်၊ တောင်ကြီး၊ ကက္ကူရှေးဟောင်းသာသနာ့နယ်မြေများသို့ Tourist Destination အတွက် အထူးမြန်မာ့မီးရထားခရီးစဉ်ပြေးဆွဲနိုင်ရေး၊ ကလောဘူတာ ရှေးမူလက်ရာအတိုင်း ပြုပြင်မွမ်းမံရေးကုန်ကျမှုများအတွက် ကလောမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များမှ ကူညီပံ့ပိုးကြမည်ဖြစ်သည်။ လက်ရှိကလောနာရီစင်ကို ကမ္ဘာလှည့်ခရီးသွားဆွဲဆောင်နိုင်ရန် ရှေးမူရှေးဟန်ပုံစံဆောက်လုပ်သွားရန် Kalaw Princess Hotel မှ ဒေါ်တင့်တင့်လွင်ကလှူဒါန်းမည်ဖြစ်သည်။

ကလောမြို့ စိမ်းလမ်းစိုပြည် သာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြို့တွင်းအိမ်ခြံမြေဝိုင်း အတွင်းအပြင် လမ်းဘေးဝဲယာတွင် အရိပ်ရပင်များ၊ လေကာပင်များ၊ နှစ်ရှည်ပင်၊ စားသုံးအသီးအရွက်ပင်များ၊ ပန်းအလှပင်များစိုက်ပျိုးရန် တစ်အိမ်ထောင် သစ်ပင်မျိုးစုံသုံးပင်အနည်းဆုံး စိုက်ပျိုးကြရန် Royal Kalaw Hill Resort မှ ဦးဝေစိုးက သစ်ပင်မျိုးစုံ အပင် ၆၀၀၀၀ လှူဒါန်းရန် ဝယ်ယူပြီးနေပြီးဖြစ်၍ စိုက်မည့်ရက်၊ ပေးဝေမည့်ရက်များ စီစဉ်ဆွေးနွေးနေကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ပြောသည်။ **(ဝဇ၁)**

## စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ကြီးနှင့် တောင်သူများ တွေ့ဆုံဆွေးနွေး



**ကြာအင်းဆိပ်ကြီး ဇွန် ၂၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပရာကျေးရွာအုပ်စု၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ နွားမွေးမြူရေးကျေးရွာစီမံကိန်းအရ မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် ဝယ်ယူမွေးမြူထားသော နွား ၉၄ ကောင်အား ဇွန် ၂၁ ရက် နံနက်ပိုင်းက ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး သွားရောက်ကြည့်ရှုပြီး သံပရာကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးသည် ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအား မိမိတို့၏ ဦးစီးဌာနအလိုက် လုပ်ငန်းတာဝန်များကို ပြည်သူများအား အကျိုးပြုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားလုပ်ကိုင်ကြရန် ရှင်းလင်းမှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးသည် ဘုရားငါးဆူကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များမှ မွေးမြူထားရှိသော ဝက်ခြံများအား သွားရောက်ကြည့်ရှုအားပေးပြီး လူထုဗဟိုပြုစီမံကိန်း CDD မှ ငွေကျပ် ၁၄၂ သိန်းဖြင့် တည်ဆောက်လျက်ရှိသည့် ဘုရားငါးဆူကျေးလက်ဆေးပေးခန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးသည် မြို့ဟောင်းကျေးရွာရှိ စတော်ချောင်းနှင့် ထီးဖိုးနိုင်းကျေးရွာတွင် တောင်သူများ စိုက်ပျိုးမှုအဆင်ပြေရေးအတွက် ဆည်မြောင်းတူးဖော်ထားရှိမှုနှင့် ရေထိန်းတံခါးဆောက်လုပ်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## မုံရွာစီးပွားရေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ မိဇုဟိုဘဏ်တို့ပူးပေါင်း၍ ပညာသင်ဆုချီးမြှင့်

**မုံရွာ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ မိဇုဟိုဘဏ်တို့ပူးပေါင်းပြီး ပညာသင်ဆုချီးမြှင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက မုံရွာစီးပွားရေးတက္ကသိုလ်အတွင်းရှိ အဆောင်(၁)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဂျပန်နိုင်ငံ မိဇုဟိုဘဏ် ပညာသင်ဆုအား မုံရွာစီးပွားရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများထဲမှ အမှန်တကယ်ဆင်းရဲနွမ်းပါးသူ၊ စာကြိုးစားသောသူ၊ ကျောင်း၏အစီအစဉ်များတွင် ပါဝင်လှုပ်ရှားသူ စသည့်အချက်သုံးချက်နှင့် ကိုက်ညီသောသူများကို အဓိကထားရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

“မုံရွာစီးပွားရေးတက္ကသိုလ်မှာ မိဇုဟိုဘဏ် ပညာသင်ဆုချီးမြှင့်တာ ပညာသင်နှစ် နှစ်ခုရှိပါပြီ။ အမှန်တကယ်ဆင်းရဲနွမ်းပါးတဲ့သူတွေ တက္ကသိုလ်ပညာကို ဆက်လက်သင်ယူခွင့်ရရှိဖို့အတွက် အထောက်အပံ့ဖြစ်စေတော့ ကလေးတွေအတွက်လည်း အများကြီးဝမ်းသာမိပါတယ်၊ ဒီဘဏ်က ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးကို နှစ်စဉ်ပညာသင်ဆုတွေ ထောက်ပံ့ပေးသွားမှာဖြစ်တဲ့အတွက် ဒီအထဲက ကျောင်းပြီးသွားလို့ လျော့သွားတဲ့ကလေးတွေအတွက် အစဉ်အဆက်ဖြည့်လို့ရတယ်။ ပညာသင်ဆု ၂၅ ဆုက အမြဲရရှိနေမယ့်ဆုဖြစ်တဲ့အတွက် မုံရွာတက္ကသိုလ်အနေနဲ့လည်း ဂုဏ်ယူဝမ်းမြောက်မိတယ်လို့ ပြောချင်ပါတယ်။ ပညာသင်ဆု ၂၅ ဦးထဲက ကျောင်းပြီးလို့ လျော့နည်းသွားတဲ့အရေအတွက်ရယ်၊ ပညာသင်ဆုရတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲက စာမေးပွဲကျတဲ့သူရှိရင်တော့ အစားထိုးတဲ့အနေနဲ့ ပထမနှစ်ကကျောင်းသား၊ ကျောင်းသူတွေကို ထပ်မံရွေးချယ်ပေးပါတယ်” ဟု မုံရွာစီးပွားရေးတက္ကသိုလ်မှဌာနမှူး (သင်တန်းရေးရာ) ဒေါ်ယဉ်မင်းသန့်က ပြောသည်။

မိဇုဟိုဘဏ်မှချီးမြှင့်သော ပညာသင်ဆုအား မုံရွာစီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒ၊ စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ စာရင်းကိုင်ပညာ၊ စာရင်းအင်းပညာ၊ ဘောဂဗေဒဌာနတို့မှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတို့အား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀၀ စီကို မိဇုဟိုဘဏ် မြန်မာနိုင်ငံရုံးခွဲမှ အထွေထွေမန်နေဂျာ Mr. Mitsuyoshi Matsuura က ချီးမြှင့်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွေးနှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဂျပန်နိုင်ငံ မိဇုဟိုဘဏ် မြန်မာနိုင်ငံရုံးခွဲမှ အထွေထွေမန်နေဂျာ Mr. Mitsuyoshi Matsuura တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**




**ဇလွန် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ဝါသလကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရေဘေးကာကွယ်သရုပ်ပြပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ဝင်း၊ ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာ၊ ဇလွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းတို့က တာထိပ်ပေါ်ရေကျော်ခြင်း၊ ရေပေါက်(ထူးပေါက်) တာအိခြင်း၊ သဲဗွက်ထခြင်းဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို အသီးသီးရှင်းလင်းပြောကြားပြီး ဧရာဝတီ-ဟင်္သာတ တာမိုင် (၁၈/၆)တာပေါ်တွင်ကာကွယ်မှုနည်းလမ်းပိုင်းများကို မြေသား(သို့)သဲအိတ်များဖြင့် ကာကွယ်နည်း၊ ထူးပေါက်အထက်အမြင့် နှစ်ပေမှ သုံးပေ အထိ ရေလှောင်နိုင်သော မြေကတုတ်(ရေခွေ) တည်ဆောက်ခြင်း၊ ရေခွေအဝိုင်းအား တောင့်တင်းခိုင်မာရန်နှင့် တန်ပြန်ရေဖိအားရရန် (ရေအမြင့် နှစ်ပေမှ သုံးပေအထိ) တည်ဆောက်ခြင်းနှင့် ရေဘေးကာကွယ်ရေး ဆောင်ရွက်ရာတွင် စုဆောင်းထားရှိရမည့် ပစ္စည်းများမှာ ကြိမ်၊ ဝါးနီး၊ ပေါက်တူး၊ အုန်းဆံကြိုး၊ သစ်သားဒင်၊ ဝါးနက်၊ ရေနံဆီခား၊ မျောတိုင်၊ မြစ်ကျောက်၊ ဂုန်နီအိတ်၊ မြေသယ်ခြင်း၊ မျှင်ဝါး၊ နီးသားဖျာ၊ သဲအိတ်များ ဆောင်ထားရန်တို့ကို မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ မီးသတ်၊ ကြက်ခြေနီ၊ ကျေးရွာနေလုပ်သားပြည်သူများအား လက်တွေ့သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**



ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၁၈)ရပ်ကွက်ရှိ စည်ပင်လမ်းမကြီးပေါ်၌ ညအချိန် ပြည်သူများ မီးအလင်းရရှိရေး အမှောင်ခို၍ ဆိုင်ကယ်ဖြင့် လုယက်မှုအန္တရာယ်ကင်းဝေးစေရေး စသည့်ရည်ရွယ်ချက်များကိုအခြေခံ၍ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် Myanmar Global Lighting Star Co-Ltd တို့က ဇွန် ၂၁ ရက်မှစ၍ လမ်းမီးတိုင်များ လိုက်လံတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

(၅၉၈)

## မြို့နယ်အဆင့် ကာယပညာဘာသာရပ် ဆွေးနွေးပို့ချမှု သင်တန်းဖွင့်လှစ်

**ဝါးခယ်မ ဇွန် ၂၃**

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူတိုင်း ကာယပညာကို တတ်ကျွမ်းနားလည်ပြီး ကျန်းမာရေးကို အထောက်အကူပြုရန်နှင့် သင်ကြားမှုတွင် ကျန်းမာပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်၍ မြို့နယ်အဆင့် ကာယပညာဘာသာရပ် ဆွေးနွေးပို့ချမှုသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အ. ထ. က (၁) ဒေါ်ပိုက်မိခန်းမ၌ ဇွန် ၂၂ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ ကာယပညာဘာသာရပ် ဆွေးနွေးပို့ချမှုသင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီးဦးအေးကြွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးကာ မြို့နယ်အတွင်း အလယ်တန်းနှင့် အထက်တန်းအဆင့် ကာယပညာဘာသာရပ်အား သင်ကြားပြသသော ဆရာ၊ ဆရာမ ၁၁၂ ဦး တက်ရောက်ခဲ့သည်။

ကာယပညာ၏အဓိပ္ပာယ်၊ သင်ကြားပြသရခြင်း ရည်ရွယ်ချက်၊ ကြီးထွားဖွံ့ဖြိုးတိုးတက်မှု၊ ထိခိုက်ကာကွယ်မှုအစီအစဉ်၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး လေ့ကျင့်ခန်း၊ စုပေါင်းကစားနည်းများ၊ ယှဉ်ပြိုင်ကစားနည်းများ၊ သီဆိုလှုပ်ရှားကစားခြင်း အစရှိသည်တို့ကို စာတွေ့၊ လက်တွေ့ သင်တန်းချိန်ရှစ်ချိန်ဖြင့် ဆရာ၊ ဆရာမ ၁၅ ဦးက ဦးဆောင်ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြော

**ထန်တလန် ဇွန် ၂၃**

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟော ပြောပွဲများကို ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ထန်တလန်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအမ်းအင်းလမ်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ရုံးဝန်ထမ်းများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေကာ ကျောင်းသား ကျောင်းသူများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထူးခြားသောခြင်္သေ့ရုပ်နှင့်အတူထင်ရှားသောစစ်ကိုင်းမြို့မှသားပန်ခြင်္သေ့သုံးဆယ်ဘုရား



**စစ်ကိုင်း ဇွန် ၂၃**

စစ်ကိုင်းမြို့သည်ထင်ရှားပြီး စေတီပုထိုးများစွာဖြင့် သာသနာတော်ထွန်းကားရာ သူတော်စင်တို့နယ်မြေပင်ဖြစ်သည်။

စစ်ကိုင်းတောင်ဗျိုင်းတောင်သို့ ဖွေးဆိုသော တင်စားချက်နှင့်အညီ တောင်ကုန်းတိုင်းတွင် စေတီပုထိုးများတည်ရှိနေပေသည်။ စေတီပုထိုးတစ်ဆူချင်းတွင် ထင်ရှားသော သမိုင်းများနှင့်ခိုင်မာစွာ တည်ရှိနေပေသည်။ ထိုစေတီများအနက် ထူးခြားသော ခြင်္သေ့ရုပ်တုနှင့်အတူ ဒေသခံများယုံကြည်ထားသည့် သားဆုပန်သည့်စေတီတစ်ဆူလည်းပါဝင်နေသည်။ထိုစေတီမှာ သားပန်ခြင်္သေ့သုံးဆယ်စေတီပင်ဖြစ်သည်။

သားပန်ခြင်္သေ့သုံးဆယ်စေတီမှာ ထူးခြားလှသည်။ စစ်ကိုင်းတော်ရိုးရှိ ရှင်ပင်နံကိုင်းဘုရား အနောက်ဘက်တွင်တည်ရှိပြီး ရှစ်ထောင့်ပုံတည်ထားသည့်အတွက် ရှစ်ထောင့်စေတီဟုလည်းခေါ်ကြသည်။ စေတီတော်ဆီရောက်ရန် အုတ်လှေကားဖြင့် တက်ရောက်ဖူးမြော်ရသည်။ စေတီတော်မှာ ထူးခြားသော ပုံသဏ္ဌာန်ဖြင့် တည်ထားသည်။ ပိုမိုထူးခြားသည်မှာ စေတီတော်ဖိနပ်တော်ရှစ်ထောင့်တွင် ကိုယ်နှစ်ခွခေါင်းတစ်လုံးပါ ခြင်္သေ့ရှစ်ကောင်နှင့်အတူ အထက်ပစ္စယံများတွင် ခြင်္သေ့ရုပ်များ ရံကာတည်ထားခြင်းပင်ဖြစ်သည်။ စေတီတော်တွင် ခြင်္သေ့ရုပ်တုများပြားပြီး အခြားစေတီများနှင့်ပုံစံကွဲလွဲနေခြင်းပင်ဖြစ်သည်။

စေတီတော်ကို ကျန်စစ်သားမင်း၏အမတ်ကြံသိုင်းက တည်ထားခဲ့သည်ဟုဆို ထားသည်။ စေတီတော်၏ထူးခြားချက်များထဲတွင် အနောက်မျက်နှာတွင်ရှိသော ခြင်္သေ့ရုပ်မှာလက်ဝဲလက်တွင် ကလေးငယ်တစ်ဦးကို ပွေ့ချီဟန်ခြင်္သေ့ရုပ် (တနည်းအားဖြင့်) သားပန်ခြင်္သေ့ရုပ်တုရှိနေခြင်းပင်ဖြစ်သည်။ ဒေသခံတို့၏ ယုံကြည်မှုတွင် သားသမီးမထွန်းကားသည့်ဇနီးမောင်နှံတို့ ဘုရားတွင် ဆွမ်း၊ ရေချမ်း ဆီမီးပူဇော်ဆုတောင်းပြီးသားဆုပန်ခြင်္သေ့ကို လင်ယောကျ်ားဖြစ်သူက ရေသွန်းလောင်းပေးရသည်။ ထိုသွန်းလောင်းသောရေကို ဇနီးဖြစ်သူက ခွက်ဖြင့်ခံကာ ယုံကြည်စွာ သောက်သုံးပါက သားသမီးထွန်းကားသည်ဟု ယုံကြည်ကြသည်။

စေတီတော်မှာ တောင်ကုန်းပေါ်တွင်တည်ထားသည့်အတွက် စစ်ကိုင်းတောင်တော်ပေါ်မှ အခြားစေတီပုထိုးများကို အပေါ်စီးမှကြည်ညိုဖွယ် ဖူးတွေ့နိုင်သလို ဧရာဝတီမြစ်အလှ ပတ်ဝန်းကျင် ရှုခင်းအလှများကို ခံစားရင်း စိတ်အေးချမ်းစွာဖူးမြော်နိုင်သောစေတီပင်ဖြစ်သည်။ အများစုသော သားသမီးမထွန်းကားသည့်ဇနီးမောင်နှံများ လာရောက်ဖူးမြော်ကြသည့်စေတီတစ်ဆူအဖြစ်ယနေ့တိုင်ထင်ရှားလျက်ရှိသည်။

**တိမ်တမန်**



## တောင်သူများအား မြေယာလျော်ကြေးပေးအပ်ပွဲ ကျင်းပ

**မကွေး ဇွန် ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး)လမ်း မကွေးမြို့နယ်အပိုင်းရှိ လမ်းဖောက်လုပ်ရာတွင်ပါဝင်သော လယ်မြေများအတွက် လယ်ယာမြေ လျော်ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက မကွေးမြို့ကုန်သည်ကြီးများအသင်းရုံးတွင်ပြုလုပ်သည်။

အခမ်းအနားတွင် မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်းတို့က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မကွေးခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး မြို့ပြ ဦးဇော်မိုးလွင်က မြေယာလျော်ကြေးပေးရမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

မကွေးမြို့နယ်လယ်ယာစီမံခန့်ခွဲမှုကော်မတီက ယာမြေတစ်ဧကတန်ဖိုးသတ်မှတ်ပြီး တောင်သူတစ်ဦးချင်းအလိုက်ပေးလျော်ရမည့် တန်ဖိုးစာရင်းကို ပြုစုတွက်ချက်ပြီး တောင်သူတစ်ဦးချင်းစီမှ သဘောတူလက်ခံကြောင်း အတည်ပြုချက်ရယူကာ ရန်ပုံငွေရရှိရေးစီစဉ်ဆောင်ရွက်ခဲ့ကြောင်း ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသောလယ်မြေများအတွက် မြေယာလျော်ကြေးပေးချေရန် ပြည်ထောင်စုရန်ပုံငွေ ၁၅၆ ဒသမ ၁၆ သန်း ခွဲဝေရရှိခဲ့သည်။ ခွဲဝေရရှိသော ရန်ပုံငွေနှင့် လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော ကျေးရွာအုပ်စု(၄)အုပ်စုဖြစ်သည့်ဖိုလေးလုံးကျေးရွာအုပ်စုမှ တောင်သူပေါင်း ၅၃ ဦး၊ ယာမြေဧက ၅၁ ဒသမ ၄၉ ဧက၊ ကျစ်စုံပွေးကျေးရွာအုပ်စုမှ တောင်သူပေါင်း ၁၀၇ ဦး၊ ယာမြေဧက ၈၈ ဒသမ ၃၆ ဧက၊ ဘုရားပြိုကျေးရွာမှ တောင်သူပေါင်း ၃၆ ဦး၊ ယာမြေဧက ၃၇ ဒသမ ၈၃ ဧက၊ ကန်ပြားကျေးရွာအုပ်စုမှ တောင်သူပေါင်း ၁၈ဦး၊ ယာမြေဧက ၁၇ ဒသမ ၅၂ ဧက စုစုပေါင်းယာမြေဧက ၁၉၅ ဒသမ ၂ဧက၊ တောင်သူပေါင်း ၂၂၄ ဦးကို တစ်ဧကရှစ်သိန်းနှုန်းဖြင့် ကျပ်သန်း ၁၅၆ ဒသမ ၁၆ သန်း ပေးလျော်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်သူများတက်ရောက်ခဲ့ကြောင်းသိရသည်။

**ညီညီမောင်(မကွေး)**

## သောက်သုံးရေသန့်ဖူလုံမှုရှိရေး စစ်ကိုင်းမြို့ပေါ်(၃)ရပ်ကွက်တွင် ဆောင်ရွက်ပေးလျက်ရှိ

**မုံရွာ ဇွန် ၂၃**

စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်(၃)ခုနေ ပြည်သူများသောက်သုံးရေသန့်ဖူလုံမှုရှိစေရန်အတွက် ဂျပန်နိုင်ငံမှ ချေးငွေ (ODA LOAN)ဖြင့် သောက်သုံးရေသန့်ရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

စစ်ကိုင်းမြို့သည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိသည့် မြို့ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်အများစုသို့ မြစ်အတွင်းမှ ရေကို တိုက်ရိုက်စုပ်ယူပြီးလည်းကောင်း၊ မြေအောက်ရေဖြင့်လည်းကောင်း ဖြန့်ဝေပေးလျက်ရှိရာ ယခုရေရရှိရေးအား ဂျပန်နိုင်ငံနှင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး ဧရာဝတီမြစ်အတွင်းမှ ရေကိုစုပ်ယူ၍ ရေသန့်စနစ်ပြောင်းပြီး ရေအခက်အခဲရှိခြင်း၊ လုံးဝရေမရရှိသေးသော မြို့ပေါ်ရပ်ကွက် သုံးခုသို့ ဖြန့်ဝေပေးသွားမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့က မြို့ပေါ်ရပ်ကွက် ၁၈ခုရှိပါတယ်။ အများစုက ဧရာဝတီမြစ်အတွင်းက ရေကိုစုပ်ယူပြီး ဖြန့်ဝေပေးတယ်။ တစ်ချို့ရပ်ကွက်တွေက မြေအောက်ရေနဲ့ ရေပေးတဲ့စနစ်နဲ့ အသုံးပြုပါတယ်။ နီလာရပ်ကွက်နဲ့ မြရတနာရပ်ကွက်က စစ်ကိုင်းစက်မှုဇုန်ရပ်ကွက်ကိုပို့တဲ့ ရေပိုက်ကခွဲပြီး သုံးရတော့ လုံလောက်မှု မရှိဘူး။ နောက်ဇေယျာကွက်သစ်က ရေလုံးဝမပေးနိုင်သေးတဲ့ရပ်ကွက်ပါ။ အဲဒီရပ်ကွက်သုံးခုကို သီးသန့်ပိုက်လိုင်းဆွဲပြီး အခုစီမံကိန်းက ဧရာဝတီမြစ်အတွင်းက ရေကိုစုပ်ယူ ရေသန့်စနစ်ပြောင်းပြီး ပေးမှာပါ။ ဒီစီမံကိန်းပြီးလို့ ရပ်ကွက်သုံးခုအတွက် လုံလောက်မယ်ဆိုရင် ပတ္တမြားရပ်ကွက်နဲ့ရွှေမင်းဝံရပ်ကွက်တို့ကိုလည်း ဆက်လက်ဖြန့်ဝေ ပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီရပ်ကွက် နှစ်ခုကိုထပ်ပြီး ရေဖြန့်ဝေပေးနိုင်ရင်တော့ စစ်ကိုင်းမြို့ကို သောက်သုံးရေလွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်ပြီးစီးပြီလို့ပြောလိုရပါပြီ။ အခုတည်ဆောက်ရေး လုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ အဲဒီရပ်ကွက်က ပြည်သူတွေ သောက်သုံးရေလိုချင်တယ်ဆိုရင် မြို့နယ်စည်ပင်သာယာရေးကော်မတီကို လျှောက်လွှာနဲ့လျှောက်ပြီး ရေမီတာစနစ်နဲ့အသုံးပြုရမှာပါ "ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့ပေါ်(၃)ရပ်ကွက်သို့ သောက်သုံးရေသန့် ဖြန့်ဝေပေးနိုင်ရေးအတွက် မေ ၁၁ ရက်မှ လုပ်ငန်းများစတင်လုပ်ဆောင်လျက်ရှိရာ ရေဖြန့်ဝေကန်များ၊ မြစ်အတွင်းမှ ရေများစုပ်ယူရန် ရေပေါ်စက်ရုံ၊ ရေသန့်စင်ကန်များဆောက်လုပ်ရန်အတွက် မြေကျင်းတူးခြင်းလုပ်ငန်းများ၊ ရေတင်ပိုက်လိုင်းတူးဖော်ခြင်း၊ ရေဖြန့်ဝေရေး ပိုက်လိုင်းတူးဖော်ခြင်းလုပ်ငန်းများလုပ်ဆောင်လျက်ရှိကြောင်း၊ ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ ဝယ်ယူစုဆောင်းပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများကို ငွေကျပ် ၆၉၃ သန်းဖြင့် အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းဖွင့်လှစ်

**ပဲခူး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး သင်တန်းခန်းမ၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှကြီးမှူး၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က သဘာဝဘေးအန္တရာယ်ကို မတားဆီးနိုင်သော်လည်း ဖြစ်လာရင်ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ လျော့နည်းအောင်၊ လူအသေအပျောက်နည်းပါးအောင်၊ အိုးအိမ်အဆောက်အအုံနှင့် လူမှုစီးပွားလုပ်ငန်းများအပျက်အစီးနည်းပါးအောင် ဆောင်ရွက်သည့် တစ်ခုတည်းသော နည်းလမ်းသည် ကြိုတင်ပြင်ဆင်မှုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းအား ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပြီး ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ညောင်လေးပင်မြို့နယ်တို့မှ သင်တန်းသား ၃၀ တက်ရောက်ကြောင်းသိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကာကွယ်ရေးလိုက်လံစစ်ဆေး

**လယ်ဝေး ဇွန် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်မီးသတ်ဦးစီးဌာနမှလယ်ဝေးမြို့ရှောင် လမ်းဘေးဝဲယာရှိ စက်သုံးဆီအရောင်းဆိုင်များအား ဇွန် ၂၀ နံနက် ၉ နာရီတွင် မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါမီးဘေးကြိုတင်ကာကွယ်တားဆီး စစ်ဆေးခြင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးဇေယျာဝေနှင့်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေး DCP မီးသတ်ဆေးဘူးများထားရှိရေးနှင့် အသင့်ရှိထားသော DCP မီးသတ်ဆေးဘူးအသုံးပြုနည်းများအား စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ပြီး အရေးပေါ်အခြေအနေကြုံကြိုက်လာပါက အချိန်နှင့်တစ်ပြေးညီ မြို့နယ်မီးသတ်ဦးစီးဌာနသို့ သတင်းပေးပို့ရန်နှင့် မီးသတ်ဦးစီးဌာနအနေဖြင့်လည်း စက်အသင့်၊ ယာဉ်အသင့်၊ လူအသင့်၊ သင့်လေးသင့်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဦးစီးမှူးဦးမျိုးဇေယျာဝေကပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**











သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## JOB INTERVIEW TRAINING

အလုပ်အင်တာဗျူးအတွက် အဆင်သင့်ဖြစ်ပြီလား?



- English for Job Interview
- Writing Effective CV and Cover Letter
- Coaching Interview Skills
- Personality Development
- Real-life Practice with HR Personnel

Who can join Us?

အလုပ်အကိုင် ရရှိနိုင်မည့် အခွင့်အရေး

ဂူလိုင်လဆန်းစမည်

DYNAMIC

ဖုန်း-09 2524 25001, 09 788 474 100

---

**သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသင်းသားများခင်ဗျား**

၂၀၁၆ခုနှစ်အတွက် နှစ်စဉ်ကြေးအလှူငွေများကို သက်ဆိုင်ရာတိုက် အလိုက် အသင်းအမှုဆောင်များထံတွင် ပါဝင်ထည့်ဝင်ခြင်းဖြင့် ကုသိုလ်ယူ နိုင်ကြပါကြောင်း နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့(ယာယီ)**

---

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဆရာ**ဦးနိုင်လင်း**၏ ၂၄-၆-၂၀၁၆ရက်တွင် ကျရောက်သည့် (၄၉)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘာသာ၊ သာသနာ၊ လူမှုရေးအကျိုးပြုလုပ်ငန်းများကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**7 Star မိသားစု(ကလော)**

---

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သရက်ကုန်း အထက်တန်းကျောင်း၊ အဌမတန်းမှ မောင်ထွန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးအုန်းမြင့်[၇/ကဝန(နိုင်)၀၄၉၄၀၇]ဖြစ်ပါကြောင်း။ **ဦးအုန်းမြင့်**

---

## ပါဝင်လှူဒါန်းနိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင် သိပ္ပါလယ အင်ကြင်းကုန်းတောရ တရားရိပ်သာကို မည်သည့်နည်းနှင့်မဆို ရာသက်ပန်တရားအား ထုတ်လိုသော ရဟန်းရှင်လူ သူတော်စင်များအတွက် တည်ဆောက်နေပြီဖြစ်ပါသောကြောင့် အောက်ပါအလှူများကို လှူဒါန်းနိုင်ပါပြီ။

၁။ စုပေါင်းတရားထိုင်ရန် သိပ္ပါလယ ဓမ္မသာလာဓမ္မာရုံ ပေ(၁၀၀×၅၀)
နံရံတစ်ခန်း-(၉)သိန်း၊ မျက်နှာကြက်-(၁၀)သိန်း၊
တိုင်(၁)လုံး-(၈)သိန်း၊ ဝရန်တာ-(၅)သိန်း၊ လှေကား (၁၅)သိန်း
၂။ သံဃာတော်များကျောင်းဆောင် ပေ(၅၀×၅၀) သိန်း(၁၀၀)
ရေချိုးခန်း၊ ကုဋီအပါအဝင်
၃။ ယောဂီအမျိုးသား/သမီး(၈)ယောက်ဆောင် ပေ(၁၀၀×၁၃) သိန်း(၁၀၀)
ရေချိုးခန်း၊ အိမ်သာအပါအဝင်
၄။ ယောဂီ အမျိုးသား/သမီး(၁)ယောက်ဆောင် ပေ(၁၅×၁၃) သိန်း(၃၀)
ရေချိုးခန်း၊ အိမ်သာအပါအဝင်
၅။ ရေကန်သေး - ၇၅၀၀၀ဝိ/-(ခုနစ်သိန်းငါးသောင်း)
၆။ မဟာရံအုတ်တံတိုင်း - ၈၀၀၀ဝိ/-(ရှစ်သောင်း)
၇။ အလင်းမီးတိုင် - ၈၀၀၀ဝိ/-(ရှစ်သောင်း)
ဆွမ်းစားဆောင် ပေ(၈၀×၄၀) စုပေါင်းအလှူ
နံရံ(၁)ခန်း (၅)သိန်း၊ တိုင်(၁)လုံး (၅)သိန်း၊ မျက်နှာကြက်(၅)သိန်း
ဆေးရုံ ပေ (၅၀×၃၀) သိန်း(၃၀၀)
ပိဋကတ်တိုက် ပေ(၃၀×၃၀) သိန်း(၂၀၀)

**ဆက်သွယ်လှူဒါန်းလိုပါလျှင်**

**ဘဒ္ဒန္တဣန္ဒောဘာသာ (Eindobatha, Thipalaya. Monastery)**

**သိပ္ပါလယပရိယတ္တိစာသင်တိုက်နှင့်တောရရိပ်သာ**

**အမှတ်(၁၄/၂)ရပ်ကွက်၊ ဟသ်ာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၂၅၄၀၆၈၁၉၄၊ ၀၉-၃၂၀၃၈၉၆၈**

---

Deco RAIN
Decoration & Design Works

Decoration နှင့်ပတ်သက်သောလုပ်ငန်းများအား
3D Max အထူးDesign သီးသန့်ရေးဆွဲပေးခြင်း၊
ရေမီး၊ဆေး၊ကြမ်းခင်း၊ကြေပြား၊အလှမီနီယံ၊မှန်နှင့်
composite အလှဆင်ခြင်းလုပ်ငန်းများအားလုံး
လက်ခံဆောင်ရွက်ပေးနေပါသည်။

အခမဲ့ဝန်ဆောင်မှု
- အိမ်တိုင်ရာရောက် လိုက်လံတိုင်းတာပေးခြင်း
- ကုန်ကျစရိတ် တွက်ချက်ပေးခြင်း
- 2D Layout Plan ရေးဆွဲပေးခြင်း

အမှတ်(၅)၊ မဂ္ဂင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊
09-33993377
09-73299955
01-9190520
decoraindecoration@gmail.com

---

ဘာသာပြန်ဝါသနာရှင်များအတွက် ဆောင်ရန် ရှောင်ရန်နှင့် ရောက်တတ်ရာရာ မှတ်စုများ

ဦးသန်းဖေ (ညှော်လမ်းညွှန်)

အင်္ဂလိပ်ဘာသာ သိစရာ မှတ်စရာ -၂

လောကသစ်စာပေ ၂၅၁၃၅၉၊ ၄၀၁၃၈၇

ထွက်ပြီ

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ မပပ[၇/ဖမန(နိုင်)၁၁၉၃၇၆]၏ နိုင်ငံကူးလက်မှတ် (No.မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။
Ph: 09-971034661

---

သီလဝါအထူးစီးပွားရေးဇုန်တွင် အလုပ်ရှာဖွေနေသောသူများအတွက် အလုပ်အခွင့်အလမ်းဆက်သွယ်ဆိုက်များ

THILAWA JOB

www.thilawajob.com

---

PANDA Engineering Group
Since 1999

- လေအေးပေးစက်များ Dealerဈေးနှုန်းအတိုင်း ရောင်းချခြင်း၊
- Second-Hand Air-Con များရောင်းချခြင်း၊
- Boiler, ရေချိုးခန်းသုံး showerများ ရောင်းချ ပြုပြင်၊ တပ်ဆင် ဆေးကြောခြင်းများကို အိမ်အရောက် ဝန်ဆောင်ပေးပါသည်။
- ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊အဝတ်အခြောက်ခံစက်များ တပ်ဆင်၊ ပြုပြင်၊ ဆေးကြော ပေးပါသည်။

09 515 8803, 09 732 29024, 09 519 8402, 09 253 833810
အမှတ် ၁၃၀၊ မြေညီ၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

---

ထာဝရ ဝိန်းဝိန်း အဆင့်မြင့် စိန်ရတနာရွှေဆိုင်



ရန်ကုန်မြို့မှာ (၂၅.၆.၂၀၁၆) တွင် စတင်ဖွင့်လှစ်မည့်
ထာဝရ ဝိန်းဝိန်း ဆိုင်သစ်ဖွင့်ပွဲ အမှတ်တရ အနေနဲ့
ဝယ်ယူအားပေးကြတဲ့ ဖောက်သည်များကို
Toyota Corolla 2012 ကား ၄ စီး၊
မေတ္တာတုံ့ပြန်ပေးမယ့် အစီအစဉ်ရှိပါတယ်။

ဒါ့အပြင် တစ်သက်သာခံစားခွင့်ရှိတဲ့ ရွှေရောင်အခွင့်အရေးကတ် များနှင့်
ရွှေဝယ်ခွင့် coupon များကိုပါ ပေးအပ်သွားမှာဖြစ်လို့
ဝိန်းဝိန်း အဆင့်မြင့်စိန်ရတနာရွှေဆိုင်ကြီးမှာ လာရောက်အားပေးဖို့
ဖိတ်ခေါ်လိုက်ပါတယ်။



ရန်ကုန်ဆိုင်ခွဲ ● အမှတ်(၇၅၅)၊ မဟာဗန္ဓုလလမ်း၊ ၁၅လမ်းနှင့်၁၆လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၄၀၀၀၀၇၄၄၊ ၀၉ ၄၄၀၀၀၀၇၅၅
ဆိုင်(၁) ● အမှတ် (၉၁)၊ ၈၄လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၀၄၂၇
ဆိုင်(၂) ● အမှတ် (၆၃)၊ ၂၈လမ်းနှင့် ၈၄လမ်းဒေါင့်၊ ရုံတော်ကြီး၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၄၆၅
ဆိုင်(၃) ● အမှတ် (၁၉၇)၊ ၂၉လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၆၀၀၇

---


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
သောကြာနေ့မှာ ငွေဖြည့်လို့
Free Data သုံးကြစို့
HAPPY
FRIDAY
၁၀၀၀ ကျပ်
20 MB
FREE
၃၀၀၀ ကျပ်
80 MB
FREE
၅၀၀၀ ကျပ်
150 MB
FREE
၁၀၀၀၀ ကျပ်
400 MB
FREE
၂၀၀၀၀ ကျပ်
800 MB
FREE
၃၀၀၀၀ ကျပ်
1200 MB
FREE
• Happy Friday အစီအစဉ်၏ အပိုဆုFree Data များကို သောကြာနေ့တိုင်းတွင် ငွေဖြည့်ပြီး ရယူနိုင်ပါသည်။
• MPT ၏ ဆွေသဟာအစီအစဉ် ရယူထားသော (GSM နှင့် WCDMA) မိုဘိုင်းဖုန်းများဖြင့် ငွေဖြည့်ပြီး ရယူနိုင်ပါသည်။
• ပုံမှန်Top Up Card ဖြင့်ငွေဖြည့်ခြင်းအပြင်၊ E Top Up အသုံးပြုသူများလည်း Free Data ရရှိနိုင်ပါသည်။
• အပိုဆုFree Data များကို သောကြာနေ့ ငွေဖြည့်ချိန်မှစပြီး တနင်္ဂနွေနေ့ ည (၁၂)နာရီ အထိ၊ (၃)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
• MPT SIM Card အသစ် သုံးစွဲသူများသည် SIM Card ကို ဦးစွာ Activate ပြုလုပ်ပြီး ငွေဖြည့်မှသာ Free Data များရရှိအသုံးပြုနိုင်ပါမည်။
(*124# ကိုရိုက်နှိပ်ခေါ်ဆိုခြင်း သို့မဟုတ် "ဖုန်းခေါ်ဆိုမှုတစ်ခု" ပြုလုပ်ခြင်းဖြင့် SIM ကဒ်ကို Activate ပြုလုပ်နိုင်ပါသည်။)
*၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစပြီး လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် (၅%) ထပ်ဆောင်း ကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
LINE
MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊
CALL CENTER 106
(၂၄)နာရီအခမဲ့
ဆက်သွယ်မေးမြန်းနိုင်ပါသည်၊

# MTG

ပဉ္စမအကြိမ်မြောက် မြန်မာ့အပြည်ပြည်ဆိုင်ရာ
ချည်မျှင်နှင့်အထည်အလိပ်ဆိုင်ရာ
စက်ပစ္စည်းပြပွဲကြီး

၂၄.၆.၂၀၁၆ မှ ၂၆.၆.၂၀၁၆ နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၃၀ ထိ
၂၇.၆.၂၀၁၆ နံနက် ၁၀း၀၀နာရီမှ ညနေ ၂း၀၀ ထိ
ရှင်စောပုလမ်း ၊ ရန်ကုန်မြို့ ။
Shin Saw Pu Rd., Yangon, Myanmar

www.myanmar-expo.com/MTG

နိုင်ငံပေါင်း ၂၀ကျော်မှလာရောက်ပြသသော
နိုင်ငံတကာသုံး ပစ္စည်းအမျိုးအစားပေါင်း
၃၀၀ကျော်ကိုလာရောက်လေ့လာနိုင်ပါသည်။





နိုင်ငံတကာမှ ၇၅% သော
စီးပွားရေးလုပ်ငန်းရှင်အသစ်များနှင့်
တွေ့ဆုံပြီး လုကြီးမင်းတို့၏ စီးပွားရေး
အခွင့်အလမ်းများကိုရယူလိုက်ပါ။

PASS ပြပွဲအတွင်းသို့လွယ်ကူစွာ ဝင်ရောက်လေ့လာနိုင်ခြင်း
အခမဲ့ လက်ဆောင်ပစ္စည်းများ စီစဉ်ထားခြင်း
ပြပွဲလမ်းညွှန်စာအုပ်များ စီစဉ်ထားခြင်း

myokyiphyutun25@gmail.com
01-9010753
01-9010754

**Organizer** Yorkers Trade & Marketing Service Co., Ltd.
**Co-Organizer** Myanmar Garment Manufacturers Association (MGMA)
**Official Supporter** The Republic of Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I.)
**Event Management** Chan Chao International Co., Ltd.



# ROBINSON Business School

*Education for Business Leaders*



**100% Myanmar Matriculation Scholarships for High School Graduates!**

*Official University Partners*
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND
VICTORIA UNIVERSITY THE SCHOOL OF MANAGEMENT

**DUAL Bachelors BBA / BIM**
Bachelor of Business Administration
Bachelor of International Management

**Yangon Campus:** 206-E, Level-2, La Pyayt Wun Plaza, Dagon Township, Yangon **Nay Pyi Taw Campus:** No. 59, Tharaphy Street, Tha Pyay Gone Quarter, Zabu Thiri Township, Nay Pyi Taw
**Call us:** 09 43196211(YGN)/ 09 4200 53536(YGN)/ 09 4544 33711(NPT) Robinson Business School enquiry@rbsmm.com www.rbsmm.com



# STRONG COMPANY LIMITED

STRONG STEEL STRUCTURE
SINCE 1998
RAISE YOUR LIVING STANDARD WITH STRONG STEEL ROOFING PRODUCTS

1st IN Myanmar
**370 PU WALLING SHEET**

50mm & 35mm Arch Height with Poly Urethane (PU) Sandwich Panel Alu-Zinc Color Roofing Sheet

Five Angles with PU

European Design with PU

Crown Design with PU

**ကာလာ အလူဇင့်အပူခံ အမိုး၊ အကာ၊ မျက်နှာကျက် သွပ်ပြားတို့၏အားသာချက်များ**
- Insulation PU ၏အကောင်းဆုံး အာနိသင်မှာ ပြင်းထန်သောအပူချိန်ကို လျော့နည်းသွားအောင် ထိန်းယူပေးနိုင်စွမ်း (Heat Resistance) မြင့်မားခြင်း
- အသံလုံ (Sound Proof) အာနိသင် ထိရောက်ကောင်းမွန်ခြင်း
- သိပ်သည်းမှု (Density) မြင့်မားခြင်း
- တပ်ဆင်ရန် လွယ်ကူပေါ့ပါး လျင်မြန်ခြင်း
- တောင့်တင်းခိုင်မာခြင်း၊ ရေရှည်ခိုင်ခံ့လှပ တင့်တယ်ခြင်း



**STRONG MANUFACTURING CO., LTD.**
**Head Office & Factory** - No. 83/84, Pyin Si Min Thar Gyi St., Hlaing Thar Yar Industrial Zone (4), Hlaing Thar Yar Tsp, Yangon.
☎: 01-685160, 685161, 685323, 09-422 540 156, 09-421 108 773
**Showroom & Sale Center**
**(1) Yangon** (Saw Bwar Gyi Gone) - ☎ : 01-644266, 642783
**(2) Mandalay** - ☎ : 02-23506, 09 91 051333, 09 421164606
**(3) Taunggyi** - ☎ : 09 50 46551
E-mail : strongsteel@myanmar.com.mm
Website : http://www.strongsteelproduct.com
**Hotline: 01-685720, 685721**

**GOLDEN STAR** ခရီးသွားလုပ်ငန်း
- တောင်ကြီး–အင်းလေး–ပင်းတယ–တကွ | June-24
- ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင် | ကားစီးလုံးငှားသည်။

Ph: 209200, 544383, 430480, 09-5081580

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

GEM Travel & Tours
ရန်ကုန်-ဗီယက်နမ်
USD460 14% Off
၃ညှ၄ရက် စရိတ်ငြိမ်း
095148458,09785148458

Outbound Liscensed Number ( PhaKha-0183 )
ပြည်ပခရီးသွားဝန်ဆောင်မှုလုပ်ငန်း
AKM Tours
ဇူလိုင်မိုးရာသီပိတ်ရက်များအတွက်အထူးခရီးစဉ်များ

| | | | |
|---|---|---|---|
| Bangkok | 4Day | 16-19.July | USD-500 |
| Singapore | 4Day | 16-19.July | USD-795 |

*June 25* မတိုင်မီစာရင်းပေးသွင်းသူများအား ခရီးစဉ်တိုင်းအတွက် *US$20 Opening Discount* ပေးသွားမည်ဖြစ်ပါသည်
အမှတ်( ၁၆ ) ၊ အခန်း( C-2 ) ပထမထပ် ၊ အရိယမဂ္ဂင်လမ်း ၊(၀၄)ရပ်ကွက် ၊ ရန်ကင်း
Tel - 09-264500047 ၊ 09-264500087

မြို့လယ် | အင်တာနက်ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ် | သုဝဏ္ဏ
**ဂုဏ်ထူး၊ဦး၊အောင်ခိုင်**
English Speaking ( အင်္ဂလိပ် စကားပြော )
ဒေါ် စန္ဒာ အောင် ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
၂၅၂ ပန်းဆိုးတန်း 01 252 919, 09 4550 17955 | A-2 (တက်လမ်း) သံသုမာလမ်း 09 798 443320

အိမ်ရာ၊အိမ်သုံးပစ္စည်းများနှင့် လူသုံးကုန်များအား အထူးဈေးနှုန်းများဖြင့် ပြသရောင်းချမည့်ပြပွဲကြီး
**HOUSING,LIVING & LIFESTYLE EXPO**
၄.၈.၁၆ မှ ၇.၈.၁၆ ပြခန်းစုံစမ်းရန် SMART GROUP Ph:01-656875, 667473, 09-73014777 တပ်မတော်ခန်းမ၊ရန်ကုန်မြို့

မြန်မာ့လက်ဖက်ရည်ရသာစစ်
Royal®
Myanmar Teamix




မြန်မာတို့ရဲ့ညှော့ဝတ်ကျွေးမွှန်မှုအတွက်
ဂုဏ်ယူစရာ ရှိုင်ရယ်မြန်မာ...
www.facebook.com/RoyalMyanmarTea

**ဖခင်အမည်မှန်**
အထက(၂)၊ လှိုင်သာယာ တက္ကသိုလ်ဝင်တန်း(F)မှ မအိဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွဋ်[၁၂/တတန(နိုင်)၀၀၁၁၂၄]ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
အထက(၂)၊ လှိုင်သာယာ တက္ကသိုလ်ဝင်တန်း(K)မှ မောင်ဇေယျာဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဇော်ဝင်း[၁၂/လမန(နိုင်)၁၂၀၁၉၀]ဖြစ်ပါသည်။

**EASY DRIVE**
- မြို့တွင်းကားမောင်း အမြန်ရက်တို အတတ်သင်ပေးသည်။
- ကားမောင်းသင်ထားပြီး မြို့တွင်းကား မမောင်းရဲသူများကိုလည်း ပြန်လည် လေ့ကျင့်သင်ကြားပေးသည်။

**ဆက်သွယ်ရန်ဖုန်း 09-264807699**

selfie (ဆယ်လ်ဖီ) ရိုက်ရင်ပိုလှစေတဲ့မိတ်ကပ်
virosava® Brightening BB Balm




Apple Production Co., Ltd
Ph : 09 86 18081, 09 49 316408

• Diesel Forklift
• Battery Forklift
2 Tons to 25 Tons
ရောင်းရန်/ငှားရန်ရှိသည်



5 KVA to 2815 KVA
Gensets
Aung Thein Than Co.,Ltd
Hot Line: 09799688777
ဆက်သွယ်ရန် - ဗိုမိုးနင်းလမ်းနှင့် ရန်ကုန် - ပုသိမ်လမ်းဒေါင့်၊လှိုင်သာယာမြို့နယ်။
Tel: 095004831,09 73100850, 09 73100851,01 527203, 02 76469,067 27029
www.aungtheinthanmyanmar.com
Showe Room -Building:F/S(2) ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။
Tel: 01 530893, 536493, 526186, 525671

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့
"မုံရွာဆရာမိုး" အမှတ်တံဆိပ်



ကျောက်တစ်လုံးဝမ်းမှန်ဆေး

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ စစ်တွေမြို့တွင်းလေ့လာ



**စစ်တွေ ဇွန် ၂၃**

ရခိုင်ပြည်နယ်သို့ရောက်ရှိနေသော မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ယနေ့နံနက် ၈ နာရီခွဲက စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ရခိုင်တိုင်းရင်းသားကယ်ဆယ်ရေးစခန်းသို့ သွားရောက်လေ့လာသည်။

အဆိုပါကယ်ဆယ်ရေးစခန်းတွင် ဒေသခံရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံမေးမြန်းရာ ဒေသခံများက ကျန်းမာရေး၊ ပညာရေးနှင့် အခြားလိုအပ်ချက်များကို တင်ပြကြသည်။ ယင်းနောက် ကယ်ဆယ်ရေးစခန်းအတွင်း ကြည့်ရှုလေ့လာကြသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် အောင်မင်္ဂလာရပ်ကွက်ရှိ မဒ္ဒရာဆာ အိစ္စလာမ်ယာ စာသင်ကျောင်း၌ မွတ်စလင်လူမှုအသိုင်းအဝိုင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဆက်လက်၍ ၎င်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းသို့သွားရောက်ပြီး ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် စစ်တွေဟိုတယ်တွင် နံနက် ၁၀ နာရီ မိနစ် ၄၀ က ဒေသခံရခိုင်တိုင်းရင်းသားများနှင့်လည်းကောင်း၊ ဆက်လက်၍ ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ညနေပိုင်းတွင် စစ်တွေမြို့ရှိ UNDP ရုံးသို့ သွားရောက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး ညနေ ၆ နာရီခွဲတွင် စစ်တွေလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ည ၇ နာရီ ၂၅ မိနစ်တွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၅ တွင် အသင်းကြီးများထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၃**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ ချန်ပီယံအသင်းထွက်ပေါ်လုဖြစ်နေသော်လည်း အခြားအသင်းများ၏ ရမှတ်များကြောင့် စိတ်ဝင်စားစရာကောင်းနေဆဲဖြစ်သည်။ ယခုတစ်ပတ်တွင် ထိပ်ဆုံးမှ ရတနာပုံအသင်းအမှတ်ထပ်ဖြတ်နိုင်မလား၊ နည်းပြအပြောင်းအလဲလုပ်ထားသည့် ရန်ကုန်အသင်းရှုံးပွဲဆက်မှု ရပ်တန့်နိုင်မလား၊ ဒုတိယအကျော့တွင် သုံးပွဲဆက်အနိုင်ရထားသည့် ရှမ်းနှင့် ဇေယျာရွှေမြေတို့ ထပ်မံနိုင်ပွဲဆက်မလားဆိုသည့် အချက်များကြောင့် စိတ်ဝင်စားစရာကောင်းနေသည်။

ပွဲစဉ် ၁၅ အဖြစ် ဇွန် ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် Horizon အသင်း၊ ဇွန် ၂၆ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်း၊ YUSC ကွင်း၌ လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



ဇေယျာရွှေမြေနှင့် ရှမ်းယူနိုက်တက်တို့ ပထမအကျော့တွေ့ဆုံခဲ့စဉ်။

# ပျိုးထောင်ချိန်ရေကြီးမှုကြောင့် ကောလင်းမြို့နှင့် ဝန်းသိုမြို့တို့ရှိ မျိုးစပါးစိုက်ခင်းများ ပျက်စီး

**ကောလင်း ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဇွန်လဒုတိယပတ်က ရေကြီးခဲ့သောကြောင့် မျိုးစပါးများပျက်စီးခဲ့ကြောင်း ဒေသခံတောင်သူများ၏ပြောကြားချက်အရသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နှင့် ဝန်းသိုမြို့တို့တွင် ရေကြီးခဲ့သောကြောင့် တောင်သူ ၅၀၀ ခန့်၏ မျိုးစပါးများ ပျက်စီးခဲ့ပြီး လက်ပံကွေ့၊ ကျွန်းလှကုန်း၊ ခွင်နောင်း၊ အနောက်ကြာအင်း၊ အုန်းခြစ်ခွံ၊ ဇီးယိုပင်၊ သရက်အိုက်၊ သိမ်လည်၊ ပေကုန်း စသည့်ကျေးရွာများပါဝင်သည်ဟု သိရသည်။

“ပျိုးထောင်တဲ့အချိန်ဆိုတော့ အားလုံးပျိုးတွေ စိမ်ထားကြတာ။ တချို့ကလည်း ကြဲထားပြီးပြီ။ တစ်နယ်လုံးပျက်သလိုဖြစ်တာ။ မျိုးစပါးကလည်း စိုက်နေကျစပါးမှ စိုက်လို့ရတာဆိုတော့ အခက်အခဲဖြစ်နေတယ်။ ဝယ်စရာနေရာမရှိဘူး” ဟု မျိုးစပါးများပျက်စီးခဲ့ရသည့် ကောလင်းမြို့နယ်မှ တောင်သူ ဦးတင်ရွှေက ပြောသည်။

မျိုးစပါးတစ်တင်းလျှင် ကျပ် ၇၅၀ နှုန်းဖြင့် အရပ်ဘက်အဖွဲ့အစည်းအချို့က ကူညီပေးနေသော်လည်း မျိုးစပါးပေါက်ဈေးမှာ ကျပ် ၁၀၀၀၀ ဝန်းကျင်ထိရှိသည်ဟု ဒေသခံများကပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၏ ရေကြီးမှုဖြစ်စဉ်ကြောင့် လူနှစ်ဦးသေဆုံးခဲ့သည်။ **ကေဇူး**(AMIA)

